
www.burmeseclassic.com




# စောမြည်ချမ်းသာ

## အချစ်ဆုံးလူတစ်ယောက်

Digital Art: WaiYan

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## စောပြည့်ချမ်းသာ

# အချစ်ဆုံးလူတစ်ယောက်

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၃၅၀၆၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၂၇၀၆၀၉
မျက်နှာဖုံးပန်းချီ ဒွန်း
ဒီဇိုင်း **Wai Yan**
ထုတ်ဝေခြင်း ပထမအကြိမ်
၂၀၀၇ ခု၊ ဖေဖော်ဝါရီလ
တန်ဖိုး (၂၀၀)ကျပ်
စာအုပ်ရေ (၅၀၀)အုပ်
ထုတ်ဝေသူ ဒေါ်စိန်လှလှသန်းရင်(၃၆၆၀)
စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀)
(၁၅၂) ကျွန်းရွှေမြိုင်လမ်း၊
စပေါင်းအိမ်ယာရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၄၉၂၇၀

## – တစ် –

တရားရုံးတော်ကြီးရှေ့၌ တရားခံဖမ်းလာသော ရဲကျစ်ကား တစ်စီးသည် ထိုးရပ်သွား၏။ တကယ်တော့ တရားခံဖမ်းလာခြင်း ထက် တရားခံက ရဲစခန်းတွင်သွားရောက်ကာ အဖမ်းခံခြင်းပါ။

မှန်သည်။

တရားခံသည် ငြိမ်းဆိုသော မိန်းမသားတစ်ဦးပါ။ ရုံးတော် ရှေ့ ရဲကားရပ်သွားသည်နှင့်တစ်ပြိုင်တည်း ကားပေါ်မှ ရဲသား



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဆင်းလာသည်။ ပြီးတော့ ကားပေါ်မှ ငြိမ်းဆင်းလိုက်၏။ ကားပေါ်မှ ဆင်းလိုက်သည်နှင့်ပင် ရုံးတော်ရှေ့၌ များပြားလှသော လူတွေကို ငြိမ်းမြင်တွေ့ရသည်။

ငြိမ်းသဘောပေါက်ပါသည်။ ငြိမ်း ကျူးလွန်ခဲ့သော အမှုကို စိတ်ဝင်စားကြသူတွေ၊ တရားခံကို တွေ့ချင် မြင်ချင်ကြသူတွေ၊ ငြိမ်း ဖွင့်ဆိုမည့်ဖြောင့်ချက်အား စိတ်ဝင်တစား ရုံးတော်၌ လာရောက် နားထောင်ကြသူတွေရယ် မဟုတ်ပါလား။

"တရားခံဆိုတာ ဒါလား. . ."

"ဟုတ်တယ်၊ ဟိုမှာ လက်ထိပ်ခတ်ထားတာ မတွေ့ဘူးလား. . ."

"အို. ရက်ရက်စက်စက်လှတဲ့ မိန်းကလေးပါလား"

"ဟုတ်ပါရဲ့၊ ဒီလိုမိန်းကလေးဟာ လူသတ်တရားခံဆိုတာ ဟုတ်နိုင်ပါ့မလား၊ ဖြစ်နိုင်ပါ့မလား. . ."

"ကြည့်စမ်း၊ သူရဲ့နဖတ်နေတဲ့ လက်ကလေးတွေနဲ့





လက်ထိပ်ကြီးက ဘယ်လိုမှ မအပ်စပ်လိုက်တာ. . ."

ဝိုင်းဝန်းကြည့်နေကြသူ ပရိသတ်တွေကြားထဲမှ စကားသံတို့ တိုးသဲ့သဲ့လေးတွေကို ငြိမ်း ကြားလိုက်ရသည်။

ငြိမ်းကိုမြင်သည်တွင် ပရိသတ်များသည် ဝုန်းရုန်း မထသွားကြသော်လည်း လှုပ်လှုပ်ကလေးတွေတော့ ရှိသွားကြပါချေ၏။ စိတ်ဝင်စားလွန်းသော မျက်ဝန်းတွေနှင့် အားလုံးက ငြိမ်းကို ကြည့်နေကြသည်။ ပရိတ်သတ်တို့ကို ငြိမ်း မတွန့်ပါ၊ မရွံ့ပါ။

ငြိမ်း အားလုံးကို ရင်ဆိုင်ရဲပြီပဲ၊ ကျေနပ်မဆုံးသောစိတ်က ငြိမ်းတွင် အပြည့်အဝရှိနေပြီပဲ။ ပရိသတ်များထံ တည်ငြိမ်သော မျက်ဝန်းအစုံဖြင့် တစ်ချက်မျှ ငြိမ်း ငဲ့ကြည့်လိုက်သည်။

ရဲမေနှစ်ဦးက ငြိမ်းလက်မောင်းတစ်ဘက်စီကို ကိုင်ပြီး ရုံးတော်ကဲသို့ ငြိမ်း ဝင်ရောက်ခဲ့ပါပြီ။ ပရိသတ်အပေါင်းလည်း နေရာဦးကြအောဟန် ခြေသံတွေ ရွေ့လျားသံတွေမှာ ဆူညံသလောက် ပေါ်ထွက်နေရချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာ၊ အနီးကပ်ကြည့်မှ တော်တော့်ကိုလှမှန်း ပို့သိတယ် . . ."

"အေးဟယ် ကြွေရုပ်ကလေးအတိုင်းပဲ . . ."

"ဒါ လူသတ်တရားခံတဲ့ . . ."

"မယုံနိုင်စရာပဲနော် . . ."

ငြိမ်း နေရာယူရ မည့် ဝက်ခြံတွင်းသို့ မရောက်မချင်း စကားသံတွေကို ငြိမ်း ကြားနေရပါ၏။ ဝက်ခြံလေးထဲသို့ ငြိမ်း ရောက်ပြီ။ မကြာလိုက်ပါ။

တရားသူကြီးသည်လည်း တရားခွင်ထဲ ရောက်လာပါပြီ။ လူတစ်ယောက်ကဆိုသဖြင့် အားလုံးက တရားသူကြီးအား ရိုသေကြိုဆိုမှုဖြင့် ထရပ်လိုက်ကြ၏၊ သို့နောက် နေရာအသီးသီးတွင် ပြန်ထိုင်လိုက်ကြသည်၊

"အဟမ်း . . ."

တရားသူကြီး၏ ချောင်းဟန့်သံဖြစ်မည်၊ ငြိမ်းသည်





မျက်လွှာလေးအားပင့်တင်ကာ လှမ်းကြည့်လိုက်၏။ တရားခွင်သည် တိတ်ဆိတ်နေ၏။

အားလုံးက စိတ်ဝင်တစားရှိနေကြဟန်ပါ။ တရားသူကြီးထံမှသော်လည်းကောင်း၊ ငြိမ်းထံမှသော်လည်းကောင်း စပြောလာမည့် စကားများအား စိတ်ဝင်တစား လာရောက်နားထောင်သူ ပရိသတ်အပေါင်းသည် မျှော်လင့်စောင့်စားနေကြသည်ပါ။

လူတွေအားလုံး စိတ်ဝင်စားမည်ဆိုလည်း စိတ်ဝင်စားစရာပါပင်။ ငြိမ်းအမှုအတွက် တရားခွင်တွင် ဂျူရီလူကြီးများမှအပ တရားလို၊ တရားခံသက်သေ၊ ရှေ့နေများမရှိကြပါလေ။

ရဲအဖွဲ့ဝင်အချို့နှင့် ငြိမ်းသာရှိသည်။ ငြိမ်းအမှုအတွက် ရုံးတော်တစ်ခုလုံးသည် ပို၍စိတ်ဝင်စားစရာကောင်းနေရမည် ဖြစ်ပါပေမည်။

ပြီးတော့ ငြိမ်း ကျူးလွန်ခဲ့သောအမှုသည် လူသတ်မှု၊ လူသတ်မှုမှာ နှမ်လောင်းပြိုင်လူသတ်မှုရယ်ပါ။ ငြိမ်းသည် တရား



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနှင့် တရားရေးဝန်ထမ်းများအား ကြည့်နေပါ၏။

ငြိမ်းနည်းတွေ့စွာ ပရိသတ်အပေါင်းကလည်း တရားသူကြီးနှင့် ငြိမ်းအား စိတ်ဝင်စားစွာ စောင့်ကြည့်နေကြမည်မှာပါ။ တရားသူကြီးသည် ငြိမ်းအား စကားစဆိုပါပြီ။

"ဒေါ်ငြိမ်းငြိမ်း. .ဒေါ်ငြိမ်းငြိမ်း ကျူးလွန်ခဲ့တဲ့ ဆယ့်သုံးရက်၊ ငါးလ၊ နှစ်ထောင့်နှစ်ခုနှစ်၊ သောကြာနေ့က ပြစ်မှုကို ကျူးလွန်တယ်ဆိုတာ မှန်ပါသလား. ."

"မှန်ပါတယ် တရားသူကြီးမင်းရှင့်. . ."

"ကောင်းပြီ၊ ဒေါ်ငြိမ်းငြိမ်း ကျမ်းကျိမ်ဆိုဝံ့ပါသလား. ."

"ဆိုဝံ့ပါတယ် တရားသူကြီးမင်းရှင့်. . ."

ငြိမ်းသည် တရားသူကြီး၊ တရားရေးဝန်ထမ်းများနှင့် ပရိသတ်အပေါင်းရှေ့၌ တစ်ဦးတစ်ယောက်၏ ပရောဂမပါ။ မလိမ်မညာ အမှန်အကန်စကားများကိုသာ ရုံးတော်တွင် ဖွင့်ဟဝန်ခံပြောဆိုပါရန် ကျမ်းသစ္စာဆိုလိုက်ရပါ၏။ ငြိမ်း ကျမ်းသစ္စာဆိုအပြီး





တရားသူကြီးသည် လူအများကြား၌ အောင်မြင်ကြည်လင်သော အသံဖြင့်. . .

"ကဲ. .ဒေါ်ငြိမ်းငြိမ်း ကျူးလွန်ခဲ့တဲ့အမှု၊ ဒီပြစ်မှုကြီးကျူးလွန်ခဲ့ရတဲ့ အကြောင်းအရင်းအလုံးစုံကို ရုံးတော်က မှတ်တမ်းတင်ကြားမှာဖို့အတွက် မချွင်းမချန် ဒေါ်ငြိမ်းငြိမ်း ပြောပါ. . ."

"ဟုတ်ကဲ့. . ."

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com

– နှစ် –

မြစ်ဝ၏ဟိုဘက်တွင်မထော့ အပြောကျယ်သော ပင်လယ်ပြာကြီးသည် ဆီးကြိုနေ၏။

တစ်ခါတစ်ခေါက်မှ ပင်လယ်ခရီး မထွက်ဖူးသော ငြိမ်းသည် အဆုံးမရှိသော ပင်လယ်ကြီးအား မြင်တွေ့လိုက်ရလေသော် ငြိမ်း စိတ်ထဲ ကြောက်သွားရသလိုလို၊ ရွံ့သွားရသလိုလိုရယ်ပါ။

"ဟား. .ဟူး . ."

ငြိမ်းသည် ကမ်းမမြင်လမ်းမမြင်သော ပင်လယ်ပြာကြီးထဲ





လှမ်းကြည့်ရင်း ရင်ထဲထုံချိ၍ မောဩရှုရှိကလေးရှိနေရပါ၏။ ကောင်း ကင်ထက် ငြိမ်း မော့ကြည့်သည်။

ကြည်လဲ့သော မိုးသားပြာပြာတို့ကို ငြိမ်း တွေ့ရသည်။ ကြည်လင်သော မိုးသားပြာကြောင့်ရယ်လား မဆိုနိုင်၊ ပင်လယ်ရေ သည်လည်း ကြည်ပြာလဲ့လဲ့ရှိနေပါ၏။

ပင်လယ်လေစိမ်းများထဲ စီးမျောသွားသည်ထင့်၊ ငြိမ်းတို့ သင်္ဘောစက်သံသည်ပင် ငြိမ်း မကြားမိတော့သလို၊ ကြီးမားလှပါ သည်ဟု ငြိမ်းထင်ခဲ့သော ငြိမ်းဖေဖေပိုင် သင်္ဘောကြီးသည် ခုတော့ အပြောကျယ်သော ပင်လယ်ပြင်ကြီးထဲတွင် အစက်အပြောက်ကလေး မျှသာ ရှိနေရပါချေ၏။

"ဟင်း. . ."

ပင်လယ်ပြင်ကြီးထဲ စိတ်လေးလံသလိုကြည့်ရင်း လေစိမ်း တို့ဒဏ်မခံနိုင်တော့၍ ငြိမ်းသည် သင်္ဘောဦးမှ ကုန်းပတ်တစ်လျှောက် လျှောက်လာခဲ့ပြီး သင်္ဘောဝမ်းထဲ ဝင်ခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာယ်လိုလဲ၊ ပင်လယ်ခရီး ကြည်နူးစရာကောင်းရဲ့လား. . ."

"အဟင်း. . ."

ဖေဖေ့စကားအား ငြိမ်းသည် အားရှိသွာပြန်မဖြေဖြစ်။ ငြိမ်းထံ လှမ်းကြည့်နေကြသည့် ငြိမ်းမေမေနှင့် ဒေါ်လေးတို့ခနီးမောင်နံဘက် တစ်ချက်ကြည့်ပြီး ငြိမ်းသည် ပျော့ရဲ့သော အပြုံးသာ တစ်ချက်ပြုံးပြဖြစ်လိုက်ပါ၏။

"ငြိမ်း. .ပင်လယ်ခရီးဆိုတာ သွားရလာရခဲတယ် တစ္မလေးရဲ့. . ."

ဖေဖေ့အနီး ငြိမ်းထိုင်လိုက်သည်တွင် ဒေါ်လေးဒေစီက ဆိုသည်။ အေးဆေးတွာနေတတ်သော ငြိမ်းဖေဖေက အပြုံးနှင့်သာ နေနေရှာပါ၏။

"ဒေစီ. .မြွေကျွန်းကိုရောက်ရင် ငြိမ်းပျော်သွားမှာပါ"

"ဟင်. .မြွေကျွန်းဆိုတာ မြွေတွေပေါလို့လား ဦးလေးအေး"





ရန်ကုန်မှာကတည်းက ဦးလေးအေး ပြောပြောနေသည့် မြွေကျွန်းအမည်အား စိတ်ဝင်စားမိ၍ ငြိမ်း မေးကြည့်သည်။

"ဟိုတစ်ချိန်တုန်းကတော့ မြွေကျွန်းတို့၊ မြွေတောင်တို့ဆိုတာ မြွေတွေပေါတယ်၊ မြွေကွေကြီးပဲနေတယ်လို့ ပြောကြတာပဲ"

"အခုကော ဦးလေးအေး. . ."

"အခုတော့ မရှိတော့ပါဘူး၊ လူတွေလည်း အဲဒီကျွန်းမှာ အခြေစိုက်နေကြပြီလေ. . ."

"သမီးရေ့. .သမီးဦးလေးက နယ်စုံတယ်ကွယ့်၊ သမီးသိချင်တာတွေ မေးကြည့်ပေါ့. . ."

မေမေဆိုရင်း ဒရင်းဘက်တွင်လှဲကာ ဆေးတံကိုဖွာနေလိုက်သည်။ ငြိမ်းမေမေ ဒေါ်ရင်ကြည်မှာ လူရှစ်ယောက်စာအတွက် ညစာကို ငါးသေတ္တာဘူးဖောက်ရင်း စီစဉ်နေ၏။

ဒေါ်လေးဒေစီက အပျင်းပြေ ပန်းသီးစားလိုက်နှင့် ငြိမ်းတို့ တူဝရီး စကားပြောနေသည်ကို နားထောင်ရင်း တစ်ချီတစ်ချီလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက ဝင်ပြောသည်။

"ဦးလေးအေး . .မြွေကျွန်းဆိုတာ အဝေးကြီးလားဟင်"

"တစ်ညအိပ်ခရီးတော့ သွားရတာပေါ့. . ."

"သြော်. . ."

သြော် ဟူသော ငြိမ်းအသံလေးမှာ ညစ်ညူးသံဝေ့ဝေ့လေး ပါသွားသည်။

ဘာပြောပြော ပင်လယ်ခရီးကို ငြိမ်း ဖျူင်းပါသည်။ ငြိမ်း ကြောက်ပါသည်။ ပင်လယ်ထဲ တစ်ညအိပ်ခရီးမည်ဟု ငြိမ်း သိတော့ ရင်ထဲ မောနင့်သွားရ၏။ ရန်ကုန်မှာနေခဲ့ရင် ကောင်းသားဟု ငြိမ်း နောင်တရမိသည်။

ခုမှတော့လည်း မထူးတော့။ မေ့မေ့ပျောက်ပျောက်ပင် စိတ်ထားပြီး ထိုခရီးသွားတော့မည်ဟု ငြိမ်း စိတ်ကို တင်းရပါ၏။

"မြွေကျွန်းနဲ့မြွေတောင်က နီးလား ဦးလေးအေး. . ."

"ပင်လယ်ထဲမှာ သူတို့နှစ်ကျွန်းပဲရှိတော့ နီးတယ်လို့ပဲ





ဆိုရမယ်၊ နီးလည်း နီးပါတယ်လေ၊ တစ်ကျွန်းနဲ့တစ်ကျွန်း သွားလာ လို့ ရနေတာပဲ. . ."

"အဲဒီကလူတွေက ဘာလုပ်စားကြလဲ. . ."

"ဒီလိုပဲ စိုက်ပျိုးစားတယ်၊ ငါးဖမ်းကြတာပဲပေါ့. . ."

"ဦးလေးက အဲဒီကျွန်းကို ရောက်ဖူးတာပေါ့နော်. . ."

"လေးငါးခေါက်လောက် ရောက်ဖူးတာပေါ့၊ အဲဒီကျွန်းက လူတွေက သစ္စာရှိတယ်၊ ရေကြောင်းလည်း ကျွမ်းကျင်ကြတယ်၊ ဒါကြောင့် ကိုကြီးက သူ့သင်္ဘောကို ရန်ကုန်နဲ့ကော့သောင်းပြေးဆွဲဖို့ သစ္စာရှိပြီး ကျွမ်းကျင်တဲ့ ပဲ့ထိန်းကောင်းကောင်းလိုတယ်ဆိုလို့ ဦးလေး က အခုသွားခေါ်ပေးရမှာ၊ နို့ဖြစ်ရင်တော့ မခေါ်ဖြစ်ပါဘူး၊ ငြိမ်းတို့ မိသားစု လာလည်ရင်း အဆင်ပြေတာနဲ့ မြွေကျွန်းဘက် ထွက်ခဲ့ ဖြစ်တာပဲ. . ."

"သမီးရေ. .သမီးဖေဖေဝါသနာကတော့ ကြီးပါ့ကွယ်"

လက်ဆေးလက်သုတ်ရင်း ငြိမ်းကို မေမေ လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အသွင်က အေးအေးဆေးဆေးပင်။ ဒေါ်လေးဒေစီမှာ ဆည်းဆာချိန် ပင်လယ်ပြင်ကြီးဆီ လှမ်းကြည့်ကာ အတွေးကျယ်နေဟန် ရှိပါ၏။

ဦးလေးအေးသည်လည်း ငြိမ်းနှင့်စကားပြောရသည်မှာ အာချောက်လာဟန်ရှိ၍ ထိုင်ရာမှထပြီး ရေထသောက်သည်။

ငြိမ်းလည်း အလိုက်သိစွာ စကားမဆိုဖြစ်တော့။

ညစာထမင်းကို ဆောဆောစားလိုက်ကြပြီး ဆည်းဆာချိန် ပင်လယ်အလှကို ငြိမ်း ခံစားကြည့်နေလိုက်မိပါ၏။

x x x x x





"သမီးရေ. .ဟိုမှာ မြွေကျွန်းနဲ့မြွေတောင်ကို လှမ်းမြင်နေ ရပြီ. . ."

"ဟား. .ဟုတ်တယ် ဖေဖေ. . ."

ကျွန်းကိုလှမ်းမြင်ရပြီမို့ ငြိမ်း ဝမ်းသာသွားသည်။ ညတုန်းကဖြင့် ငြိမ်း အိပ်၍ပင်မပျော်။ ငြိမ်းကဲ့သို့ပင် ဖေဖေနှင့်မေမေသည် လည်း အိပ်လိုက်နိုးလိုက်နှင့်ပင် ရှိသည်။

ဦးလေးအေးမြိုင်နှင့် ဒေါ်လေးဒေစီတို့မောင်နှံကဖြင့် အား အဖြစ်ဆုံး အိပ်နိုင်ကြသည်ပါ။ မြွေကျွန်းနဲ့ မြွေတောင်ကို လှမ်းမြင် နေရသည်မို့ ငြိမ်းတို့အားလုံး သင်္ဘောဦးတွင် ထွက်နေကာ ကြည့်နေ လိုက်ကြသည်။

ကောင်းကင်ထက် ငြိမ်း မော့ကြည့်လိုက်သည်။ နေလုံး ကြီးက ငြိမ်း ခေါင်းပေါ်မှာပင် ရှိသေး၏။

"ငြိမ်းရေ. .ကျွန်းကို ခုမှလှမ်းမြင်တုန်းဆိုတော့ နေလေး စောင်းလောက်မှ ရောက်မှာကွယ့်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း .ဒေါ်လေးအေစီရယ် ငြိမ်း ပျင်းလိုက်တာ၊ ရောက်ချင်လှပြီ. . ."

"အချိန်တန်တော့ ရောက်မှာပေါ့ကွယ်. . ."

ငြိမ်းကိုအပြုံးနှင့်ကြည့်ပြီး ဒေါ်လေးအေစီဆိုသည်။ ကျွန်းဆီလှမ်းကြည့်ပြီး မျက်နှာလှလှလေးကို ငြိမ်း ရှုံ့မဲ့ထားလိုက်မိသည်။

"အစ်ကိုကြီးရေ .အစ်ကိုကြီးသမီးက ပင်လယ်ခရီးကို သူ့သင်ခန်းစာတွေထဲက ဆေးရည်စိမ်ထားတဲ့ လူသေနဲ့ဖားလေးတွေလောက် စိတ်ဝင်စားပုံမရဘူး. . ."

"ဟားဟားဟား၊ ဒါတော့ ဒါပေါ့ အေစီရေ၊ သမီးက ဆေးကျောင်းသူ၊ ဆရာဝန်ဖြစ်ဖို့လည်း သုံးနှစ်ပဲလိုတော့တာဆိုတော့ ဒီအဏ္ဏဝါဗေဒတွေကို ဘယ်စိတ်ဝင်စားမှုရှိမလဲလေ. . ."

ချစ်သမီးပခုံးကို သိုင်းဖက်ရင်း ဦးမင်းခိုင် ဂုဏ်ယူစွာဆိုသည်။

"အင်း .အစ်ကိုကြီးတို့ကတော့များ ဂျပန်နဲ့စစ်ကျသူ ဖက်ခဲ





လုပ်ထားတဲ့ ကုန္တအိုကြီးတွေကလည်းဟိန်း၊ အဝေးပြေးဟိုနိုးကားကြီးတွေကလည်း သုံးလေးစီး၊ စက်လှေကြီးတွေကလည်း သုံးစီး၊ တစ်ဦးတည်းသော သမီးချောလေးကလည်း ဆရာဝန်ဖြစ်တော့မယ်၊ အစ်ကိုကြီးတို့တော့ ဒီတစ်သက်မပြောနဲ့ဗျာ နောက်ဆယ်သက်လည်း စားမကုန်နိုင်ဘူး. . ."

"ကံကောင်းတာတွေ၊ ကံကောင်းတာတွေ၊ မိဘကလည်း သားသမီးအတွက်ကောင်း၊ သားသမီးကလည်း မိဘအတွက် ကောင်း၊ အကောင်းကြီးပါပဲ၊ အကောင်းတွေကြီးပဲ စုဝေးနေတာ အစ်ကိုကြီးတို့မိသားစုပဲ၊ အစ်ကိုကြီးနဲ့ မမကြည့်ရေ .ကျွန်တော်တို့ကိုလည်း ဒီကံလေးတွေ နည်းနည်းလောက် ဖို့ပေးကြပါဦး. . ."

"အို .ခေါင်ကလည်း၊ ကံတရားဆိုတာ သူ့အကျိုးပေးနဲ့က သူ လာတာ၊ အချိန်နဲ့အခါနဲ့ သူ့အကြောင်းနဲ့သူ အကျိုးပေးတတ်တာပါ. . ."

ဦးလေးနှင့် ဒေါ်လေးတို့ ပြောနေသော စကားများအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်မေမေတို့က ပြုံး၍နားထောင်နေကြသည်။ ငြိမ်းက တစ်စ တစ်စ အမြင်ကြည်လာသည့် ကျွန်းနှစ်ကျွန်းဆီသို့ လှမ်းကြည့်နေမိပါ၏။

စီးပွားရေးအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်းတွေရော၍ ဖေဖေ မေမေတို့နှင့် ဒေါ်လေးတို့မောင်နှံမှာ အေးအေးလူလူ စကားတွေ ဆက်ပြောနေဖြစ်ကြသည်။

ငြိမ်းသည် လေတိုက်မခံနိုင်တော့၍ သင်္ဘောဗိုက်ထဲဝင်ခဲ့ပြီး အိပ်ရာတွင် စာဖတ်ရင်း အနားယူလှဲနေလိုက် ၏။

"သမီး. .ငြိမ်း. . ."

"ဟင်. .မေမေ. . ."

"ထတော့ သမီး၊ ကျွန်းရောက်ပြီ၊ ကမ်းကပ်နေပြီ"

"ဟင် ဟုတ်လား မေမေ. . ."

ညကကောင်းစွာ အိပ်မပျော်ခဲ့၍ ငြိမ်း အိပ်ပျော်သွားသည် ထင့်။ မည်မျှထိ ငြိမ်း အိပ်ပျော်သွားသည်မသိ။ မေမေလာနှိုးမှ





ငြိမ်းနိုးတော့သည်။

အိပ်ရာမှ ငြိမ်းလူးလဲထပြီး အပြင်ဘက်ကြည့်မိတော့ အလင်းရောင်မပျောက်သေးသော်လည်း နေလုံးတော့ကွယ်နေပြီ ဖြစ်၏။

"မမကြည်ရေ. .လာဆင်းကြရအောင်၊ အစ်ကိုကြီးတို့တော့ ဆင်းသွားကြပြီ. . ."

"အို ဟုတ်လား၊ ကဲ သမီး လာ လာ မေမေတို့ပါ မြန်မြန် လိုက်သွားကြရအောင်၊ တော်ကြာလူကွဲနေလို့ ရှာနေကြရဦးမယ်. . ."

"လာ မကြည်၊ ငြိမ်းတော့ လူငယ်ဆိုတော့ရတယ်၊ မမကို ဒေစီဆွဲမယ်. . ."

"ဟုတ်တယ် မမေ၊ ဒေါ်လေးဒေစီလက်ကို ဆွဲထားပြီးသွား၊ ငြိမ်းက ဒီအိတ်ကလေးတွေ သယ်လာမယ်. . ."

သင်္ဘောပေါ်မှ ငြိမ်းတို့ဆင်းခဲ့လိုက်ကြသည်။

"ဟင် ဒေါ်လေး. .သင်္ဘောပေါ်မှာ အစောင့်တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလား . ."

"ရပါတယ် ငြိမ်းရဲ့၊ ဒီကျွန်းတွေမှာ သူခိုးမရှိဘူး၊ မကြည်ဖြည်းဖြည်းလျှောက်နော်၊ ဒေစီကိုတွဲထား . ."

မေမေညီမဖြစ်သည့် ဒေါ်လေးဒေစီက မေမေ့ကို ဂရုစိုက်ခေါ်ရှာသည်။

သဘော်ရပ်ထားသည့် ကမ်းခြေမှကျွန်းထဲသို့ ငြိမ်းတို့လျှောက်ဝင်ခဲ့ကြသည်။

ဖေဖေတို့အဖွဲ့ကိုတော့ ငြိမ်းတို့ အစအနတောင် မမြင်မိပါတော့။

"သမီးဖေဖေတို့ ဘယ်နေရာလောက်များ ရောက်နေပြီလဲမသိဘူးနော်. ."

"ဟုတ်တယ် မေမေရယ် ဖေဖေတို့က ငြိမ်းတို့ကိုတောင်မစောင့်ဘူး. ."

"အေး . ."





"ဟင်. .မေမေ၊ ဖေဖေ့အော်သံ. . ."

"ဟင် ဘုရား ဘုရား၊ သမီးဖေဖေ ဘာများဖြစ်ပါလိမ့်"

"အေး. .အေး. . ."

နောက်ထပ်အော်သံတွေ ဆက်တိုက်ကြားလိုက်ရပြန်သည်။

"မေမေ. . ."

"သမီး. . ."

ငြိမ်းနှင့် မေမေတို့မှာ မျက်နှာတို့ဖြူဆုတ်ကာ တဆတ်ဆတ်တုန်လာ၏။

"ကို. .ကိုအေးမြိုင် ကိုအေးမြိုင်. . ."

ဒေါ်လေးဒေစီသည်လည်း ငြိမ်းနှင့်မေမေတို့ဖက်ထားရာမှခင်ပွန်းလင်ကိုစိုးရိမ်လာဟန်ဖြင့် သွေးရူးသွေးတန်းခေါ်ကာ ငြိမ်းတို့အနားမှ ပြေးထွက်သွားလိုက်ပါတော့၏။

"ဖေဖေ. .ဖေဖေရေ. . ."

ဒေါ်လေးမရှိတော့သဖြင့် ငြိမ်းသည် မေမေ့ကိုဖက်ထားရာမှ



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို သွေးရူးသွေးတန်းဖြင့် အော်ခေါ်မိလေသည်။

"ဒုတ်. . ."

"အင့်. . ."

"အား. .မေမေ. .မေမေ. .မေမေ. . ."

မေမေနှင့်ငြိမ်းတို့ တစ်ဦးကိုတစ်ဦး ဖက်ထားသည့်ကြားမှ ဒုတ်ခနဲမြည်သံနှင့်အတူ မေမေ့နောက်ကျောတည့်တည့်တွင် ဓားတစ်ချောင်းသည် ဆုံးလုနီးပါး စိုက်ဝင်လာ၏။

ငြိမ်းသည် မေမေ့နောက်ကျောမှ ဓားအား ကြောက်သွေးများ လျှံနေသော မျက်လုံးတို့ဖြင့် စိုက်ကြည့်နေမိရင်းက သွေးပျက်မတတ် ငြိမ်းအော်သံသည် တစ်ကျွန်းလုံး ပွဲတင်လှိုင်သွားရမည်ပါ။

ငြိမ်းသည် မေမေ့ကိုမလွှတ်မိ၊ မေမေ့ကိုယ်အလေးချိန်နှင့် ကြောက်သွေးတို့မွှန်ကာ သတိလစ်မယောင်ရှိနေသော ငြိမ်းသည် မေမေနှင့်အတူ မြေပေါ်သို့လဲကျသွားတော့မည်အပြု. . .

"ဒုတ်. . ."





"အ. . ."

ယာဘက်မှ ငြိမ်းလက်မောင်းလေးတစ်ဖက် ပူရှိုးရှိုးကလေးရှိသွားသောအသိအား ငြိမ်းသည် နောက်ဆုံးအဖြစ် ခံစားလိုက်ရပါလေ၏။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com

## – သုံး –

"အို. . ."

"ခြော် သနားလိုက်တာ. . ."

"ဟယ် ကျွတ် ကျွတ်. . ."

တရားရုံးထဲမှာ နားထောင်နေသူ ပရိသတ်များထံမှ ငြိမ်း အတွက် ကရုဏာသံများအား ကြားလိုက်ရပါ၏။

တရားသူကြီးနှင့် တရားရေးဝန်ထမ်းများ၏ ငြိမ်းအား ကြည့်နေကြသော အကြည့်တို့သည်လည်း ကရုဏာသက်နေသော





အကြည့်များနှင့်ပါ။

ငြိမ်းသည် ရှေ့တည့်တည့်မှ တရားသူကြီးနှင့် တရားရေး ဝန်ထမ်းများဆီသို့သာ အကြည့်တို့ရှိပါ၏။

ငြိမ်းအကြည့်တို့သည် တည်ငြိမ်လေးနက်မြဲနေရပါသည်။

"ဘယ်သူများလုပ်ကြလိုက်လဲ မသိဘူးနော်. . ."

"အေးဟယ် ဖြစ်မှဖြစ်ရလေ၊ ကျွန်းရောက်မှများဟယ်. . ."

"ရက်စက်လိုက်တာ. . ."

"သနားပါတယ်. . ."

"ဒုန်း. . ဒုန်း. . ဒုန်း. . ."

ပရိသတ်၏ကြွက်စီစီထွက်ပေါ်နေရသော စကားသံများ ကြောင့် ဆူညံသလိုရှိသွား၍ တရားသူကြီးသည် စားပွဲကို တူတံ လေးနှင့်ထုကာ အချက်ပေးလိုက်လေ၏။

ပရိသတ်များထံမှ စကားသံများ ငြိမ်ကျသွားလေမှ တရား သူကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာတင် ခေါင်ငြိမ်းငြိမ်းရဲ့မိဘနှစ်ပါးနဲ့ အတူပါလာတဲ့ လူတွေပါ အားလုံးသေကုန်ကြတာပေါ့၊ ဟုတ်လား. . ."

"ဟုတ်ပါတယ်ရှင်. . ."

"သတ်တဲ့လူကို ခေါင်ငြိမ်းငြိမ်း မမြင်လိုက်ဘူးလား. . ."

"မမြင်ရပါဘူးရှင်၊ မှောင်ကလည်း မှောင်နေပြီ၊ ပြီးတော့ သစ်ပင်ကြီးတွေနဲ့ ချုံနွယ်တွေကလည်း ပိန်းပိတ်နေပါတယ်၊ ငြိမ်း အနေနဲ့ လမ်းလည်းမကျွမ်း၊ ဘယ်သွားရမှန်းလည်းမသိ၊ အော်သံတွေ သာကြားပြီး လူတွေကကွဲကုန်ပါတယ်. . ."

"ဓားတန်းလန်းနဲ့မေမေ့ကြောင့် ငြိမ်းလည်း ချောက်ချားနေ ပါတယ်၊ နောက်ဆုံးတော့ ငြိမ်းလက်မောင်းမှာ ဓားမြှောင်တစ်ချောင်း စိုက်ဝင်သွားပြီး ငြိမ်းလည်း မေ့သွားပါတော့တယ်. . ."

"ကျွတ်. .ကျွတ်. . ."

"ကြားတာနဲ့တောင် ကြက်သီးထတယ်. . ."

"ငါတို့သာဆို ဒီနေရာမှာတင် သေမှာပဲ. . ."





"အို အဲဒီကျွန်းကလူပဲ သတ်တာဖြစ်မယ်. . ."

"ဟုတ်တယ် ဖြစ်နိုင်တယ်. . ."

"ဒုန်း. .ဝုန်း. . ."

ပရိသတ်ထံမှ ဝေဖန်သံဆူညံသံတွေ ပေါ်ထွက်လာပြန်၍ တရားသူကြီးမှာ အချက်ပေးလိုက်ရပြန်သည်။

တစ်ရုံးလုံး တိတ်ဆိတ်သွားပြန်၏။

"ကဲ. .ခေါင်ငြိမ်းငြိမ်း ဆက်ပြောပါဦး. . ."

"ဟုတ်ကဲ့. . ."

တရားသူကြီး၊ တရားရေးဝန်ထမ်းများနှင့် ပရိသတ်တို့သည် ငြိမ်းထံမှထွက်ပေါ်လာမည့် စကားများအား စိတ်ဝင်တစား နားစွင့်နေကြ၏။

တရားရုံးတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်သွားရပါချေ၏။

x x x x x



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားသံတစ်ခုခုပင်၊ ခြေသံလိုလို၊ ရေသံလိုလို၊ ရွေ့လျားသံလိုလို။

လှုပ်ရှားသံတွေသည် ငြိမ်းအသိတရားထဲ ဝင်ရောက်နိုးဆော်လာလေမှ ငြိမ်းသည် အသိတရားများ ကိုယ်နှင့်ပူးပေါင်းကာ မျက်ဝန်းအစုံပွင့်လာရပါလေ၏။

ဖေဖေနဲ့ မေမေ သေပြီ၊ ဦးလေးအေးနဲ့ ဒေါ်လေးဒေစီတို့လည်း သေပြီ။

အို အားလုံး သေကုန်ကြပြီ။

ငါ ငါလည်း သတိ လစ်သွားတယ်။

ကိုယ်နှင့်စိတ် ပူးပေါင်းလာသည်နှင့်တစ်ပြိုင်တည်း အသိတရားတို့က ငြိမ်းခေါင်းထဲ အစီအရီဝင်လာကြ၏။

သတိရလာပြီ ဖြစ်သော်လည်း ငြိမ်း မလှုပ်ရဲ။

"ကျလိ. .ကျလိ. . ."

"ဟင်. .နိုးလင်းနေပြီပဲ. . ."





ကျေးငှက်တို့ အိပ်တန်းထချိန် တေးသံသာကို ကြားပါ၍ မိုးလင်းပြီ။ အချိန်ကို ငြိမ်း တွက်ဆမိသည်။ သို့သော်လည်း ငြိမ်းဝန်းကျင်တွင်မတော့ မှောင်အတိနှင့်ပင် ရှိနေပါသေး၏။

"ဘုန်း. . ."

"ဟင်. . ."

နေရာမှ မလှုပ်ရှားရဲ၊ အတွေးတို့ဖြင့် ငြိမ်သက်နေရဆဲ၊ ရေထဲသို့ တစ်စုံတစ်ရာ ပစ်ချသံမျိုးကို ငြိမ်း ကြားလိုက်ရသည်။

အနီးတွင် အန္တရာယ်များရှိလေမလားဟူသော အတွေးဖြင့် ငြိမ်းသည် မလှုပ်ရှားရဲသော်လည်း မှောင်ထဲ၌ပင် မျက်ဝန်းလေးတွေကို အလုပ် ပေးလိုက်မိ၏။

"ဟင်. . ."

ငြိမ်းအံ့သြသွားသည်။ အသေအချာကြည့်မိမှ တစ်နေရာ၌ မီးရောင်ပြပြလေးတစ်ခုကို ငြိမ်း မြင်တွေ့လိုက်ရလေသည်။

"ဘုန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. .ဒါ ရေထဲကိုပစ်ချနေတာ. . ."

ခိုင်မာသောအတွေးနှင့် ခေါင်းငုလေးကိုလှန်ကာ မီးရောင်ရှိရာဆီသို့ ငြိမ်း လှမ်းကြည့်လိုက်၏။

"အို. .ကျွတ် ကျွတ်. . ."

ကိုယ်ကို လှုပ်ရှားလိုက်သလိုကြောင့် ငြိမ်း လက်မောင်းတစ်ဖက်မှ နာကျင်မှုကို ခံစားလိုက်ရ၍ ညည်းညူသံသဲ့သဲ့လေးထွက်သွားရ၏။

လက်မောင်းမှ နာကျင်သည့်နေရာလေးဆီသို့ ငြိမ်း ကိုင်လိုက်မိသည်။

"ဟင်. . ."

မှောင်ထဲ၌ပင် ငြိမ်း မျက်ဝန်းလေးအစုံ ပြူးသွားရလေသည်။ မှန်သည်။

အဘယ်ကြောင့်ဆိုသော် ငြိမ်း လက်မောင်းမှ ဒဏ်ရာအားအကျအနစည်းနှောင်ထားသည်ကို ငြိမ်း ကိုင်စမ်းလိုက်မိရသောကြောင့်





ပါတည်း။

ခုမှ ငြိမ်းရောက်နေသည့် ဝန်းကျင်ကိုလည်း ဝိုးတဝါးအလင်းရောင်လေးတွင် ငြိမ်း သတိထားကြည့်မိရတော့သည်။ ငြိမ်းသည် သမ္ဗန်သောင်ပြင်ပေါ်တွင် ရှိနေသည်မဟုတ်ပါလား။

"အို. . ."

ငြိမ်း သဘောပေါက်မိရပါပြီ။ လူသတ်သမားသည် အလောင်းတွေကို ရေထဲပစ်ချကာ ဖျောက်ဖျက်ပစ်နေသည်ဖြစ်ကြောင်းပါ။

သေချာအောင် နေရာမှ ကိုယ်လေးတစ်ဖက်စောင်းကာ ငြိမ်း လှမ်းကြည့်လိုက်သည်။

လူတစ်ယောက်။

ကမ်းပေါ်မှအလောင်းတွေကို တစ်လောင်းချင်းဆွဲပြီး ရေထဲချေချနေ၏။ မှန်အိမ်မီးရောင်လေးတွင် ငြိမ်း အတိုင်းသား မြင်နေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးတွေကို ပြတ်ထွက်မတတ် ကိုက်ထားလိုက်မိသည်။

"ဖေဖေ. .မေမေ. .အဟင့် ဟင့်. . ."

နောက်ဆုံးအဖြစ် ဖေဖေနှင့်မေမေ့အလောင်းတွေကို ထိုလူ ရေထဲဆွဲချုပစ်လိုက်သည်ကို မျက်ဝါးထင်ထင် ငြိမ်း မြင်တွေ့လိုက်ရပါလေ၏။

ငြိမ်း ယူကျုံးမရပါ။

ဒီရေအကျနှင့် မျောပါသွားကြသည့် အလောင်းတွေကို ငြိမ်းအား နောက်ကျောပေးထားပြီး ထိုလူကြည့်နေသည်ကို ငြိမ်းသည် အသည်းနာစွာ မြင်နေရပါ၏။

စိတ်ချရပြီဆိုလောက်မှ ထိုလူသည် မှန်မီးအိမ်လေးနား လျှောက်သွားလိုက်၏။

မှန်မီးအိမ်လေးအလင်းရောင်ဖြင့် ထိုလူ့ခါးမှ တန်းလန်း ချိတ်ထားသော ဓားအိမ်စွပ်ဓားရှည်တစ်ချောင်းကို ငြိမ်း မြင်လိုက်ရ





သည်။ ထိုဓားသည် ငြိမ်းဖေဖေရဲ့ ဓား။

ငြိမ်းသည် ထိုလူ့အား စားမတတ်ဝါးမတတ် ဒေါသချောင်းချောင်းထွက်သော မျက်ဝန်းလေးတွေနှင့်သာ စိုက်ကြည့်နေမိရပါ၏။

ဒေါသတို့ဖြင့် ငြိမ်းကြည့်နေဆဲ ထိုလူသည် မှန်မီးအိမ်လေး ဆွဲလျက် ငြိမ်းရှိရာသို့ လျှောက်လာနေလေပြီမို့ ငြိမ်းသည် ဆတ်ဆတ် တုန်နေသော ရင်အစုံအား ထိန်းချုပ်ရင်း သတိမရသေးဟန်လို ပြန်နေလိုက်၏။

သဲမှုန်မှုန်တွေပေါ် နင်းလာ၍လား မသိ၊ ထိုလူ၏ လှုပ်ရှားသံ တို့ကိုသာ ငြိမ်း အတန်ကြီး စူးစိုက်နားစွင့်နေရသည်။

ထိုလူထံမှ ဘာအသံမှ မကြားရသလောက် ရှိနေလေ၍ ငြိမ်းသည် မျက်ဝန်းလေးအစုံ သာသာလေးဖွင့်ကြည့်မိခိုက်. . .

"အား. . ."

"ဟာ. . ."

အလန့်တကြား ငြိမ်း အော်လိုက်သံကြောင့် ထိုလူသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆက်ခနဲလန့်တုန်သလိုရှိသွားရကာ ငြိမ်းအနီးမှ နေ့ဆက်ပြန်ဖင်ထိုင်ရက်ကြီး လဲကျသွားလိုက်ရပါတော့၏။

ငြိမ်း နေရာမှ ရုန်းလဲ ထလိုက်သည်။ ငြိမ်းသည် ထိုလူအား လွန်စွာမှ မုန်းတီးစက်ဆုတ်သော်လည်း ငြိမ်း အလွန်မှ ကြောက်ရွံ့ပါသည်။

ငြိမ်း သူ့ကို ကြောက်ရွံ့မှုတွေလွှမ်းသော မျက်ဝန်းအစုံဖြင့် ကြည့်နေမိစဉ် သူကလည်း ငြိမ်းအား အံ့သြသော၊ တည်ငြိမ်သော အသွင် အကြည့်တို့ဖြင့် ကြည့်နေပါလေ၏။

"ရှင်. . ."

"မင်း. . ."

သူ့ကိုကြည့်ပြီး ဖင်ထိုင်လျက်ကလေးမှ ငြိမ်း နောက်ဆုတ်သွားသည်။

သူက ငြိမ်းအနီးတိုးလာသည်။

"မလာနဲ့. .မလာနဲ့. . ."





"မင်း မသေဘူး. . ."

"သေအောင် သတ်ချင်လည်း သတ်လိုက်. . ."

ငြိမ်းစကားကြောင့် သူ ငြိမ်းကို စိုက်ခနဲကြည့်လာသည်။ ပြီးမှ. . .

"မင်း သတိလစ်နေတာကြာလို့ မင်းသေပြီလားလို့ ငါ ထင်တာ၊ ဒါကြောင့် မင်းရဲ့အသက်ရှူသံကို ငါ နားထောင်မလို့ လုပ်တုန်း မင်းအော်လိုက်လို့ ငါ စိတ်အေးသွားတယ်. . ."

သူ့စကားကို နားထောင်ရင်း စောစောက သူ့ခေါင်းကြီး ငြိမ်းရင်ခွင်နား တိုးကပ်လာသည်အား ငြိမ်း ပြန်မြင်ယောင်လိုက်ရ၏။

"ကဲ. .ထ၊ သွားမယ်. . ."

"ဟင့်အင်း. .ဟင့်အင်း. . ."

"ဘာဟင့်အင်းလဲ. . ."

သူ့ကို ကြောက်ရွံ့ရှုံ့ရှာစွာ ဆိုသဖြင့် သူ ငြိမ်းကို စိုက်ခနဲကြည့်ပြီး ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်နောက် ငြိမ်း မလိုက်ဘူး . ."

"ဒါဖြင့် မင်း ဘယ်သွားမလဲ . ."

သူမေးတော့လည်း ငြိမ်း မဖြေနိုင်၊ ပင်လယ်ကြီးကိုကြည့်ပြီး ငြိမ်း ငေးသွားသည်။

"ထ. .ထ. . ."

"အို. . ."

သူက အသံပြတ်နှင့်ဆိုင်း ဒဏ်ရာမရှိသည့် ငြိမ်း ဝဲဘက် လက်တစ်ဖက်ကို ဆွဲခေါ်သည်။ သူ့လက်အဆွဲက ပြတ်တူအလား မြဲမြံလှ၏။

အားကုန် သူ့လက်ထဲမှရုန်းလိုက်သည်တာပင် ဘာမှ အရာမထင်လိုက်သလိုပါ။ သူ ဆွဲခေါ်ရာ ငြိမ်းပါသွားရတော့သည်။

သူက ငြိမ်း လက်ကိုမလွှတ်ဘဲ တစ်လမ်းလုံး ဆွဲခေါ်နေသည်မို့ ငြိမ်း သူ့လက်ကို ရိုက်ထုဆွဲဆိတ်သည်။

သို့သော်လည်း သူကမဖြုတ်။ တစ်ချိမတော့ ငြိမ်း





ဆွဲဆိတ်နေသည်ကို သူ လှည့်ကြည့်သည်။ ပြီးတော့ သူစကားမဆိုဘဲ ငြိမ်းလက်ကို ဖြည်လွှတ်ပေးသည်။

ငြိမ်းလက်ကို သူလွှတ်ပေးလိုက်သည်နှင့် ခြေဦးတည့်ရာသို့ ငြိမ်း ပြေးပါတော့သည်၊

သို့သော် သမင်ဆယ်ပျမ်း၊ ကျားတစ်လှမ်း ဆိုသလိုပါပင်။ ငြိမ်းသည် ပြေးမလွတ်၊ သူ့လက်ထဲသို့ပင် ပြန်ရောက်သွားရပါ လေ၏။

"လွှတ်. .မလိုက်ဘူး. . ."

"မင်း ဒုက္ခဖြစ်မှာစိုးလို့ ငါခေါ်တာ. . ."

"အဟင်း. .ဒုက္ခဟုတ်လား၊ ဒုက္ခဖြစ်မှာစိုးလို့တဲ့လား"

ငြိမ်း သူ့ကို စက်ဆုပ်ရွံရှာစွာနဲ့ပြီးမေးတော့ သူ ငြိမ်းကို မျက်မှောင်ကြုတ်သယောင်နှင့် စိုက်စိုက်ကြီး ကြည့်နေပါလေ၏။

လူမရှိ၊ သူမရှိ တောမည်းကြီးထဲ သူ့အကြည့်တွေကြောင့် ငြိမ်း ဒေါသတွေကို ချိုချထားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွာကိုရောက်ရင်တော့ ခင်း ဘာဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး"

ငြိမ်း မျက်လွှာလေးသိမ်းသွားသည်တွင် သူကဆိုသည်။ စကားအဆုံး ငြိမ်းလက်ကို ဖျတ်ခနဲဆုပ်ဆွဲပြီး သူ ဆွဲခေါ်ရာနောက်သို့ ငြိမ်း လိုက်ပါသွားလိုက်ရပါ၏။

ဘယ်ဆီဘယ်ဝယ်တိုင် သွားရမည်မှန်းမသိ၊ ဖြည်းဖြည်းနှင့် နေပင်မြင့်လာပြီဖြစ်သည်။ ငြိမ်းမောပြီ။

ရေလည်းငတ်၊ ဗိုက်လည်းဆာ၊ ငြိမ်း မဟန်နိုင်တော့၊ သူ ဆွဲခေါ်နေရာမှ ငြိမ်း လဲကျသွားတော့သည်။

သူက ငြိမ်းကို ငုံ့ကြည့်သည်။ ဘာစကားပြောညာမပြောနှင့်ပင် ငြိမ်းကိုယ်ကလေးအား ဆွေ့ခနဲ ပွေ့ပိုက်ကာ ပခုံးထက် သူ ထမ်းတင်ခေါ် သွားလိုက်ပါတော့သတည်း။

"အို. . ."

ကြောက်လန့်တကြား ငြိမ်း လျှောဆင်းသော်လည်း မရတော့။ တောထဲမှထွက်ခဲ့ပြီမို့ နေပူကျဲကဲ့နေရာတွေကို ငြိမ်းကို သူ





ထမ်းပြီး လျှောက်လာခဲ့ရသည်။

သူလည်း မောမည်ပါ။ တစ်နေရာရောက်သည်တွင် သစ်ပင်တစ်ပင်ခြေရင်း၌ သူ ငြိမ်းကို ညင်သာစွာ ချပေးသည်။

ငြိမ်း သူရှိနေသည်မို့ သူ့ကိုမကြည့်လို၍ မျက်ဝန်းလေး အစုံမှိတ်ကာ ငြိမ်း နေမိသည်။ သူလည်း ငြိမ်းကိုကြည့်မနေပါ။

ကျဲတောသားရောင်ထနေသည့် သူ့နောက်ကျောပြောင် ပြောင်ကြီးအား ငြိမ်း မျက်လုံးဖွင့်လိုက်လျှင် တွေ့နေရသည်မို့ တမင်ပင် ငြိမ်း မျက်လုံးမှိတ်ထားလိုက်ခြင်းဖြစ်၏။

ရုတ်ခနဲ လှုပ်ရှားလိုက်သလိုရှိ၍ ငြိမ်းမျက်လုံး ဖျတ်ခနဲ ဖွင့်အကြည့်တွင် သူ့လက်တစ်ဖက်သည် ငြိမ်း၏ပခုံးဆီသို့ ဖျတ်ခနဲ လှမ်းကိုင်လိုက်သောကြောင့် ငြိမ်းသည် မျက်လုံးထဲ မီးဝင်းခနဲ တောက်သွားလိုက်ရပြီး. . .

"ဟင်. .ရှင်. .ဖြန်း လူယုတ်မာ. . ."

နင့်နင့်နဲနဲအကြည့်၊ စကားတို့ဖြင့် ငြိမ်း သူ့ကို အားထည့်၍



www.burmeseclassic.com

www.burmeseclassic.com



ပါးရိုက်ပစ်လိုက်ပါတော့၏။ သူသည် ငြိမ်းအား စူးတောက်သော မျက်ဝန်းနက်နက်ကြီးတွေနှင့်သာကြည့်ပြီး သူ ဆုပ်ထားသည့် လက်တစ်ဖက်ကို ငြိမ်းရှေ့ဖြန့်ပြလာ၏။ ထိုအခါမှ. . .

"အား. . ."

ငြိမ်းသည် ကြောက်လန့်ကာ မျက်နှာလွှဲလိုက်မိရပါ၏။ အဘယ်ကြောင့်ဆိုသော် သူ့လက်ထဲမှာ မြွေသေးသေးလေးတစ်ကောင် ရယ် မဟုတ်ပါလား။

သူ ငြိမ်းကို စကားတစ်ခွန်းမှ မဆိုပါ။ မြွေလေးကို သူ တောထဲပြန်လွှတ်ပေးလိုက်သည်။

ထို့နောက် သူသည် စောစောကလိုပင် ခွေ့ခနဲပခုံးပေါ် တင်ကာ ထမ်းခေါ်သွား လိုက်ပါတော့၏။

သူလျှောက်ခဲ့သည်မှာ အတန်ကြီးခရီးပေါက်ပြီဖြစ်ကြောင်း ငြိမ်း တွက်မိသည်။ ဘယ်လမ်းဘယ်စခန်း သွားနေသည်မသိသော သူ့ခရီးအတွက် သူ့ပခုံးထက်မှပင် ငြိမ်းငွေ့နေရပါ၏။





ဘာလိုလိုနှင့် နေပင်အတန်စောင်းသွားလေပြီ။ ငြိမ်းမျက်ဝန်း လေး လက်သွားသည်။

သူ့ပခုံးပေါ်မှ ခေါင်းကို ငြိမ်း မတ်ကြည့်လိုက်သည်။

ရွာကလေးတစ်ရွာ၊ သူပြောသည့်ရွာပင်ဖြစ်မည်။ ငြိမ်း စဉ်းစားနေဆဲ သူ ငြိမ်းကို ပခုံးပေါ်မှ ညင်သာစွာ လျှောချပေးလိုက် လေ၏။

"ရွာရောက်ပြီ၊ မင်းသွားချင်တဲ့နေရာ သွားတော့. . ."

စကားအဆုံး သူ ရှေ့မှထွက်သွားတော့သည်။ ရွာစပ်သာ ရှိသေးသည်မို့ ငြိမ်းလည်း သူ့နောက်မှပင် လိုက်သွားရပါသေးသည်။

သူ့နောက်မှလိုက်လာရင်း ရွာထဲရောက်လာဟန်ရှိပြီ ဖြစ်သည်။ တဲသာသာ အိမ်ကလေးတွေကို ငြိမ်း ဖြတ်ကျော်လာခဲ့ ရသည်။

အိမ်တွေက စီစီရီရီရယ်မရှိ။ တောင်တစ်လုံး မြောက်တစ်လုံး မှာ ဆောက်ထားကြသည်။ ကိုယ်နေထိုင်ရာမှာ အိမ်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်နေကြသည့်သဘောပင်၊ ကျွန်းနေလူမျိုးအတန်းအစားတွေမို့ ထူးခြားတိုးတက်မှုဟူသည် နတ္ထိပင်။

သူ့နောက်မှ ငြိမ်းလိုက်နေသည်ကို ကျွန်းသူကျွန်းသား တွေမှာ စူးစိုက်ကြည့်နေကြ၏။

ငြိမ်း ဘယ်သွားလို့ ဘယ်လာရမည်မသိ၊ အိမ်တွေကလည်း တစ်လုံးနှင့်တစ်လုံးက မနီး၊ ငြိမ်းကိုကြည့်နေကြသည့် ကျွန်းသူမ တွေဆီ ငြိမ်းကြည့်မိသည်။

ငယ်ငယ်ရွယ်ရွယ်တွေနှင့်ပင် အိမ်ထောင်ကျနေကြဟန် ရှိသည်။ ငြိမ်းတွေ့ရသည့် အမျိုးသမီးတွေတိုင်း အပေါ်ပိုင်းအင်္ကျီ မဝတ်ဘဲ ကလေးတွေရင်ခွင်ပိုက်ကာ နို့တိုက်နေကြသည် မဟုတ် ပါလား။

ကျွန်းသားမည်းကြုတ်ကြုတ်တွေ၏ မျက်လုံးတွေကလည်း ငြိမ်းဆီမှာပင် ရောက်နေကြ၏။

သူတို့အကြည့်တွေကို ငြိမ်း အော်ဂလီဆန်ကာ ကြက်သီး





ထွေပင် ထနေရပါသည်။ ကောင်းနိုးရာရာ အဆင် ပြေမည်ထင်သည့် တစ်နေရာရာကိုရှာရင်း ကြည့်ရင်းကပင် ငြိမ်းသည် သူ့နောက်မှလိုက် နေရသလို ရှိနေပါ၏။

ရွာထဲအတန်လေး လျှောက်လာခဲ့ပြီးချိန်တွင် တခြားအိမ် တွေ နှင့် အတန်လှမ်းသော နေရာဆီသို့အရောက်။

တစ်အိမ်နှင့်တစ်အိမ် မနီးကြသော်လည်း ယှဉ်လျက်ဆောက် ထားသည့် အိမ်လေးနှစ်လုံးကို ငြိမ်း မြင်တွေ့လိုက်ရလေ၏။

သူက အိမ်လေးတစ်လုံးထဲသို့ တန်း၍ ဝင်ရောက်သွား လိုက်တော့သည်။ ထိုအခါမှ ငြိမ်းသည် သူ့အိမ်ရှေ့လေးတွင် ခြေစုံ ရပ်လိုက်မိရပါတော့၏။

သူ့အိမ်ရောက်၍ သူက ဝင်သွားလိုက်ပြီ မဟုတ်ပါလား။ ငြိမ်း ဘယ်သွားရမည်မှန်း မသိတော့ပါ။ နေက စောင်းရာမှ တစ်စ တစ်စ အမှောင်ဘက်ကူးချင်လာပြီဖြစ်သည်။

ငြိမ်းသည် အိမ်ကလေးနှစ်လုံးရှေ့ ယောင်လည်လည်ရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးထဲမှ သူထွက်လာပြီး တစ်ဘက်အိမ်ကလေးဆီသို့ လျှောက်သွားသည်ကို ငြိမ်းတွေ့လိုက်ရ၏။

ပြီးတော့ အိမ်ကလေးထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာပြီး သူနှင့် စကားပြောသည်ကို ငြိမ်း တွေ့ရသည်။

ထို့နောက် အမျိုးသမီးနှင့် စကားတွေပြောပြီး သူ့အိမ်လေးထဲသို့ သူပြန်ဝင်ရောက်သွားလိုက်ပါတော့၏။

သူ ငြိမ်းကို လုံးဝမကြည့်။ ငြိမ်းလည်း အရေးလုပ်၍ သူ့ကိုမကြည့်ပါ။

အမျိုးသမီးရှိသည့် အိမ်လေးဘက်ကိုသာ ငြိမ်းကြည့်နေသည်။ ငြိမ်း ကြည့်နေဆဲမှာပင် အိမ်လေးထဲမှ အမျိုးသမီးထွက်လာသည်ကို ငြိမ်းမြင်လိုက်ရသည်။

အမျိုးသမီးမှာ ငြိမ်းနှင့်သက်တူရွယ်တူလောက်ပင် ရှိမည်။ အသားညိုညို၊ ကိုယ်လုံးလေးလျားလျားဖြင့် မျက်နှာလေးလည်း ကြည့်၍မဆိုးပါ။





အမျိုးသမီးသည် ငြိမ်းထံလျှောက်လာပြီး ငြိမ်းကို ပြုံးပြလာသည်။ ငြိမ်းအနီးရောက်သည်တွင် အမျိုးသမီးသည် ငြိမ်း လက်ကို ဆွဲကိုင်လာရင်းက. . .

"လာ. .လာပါ၊ ငါ့အိမ်မှာ ဒီတစ်ညတည်းခိုနိုင်ပါတယ်"

ဆိုရင်း ငြိမ်းကို ဆွဲခေါ်နေလေ၍ ငြိမ်း မငြင်းပါလေတော့။ အမျိုးသမီးခေါ်ရာ သူ့အိမ်လေးဆီသို့ ငြိမ်းသည် ကျေးဇူးတင်စွာ လိုက်သွားမိရပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

– လေး –

တစ်ညလုံး ကြက်အိပ်ကြက်နိုးဖြင့် ငြိမ်းမှာ ကောင်းကောင်း အိပ်မပျော်ခဲ့။ ခုလည်း ငြိမ်း နိုးနေသည်။ နှစ်ခြိုက်စွာ အိပ်မပျော် နိုင်အောင်ပင် ငြိမ်းမျက်လုံးလေးတွေမှာ ကြောင်နေရချေ၏။

ငြိမ်း နိုးနေသည်မှာ လေးနာရီပင် ထိုးသေးဟန်မတူ။ မှောင်ထဲတွင်မို့ လက်မှနာရီလေးကိုပဲ ငြိမ်း မကြည့်နိုင်။ တစ်လောက လုံးဖြင့် တိတ်ဆိတ်ငြိမ်သက်ဆဲ ရှိနေ၏။

ငြိမ်းသည်လည်း တိတ်တိတ်ကလေး ငိုနေသည်ပါ။ တိတ်





တိတ်ကလေး ငြိမ်း မျက်ရည်ကျနေရသည်ပါ။ ကမ်းမမြင်လမ်းမမြင် ကျွန်းကြီးတစ်ကျွန်းပေါ်မှာ ငြိမ်း ရောက်နေရသည်။

မျက်နှာစိမ်းတွေအလယ်မှာ ငြိမ်းတစ်ယောက်တည်း။ ငြိမ်းနှင့်အတူ ပါလာကြသည့် ဖေဖေ၊ မေမေ၊ ဦးလေး၊ အဒေါ်နှင့် သင်္ဘောမောင်းသမား၊ အလုပ်သမားတွေလည်း အကုန်သေကုန်ကြပြီ။

ငြိမ်းမျက်စိရှေ့တွင် အသတ်ခံလိုက်ရသည့် မေမေ့အဖြစ်က ငြိမ်းမျက်လုံးထဲက မထွက်။ အလောင်းတွေ ဖျောက်ဖျက်နေသည့် လူသတ်သမား၏ လုပ်ကိုင်နေပုံကလည်း ငြိမ်းမျက်လုံးထဲက မထွက်ပါ။

လူသတ်သမားကို သိနေမြင်နေရနဲ့ ငြိမ်း ဘာမှမလုပ်နိုင်။ ရင်နာသည်။ အသည်းနာသည်။ အလွန်ရွံရှာစက်ဆုပ်သည်။

"ဟင့် . . ."

တွေးဆဲ ကျိတ်ကျိတ်ကလေး ငြိမ်းထံမှ ရှိုက်သံလေး တစ်ချက် ပွင့်ထွက်လာသည်။ တစ်ညလုံးလိုလို တွေးရင်းက ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ ကျခဲ့ရသည်။

နေ့ချင်းညချင်းကို ပြောင်းလဲသွားရသည့် ငြိမ်းဘဝ။ လိုတရ ခြင်း၏သည်ဘက်တွင် အလျှံပယ်နေခဲ့ရသည့် ငြိမ်းဘဝ၊ ပူပင်သောက ကြောင့်ကြမှုဟူသည် နားမလည်ခဲ့သော ငြိမ်း၊ ကားလေးတစ်စီးဖြင့် အေးချမ်းသာယာစွာ ကျောင်းတက်နေသော ငြိမ်း။

ခုတော့ . . .

"ဟင့် . .ဟင့် . . ."

ရှိုက်သံလေးတွေ ကျိတ်ထွက်ရပြန်၏။ ခုတော့ ငြိမ်း ဘဝ က မလုံမခြုံ၊ တံခါးမရှိ၊ အကာအကွယ်မရှိသော တဲသာသာ အိမ် ကလေးတွင် ငြိမ်း အိပ်စက်နေရသည်။

ကြည်လင်နေသော ကောင်းကင်ရောင်ကြောင့် အပြင်ဘက်မှ အလင်းရောင်ကိုပင် ငြိမ်း အိပ်နေသည့် နေရာမှ တိုးရိုပေါက် မြင်နေရ၏။

ငြိမ်း အိပ်မပျော်နိုင်ခဲ့သည်မှာ သောကပူဆွေးမှုများထဲ မလုံ





မခြုံ ထိုအခင်းသည်လည်း ပါဝင်နေရသည်ပါ။

"အဟင့် . .ဟင့် . .ဟင့် . . ."

ငြိမ်းထံမှ ရှိုက်သံလေးတွေ အဆက်မပြတ် ပေါ်ထွက်လာ နေရပါတော့၏။

ဘစ်ကိုယ်တည်း ငြိမ်း ကျိတ်ရှိုက်နေဆဲ၊ တစ်ဘက် အကွယ် လေး နေရာမှ အိမ်ရှင်အမျိုးသမီး၏ နိုးလာသော လှုပ်ရှားသံကို ငြိမ်း ကြားလိုက်ရလေ၏။

ငြိမ်း နှုတ်ခမ်းလေးပိတ်ကာ အသက်အောင့်၍ ကွေးကွေး လေး အိပ်နေဟန်ပြုနေလိုက်သည်။

ထိုစဉ် အမျိုးသမီးမှာ မီးခွက်ထွန်းလိုက်လေ၍ တဲလေး တစ်ခုလုံး အလင်းရောင်ဖြာသွားရလေ၏။

"အိပ်မပျော်ဘူးထင်တယ် . . ."

အိမ်ရှင်အမျိုးသမီးဆိုနေ၍ ငြိမ်း မျက်ဝန်းအစုံ ဖွင့်ကြည့် လိုက်ပြီး ငြိမ်း ထထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် အနေအထား တွင် ငြိမ်းတို့ထိုင်မိကြသည် တွင် ငြိမ်းကို သူကကြည့်လာပြီး. . .

"ငိုနေတာကို ငါကြားတယ်၊ ဘာလို့ငိုသလဲ၊ အားလျော့မှာပေါ့. . ."

မျက်ရည်တွေစိုကပ်နေသည့် မျက်တောင်ကော့ကြီးတွေကို ငြိမ်း စင်းထားပြီး သူ့ကိုကြည့်နေလိုက်သည်။

"နာမည်ဘာယ်လိုခေါ်လဲ. . ."

သူ မေးလာ၍. . .

"ငြိမ်း. . ."

"ငါ့နာမည်က ဒီးဒုတ်လို့ ခေါ်တယ်. . ."

"ဒီးဒုတ်. . ."

နှုတ်မှခေါ်ရင်း ငြိမ်း ခေါင်းညိတ်ပြလိုက်သည်။

"ငါ့အစ်ကိုနာမည်က ကိုဟန်မိုလို့ခေါ်တယ်. . ."

"ဒီးဒုတ်အစ်ကိုက ဘယ်သူလဲ၊ အခုဘယ်မှာနေလဲ"





"ငါ့အစ်ကိုနေတာ ဟိုမှာလေ၊ ဟိုဟာ သူ့အိမ်ပဲပေါ့"

"ဟင်. . ."

ငြိမ်း မိတန့်စ်ပါးကို သတ်သည့်လူသည် ဒီးဒုတ်၏အစ်ကို ဖြစ်နေကြောင်း သိလိုက်ရ၍ ဒီးဒုတ်မျက်နှာကိုပင် ငြိမ်းသည် အံ့ဩခြင်းဖြင့် ကြည့်မိလိုက်ပါ၏။

"အခုကတော့ ငါတို့မောင်နှမအတူနေတယ်၊ ငါ ယောကျ်ား ယူတော့ ငါ့အစ်ကိုက သူ့အိမ်နဲ့သူနေလိုက်တယ်. . ."

"ဟင်. .ဒီးဒုတ်က ယောကျ်ားနဲ့လား. . ."

"ဟုတ်တယ်၊ ငါ့ယောကျ်ားက ပင်လယ်ထဲထွက်သွားလို့ ငြိမ်းကို ငါ တစ်ညခေါ်သိပ်လို့ရတာပေါ့၊ အခုမိုးလင်းရင် ငါ့ယောကျ်ားပြန်ရောက်တော့မှာ၊ ငြိမ်း အိပ်လို့မရတော့ဘူး. . ."

ဒီးဒုတ်စကားကြောင့် ငြိမ်းမျက်လုံးပြူးသွားရလေသည်။

"ငါတို့ရွာမှာ ယောကျ်ားတစ်ယောက်ဟာ သူလုပ်ကျွေးနိုင်ရင် မိန်းမအများကြီးယူလို့ရတယ်၊ ငါတို့ရွာမှာ အပျိုမရှိဘူး၊ အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာနဲ့ ယောကျ်ားယူကုန်တာပဲ။ ယောကျ်ားတစ်ယောက်ကို လက်ရှိမိန်းမသုံးလေးယောက်ကို ရှိတယ်. . ."

"အို. . ."

ငြိမ်း စိတ်ညစ်နေရတော့သည်။

"ငါ့အစ်ကိုကတော့ မိန်းမတစ်ယောက်မှ မရှိဘူး၊ ငြိမ်း ယူလိုက်ပါလား. . ."

"ဟင် အို ဒီးဒုတ် ဘာယ်လိုပြောလိုက်တာလဲ. . ."

စိတ်ဆိုးခြင်းစွက်လျက် မခံမရပ်နိုင်သလို ငြိမ်း ဆိုလိုက်မိသည်။

"ငြိမ်းက ငါ့အစ်ကိုမယူရင် ငြိမ်းကိုယူချင်တဲ့ ယောကျ်ားတွေ ရှိနေမှာပဲ၊ ငြိမ်းလည်း သားမှတ်မှတ် မယားမှတ်မှတ် ဆေါင်းသင်းရာကျွေးတဲ့ ယောကျ်ားကိုယူရမှာပဲ၊ ငါ့ယောကျ်ားမှာကတော့ ငါ တစ်ယောက်ပဲ ရှိသေးတယ်. . ."

"အို. .ဘုရား. .ဘုရား. . ."





ဒီးဒုတ်ပြောပြသော သူတို့ကျွန်းခလေ့အကြောင်းအား ငြိမ်းကား အော်ဟစ်ငိုချင်လောက်အောင် ချောက်ချားနေရပါတော့၏။

သူတို့ရဲ့ကျွန်းခလေ့တဲ့။ စိတ်ညစ်လိုက်တာ. . .။

ငြိမ်းတစ်ကိုယ်လုံး ကတုန်ကရင်ဖြင့် စိတ်ဆင်းရဲနေရပါပြီ။

"ငါ့အစ်ကိုဟာ လူပျိုပဲ၊ သဘောလည်း သိပ်ကောင်းတယ်၊ ချောလည်းချောတယ်၊ ငြိမ်းယူပါလား၊ ငါ့အစ်ကိုနဲ့ ငြိမ်းနဲ့ဆို သိပ်လိုက်တယ်၊ ငါ့အစ်ကိုက ငြိမ်းကိုသိပ်ချစ်မှာပဲ. . ."

"ဒီးဒုတ် ဘာတွေပြောနေတာလဲ. . ."

"ငါတကယ်ပြောတာပါ. . ."

"အို. . ."

ငြိမ်း ငိုချင်နေရတော့သည်။

"ငါ့အစ်ကိုကို ငြိမ်းယူလိုက်ပါ၊ ငါ့အစ်ကိုဟာ ဘယ်မိန်းမကိုမှ မယူဖူးဘူး. . ."

"အဟင့်. .ဟင့်. .ဟင့်. . ."



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲကြီးစွာဖြင့် အားရပါးရ ငြိမ်း ငိုချလိုက်မိပါတော့၏။

"မနက်ဖြန်ဆိုရင် ငြိမ်းကို ယောက်ျားတွေက ကြည့်ကြမှာပဲ၊ ကြိုက်တဲ့လူက လာတောင်းရမ်းမှာပဲ ငြိမ်းကလည်း ရွေးပြီး လက်ခံရမှာပဲ. . ."

"အို မရွေးဘူး၊ ယူလည်းမယူဘူး၊ အဟင့်. .ဟင့်"

"ဒါဖြင့် ငါ့အစ်ကိုပဲ ငြိမ်းယူလိုက်နော်. . ."

"မယူဘူး၊ အဟင့်. .ဟင့်. . ."

ဒီးဒုတ်ကိုပင် ငြိမ်းအော်ပစ်လိုက်မိတော့သည်။ သဘောထားပြည့်ဝကောင်းမွန်သော ဒီးဒုတ်မှာ ငြိမ်းငိုနေပုံလေးအား ထူးဆန်းသနားသလို ကြည့်နေမိရှာ၏။

"ဟော ဟိုမှာ ငါ့အစ်ကိုနီးလာပြီ. . ."

တစ်ဖက်တဲမှ မီးလင်းလာသည်ကိုကြည့်ပြီး ဒီးဒုတ်ဆိုသည်။ ငြိမ်းက မကြည့်။ ငြိမ်းကိုယ်ငြိမ်း သတ်သာသေလိုက်ချင်ပါတော့





သည်။

ဒီးဒုတ်သည် ငြိမ်းငိုနေသည်ကိုကြည့်လိုက်၊ အစ်ကိုဖြစ်သူ ဟန်မိုရှိသည့်တဲဆီသို့ လှမ်းကြည့်လိုက်နှင့်ရှိ၏။

ဟန်မိုသည် မီးအိမ်လေးကိုင်ကာ မီးလင်းနေသည့် ဒီးဒုတ်တို့တဲဆီ လှမ်းကြည့်နေသည်ကို ဒီးဒုတ်တွေ့နေရသည်။

"ဟိုမှာ ငါ့အစ်ကို ငြိမ်းကိုကြည့်နေတယ်ထင်တယ်"

ငြိမ်း သွားလေးတွေ စေ့ကျိတ်ပစ်လိုက်မိသည်။ ဘာကိုမှလည်း ငြိမ်း မကြည့်။ တစ်စတစ်စဖြင့် မိုးကလင်းလာပါပြီ။ ငြိမ်းကြက်သီးတွေထလာသည်။ တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်လာ၏။

ထို့နောက် ထိုင်ရာမှ ဖြုန်းခနဲထကာ ဒီးဒုတ်တဲလေးပေါ်မှ ငြိမ်းသည် ခြေဦးတည့်ရာဆီသို့ ပြေးထွက်သွားလိုက်ပါတော့၏။

"ကိုဟန်မို. .ငြိမ်းနောက်လိုက်ပါဦး. . ."

ဒီးဒုတ်အသံလေးကို ငြိမ်း သဲ့သဲ့ကြားလိုက်မိသည်။ ထိုအသံကိုပင် ငြိမ်း မကြားချင်။



www.burmeseclassic.com

www.burmeseclassic.com



ခြေဦးတည့်ရာ ခြေကုန်သုတ်၍ ငြိမ်း ပြေးနေမိ၏။ ဘယ်လမ်း၊ ဘယ်ဆီ ငြိမ်း ဘာမှမသိ၊ ဘယ်ကို ရောက်၍ရောက်မှန်းလည်း ငြိမ်းမသိ၊ သေသေကြေကြေ ပြေးရှိန်ကို မရပ်။

"အို. .အမေ. . ."

တစ်နေရာအရောက် ငြိမ်း ခြေခေါက်၍ လဲကျသွားရလေသည်။ ခြေကလည်းနာ၊ ငြိမ်း မောလည်းမောနေပြီ။ ချွေးတွေကလည်း တစ်ကိုယ်လုံးရွှဲနေပြီ။

လက်နှစ်ဖက်နှင့် ငြိမ်း မျက်နှာလေးကို ပွတ်သပ်လိုက်မိသည်။ နှုတ်ခမ်းလေးကို ထိသွားရ၍ ငြိမ်း နာကျင်သွားရ၏။

ဘာဖြစ်မှန်းမသိ။ ငြိမ်းလက်ကို ကြည့်မိတော့ လက်ဖဝါးလေးမှာ သွေးတွေစွန်းနေရလေသည်။

ငြိမ်း သဘောပေါက်သွားရသည်။ သွားနှင့်ဖိကိုက်မိ၍ ငြိမ်း နှုတ်ခမ်းပေါက်သွားရသည် မဟုတ်ပါလား။

ငြိမ်း နှုတ်ခမ်းမှ သွေးတွေက စီးကျနေသည်။ နာစရာတွေ





အပြည့်နှင့် မောဟိုက်ခြင်း၊ ငိုရှိုက်ခြင်းအဖြစ်တွေနှင့် ငြိမ်းတစ်ယောက်တည်း ရှိဆဲ။ ရိပ်ခနဲ ငြိမ်းရှေ့သို့ ဟာနိမို ရောက်လာ၏။

"ဟင်. .ရှင် သွား၊ အခုသွား. . ."

ငြိမ်း အော်ပစ်၏။ ငြိမ်းစကားကို တည်ငြိမ်သော မျက်ဝန်းညိုတော့နှင့် ကြည့်နေလေ၏။

ငြိမ်းစကားတို့ကို သူ မကြားသလို၊ ဂရုမထားသလို။ ငြိမ်း အနီး၌ မုခတိုးဒူးထောက် သူ ထိုင်ချလိုက်သည်။

"ဖြန်း. .အ. . ."

ငြိမ်း သူ့ပါးကို ရိုက်ပစ်လိုက်သည်။ သူက မဖြုံ၊ ငြိမ်းလက်ကလေးသာ နာသွားရသည်။

ငြိမ်း ပါးရိုက်လိုက်သည့်ကိုပင် သူ့အကြည့် သူ့အသွင်သည် ပြောင်းလဲ၍မသွား။ နာသွားသည့် ငြိမ်း ခြေထောက်လေးတစ်ဖက်ကို ဟာနိမို ကိုင်ကြည့်လိုက်သည်။

ငြိမ်း ခြေထောက်လေးကို ဟိုလှည့်ဒီလှည့် ကြည့်သလိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖွဖွ ဆုပ်ရင်း ဆတ်ခနဲတစ်ချက် ဆွဲလိုက်သည်တွင် ကျွတ်ခနဲ အသံနှင့်အတူ ငြိမ်းခြေထောက်လေးသည် နေကောင်းသွားရပါချေ၏။

ထို့နောက် ဟန်မိုသည် ငြိမ်းမျက်နှာလေးမှ ချွေးတွေစိမ့်ထွက်နေသည့် နှုတ်ခမ်းဆီသို့ ကြည့်လိုက်သည်။

ငြိမ်းသည်လည်း သူ့အားမုန်းတီးသော မျက်ဝန်းတွေနှင့် ကြည့်နေလိုက်ပါ၏။

မျက် မှောင်တွန့်တာ သူ ငြိမ်းကိုကြည့်လိုက်သည်။ သူ့ထုံးစံအတိုင်း ငြိမ်း သူ့ကိုပါးရိုက်လိုက်သည်ကိုပင် ဘာမှမသိလိုက်ဟန်လိုရယ်။

"သွားမယ်. . ."

"မသွားဘူး၊ မလိုက်ဘူး. . ."

"ဒါဖြင့် ဘယ်သွားမလဲ၊ ဘာလုပ်မလဲ. . ."

"သေချင်တယ်၊ သေဖို့သွားမယ်. . ."





"ဘာလို့သေချင်ရတာလဲ. . ."

"ရှင်တို့ရဲ့ကျွန်းခလေ့ကြီးအတိုင်း ငြိမ်း မလုပ်နိုင်ဘူး၊ ဘယ်သူ့ကိုမှ မယူနိုင်ဘူး၊ ငြိမ်း သေပဲသေပစ်လိုက်မယ်. . ."

"အလကားနေရင်း ဘာဖြစ်လို့သေချင်ရတာလဲ၊ လူ့ဘဝဆိုတာ ရခဲပါတဲ့၊ လူ့လောကမှာရှိတုန်း လောကကြီးအတွက် အကျိုးပြုလေးတစ်ခုခု မင်းလုပ်သွားသင့်တယ်၊ ဥပမာ မင်းရဲ့သားစဉ်မြေးဆက် ကလေးတွေရှိဖို့တော့ လိုအပ်တယ်၊ ဒါမှ မင်းရဲ့မျိုးဆက်တွေက တစ်ဆင့် ဒီကျွန်းရဲ့အလုပ်ကို ဆက်လက်ပြီး ဆင်သွားနိုင်မယ် မဟုတ်လား. . ."

ဟန်မိုကမူ ထုံးစံအတိုင်းပင် ရှိ၏။

ငြိမ်းသည်သာ မျက်ဝန်းအစုံထဲ အမုန်းငွေ့တွေ တလူလူ ထွက်ရင်း သူ့မျက်နှာဆီ ကြည့်နေရင်းမှ. . .

"ရှင်လိုလူတစ်ယောက်ရဲ့ပါးစပ်က ဒီစကားကို ပြောတာ၊ ငြိမ်း အံ့ဩတယ်၊ ရယ်ချင်တယ်၊ ဒီမှာ ကိုဟန်မိုဆိုတဲ့လူ၊ စောစော



www.burmeseclassic.com

www.burmeseclassic.com



က ရှင်ပြောတဲ့စကားကို ငြိမ်းရှေ့မှာ ထပ်မပြောနဲ့၊ ရှင့်အကြောင်းကို မသိတဲ့လူတွေရှေ့မှာ သွားပြော. . ."

"မင်း ငါ့ကိုဘာတွေပြောနေတာလဲ. . ."

"အဟင်း ဟင်း။ တောသားက တော်တော်အမှုအရာကောင်းတာပဲ. . ."

"အိုကွာ. .မင်းပြောတာတွေ ငါ ဘာမှနားမလည်ဘူး။ မိုးလင်းနေပြီ၊ သွားမယ်. . ."

"ငြိမ်း မသွားဘူးလို့ ပြောနေတာယ်မဟုတ်လား. . ."

"ဒီလိုပဲနေလို့မှမရဘဲ. . ."

ဟန်မိုဆိုရင်း ငြိမ်းကိုယ်လေးအား ပွေ့ချီလိုက်သည်။

"အို လွှတ် လွှတ်၊ မလိုက်ဘူးလို့ ပြောနေတာ မကြားဘူးလား. . ."

ဟန်မို၏ရင်ဘတ်နှင့် မျက်နှာတို့ဆီ ရိုက်ထုကုတ်ခြစ်ရင်း ငိုရင်းက ငြိမ်း ဆိုသည်။ ဟန်မိုအား လူသတ်သမားကြီးဟုလည်း





ငြိမ်း ခေါ်ပြောပစ်လိုက်ချင်ပါသည်။

သို့သော်လည်း ထိရောက်စွာ ငြိမ်း ကလဲ့စားပြန်မချေနိုင်မည်ကိုစိုး၍ ထိုစကားကိုဖြင့် ငြိမ်း ချုပ်တီးထားလိုက်ရပါ၏။ ထုရိုက်ငိုရှိုက်ခြင်းဖြင့် ဟန်မိုခေါ်ရာသို့ ငြိမ်း ပြန်ပါလာ၏။ ။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com

## – ငါး –

ဟန်နီမိုသည် ဆန်ဖွပ်ရင်း ငြိမ်းဆီသို့ တစ်ချီတစ်ချီ လှမ်းကြည့်နေမိလေသည်။ ဘယ်သူတွေ ဘာလုပ်နေနေ ဟန်နီမိုကား စိတ်မဝင်စားသလိုသာ ရှိနေလေ၏။

သူ့အိမ်ရှေ့တွင် ဆန်ဖွပ်လိုက်၊ ငါးခြောက်လှန်းလိုက်၊ ထင်းတွေသယ်လိုက်ဖြင့် အိမ်အလုပ်တွေသာ သူ လုပ်နေသည်။ အလုပ်လုပ်ရင်းကဖြင့် တစ်ချီတစ်ချီ ငြိမ်းဆီသို့တော့ သူ လှမ်းကြည့်ဖြစ်၏။





ငြိမ်းသည် ခေါင်းလေးငုံ့ကာ ကုံ့ကုံ့လေး ထိုင်နေရပါသည်။ ကြောက်လန့်ချောက်ချားစိတ်ဖြင့် ငိုရန်ပင် ငြိမ်းတွင် အင်အားမရှိတော့သလိုပါ။

နှုတ်ခမ်းလေးနှစ်လွှာ တင်းတင်းစေ့၍သာ ငြိမ်း နေနေမိသည်။ ဘယ်သူ့ကိုမှ ငြိမ်း မကြည့်မိ၊ ကြည့်လည်း မကြည့်ချင်ပါ။ ငြိမ်းအတွက် အားကိုးရာသည် မဲ့နေရချေသည် မဟုတ်ပါလား။

သူတို့တွေကိုကြည့်ပြီး သူတို့စကားတွေ ကြားနေရသည်ကပင် ငြိမ်းသည် စိတ်ဆင်းရဲခြင်းမက ရှိနေရပါ၏။ ကျွန်းသူအမျိုးသမီးတွေကမူ စကားတစ်ခွန်းမှမပြောဘဲ စိတ်ဝင်တစား ကြည့်နေကြသည်။

ဟန်နီမို ငြိမ်းဆီသို့ လျှောက်လာလိုက်သည်။ ဟန်နီမိုကို မြင်၍ လူတွေမှာ ပြန်မည့်ဆဲဆဲမှ မပြန်ကြသေးဘဲ စိတ်ဝင်စားစွာ ဟန်နီမိုနှင့် ငြိမ်းဆီသို့ ဝိုင်းကြည့်နေလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီးဒုတ်သည်လည်း စိတ်ဝင်စားစွာ အစ်ကိုဖြစ်သူကို ကြည့်နေမိသည်။

"ငါ့ဆီမှာ မိန်းမလုံးဝမရှိဘူး၊ ဒီတော့ သူ့ကိုငါတောင်းရမ်းတယ်. . ."

"အဲဒါကောင်းတယ်၊ ဟာန်မို ယူ၊ ဟာန်မိုနဲ့ဆိုရင် ဒီမိန်းကလေးဟာ အကောင်းဆုံးပဲ. . ."

ဝိုင်းကြည့်နေကြသောသူတွေက လှမ်းလိုက်ကြသည်။ ဘယ်အချိန်ကတည်းကမျှား ဟာန်မိုကို သူတို့တွေ မိန်းမယူစေချင်နေကြသည်မသိ၊ ငြိမ်းကိုယူမည်ဆို၍ သူတို့တွေ ဝမ်းသာနေကြသည်။ အားလုံးထက် ဒီးဒုတ်သည် ပို၍ဝမ်းသာနေမိပါ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ဒီးဒုတ်သည် အစ်ကိုဖြစ်သူနှင့် ငြိမ်းအား လွန်စွာမှ သဘောတူနေသောကြောင့်ပါတည်း။

ဟာန်မိုသည် ငြိမ်းကို တစ်ချက်ကြည့်လိုက်သည်။ ငြိမ်းသည်က သူ့ကို အကြည့်ထူးထူးတွေနှင့်သာ ကြည့်နေလေ၏။





ငြိမ်းအကြည့် တွေကို ဟာန်မို မကြိုက်သည်ကအမှန်။ သို့သော်လည်း သူ ဘာကိုမှ မပြောပါလေ။

ပြောမဆို သူ့လုပ်နည်း အတိုင်း ဟာန်မိုသည် ထားကိုယ်လေးအား သူ့ပခုံးထက် ထွေ့ခနဲထမ်းတင်ကာ သူ့အိမ်ဆီသို့ ခေါ်သွားလိုက်ပါတော့သတည်း။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com

– ခြောက် –

ဟန်မိုသည် ပလိုင်းတစ်လုံးနှင့် ဓားတစ်ချောင်းကိုယူလိုက်ပြီး ငြိမ်းကို ကြည့်လိုက်သည်။ ငြိမ်းသည်လည်း သူ့ကိုကြည့်နေပါလေ၏။

ငြိမ်းအကြည့်သည် ဟန်မိုထက် သူ့လက်ထဲမှ ကိုင်ထားသည့် ဓားဆီသာ ပို၍ရှုးစိုက်နေရသည်ပါ။

ကြည့်ဆဲ ငြိမ်းသည် ရင်ထဲ အသည်းတို့နာကျင်အက်ကွဲလာ၍ အကြည့်တို့ကို လွှဲလိုက်ရပါလေ၏။





နွေကာလတိုင်းပေါ်ချိန်မို့ ဟန်မိုသည် သစ်သီးခူးရန် ယာထဲသွားမည်မို့ ငြိမ်းအား ခေါ်သွားလျှင်ကောင်းမလား၊ ထားခဲ့လျှင်ကောင်းမလားဟူသော စိတ်ကူးဖြင့် တွေးဆကြည့်နေခြင်းပါလေ။

နောက်ဆုံးမတော့ အကြည့်လေးလွှဲသွားသည်မို့ ဟန်မိုသည် တဲပေါ်မှ ဆင်းလိုက်ပြီး. . .

"ငါ ယာထဲသွားပြီး အသီးအနှံတွေ သွားခူးဦးမယ်၊ မင်း အိမ်မှာနေနော်၊ ဘယ်မှမသွားနဲ့. . ."

သူ့စကားအတွက် ငြိမ်း အင်း အဲမလုပ်၊ နှုတ်ခမ်းလေး တစ်ဘက် ကွေးညွှတ်ကာ ငြိမ်း မျက်နှာလေးကိုသာ မဲ့ပစ်လိုက်သည်။

ဟန်မို ငြိမ်ပါသည်။ သို့သော်လည်း ဟန်မို ယာထဲသို့ ထွက်ခဲ့လိုက်၏။ ဟန်မိုထွက်သွားသည်နှင့် ငြိမ်းသည်လည်း သွားလေးတွေ ခဲကျိတ်ကာ အိမ်မှထွက်ခဲ့လေသည်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိ၏မိဘနှစ်ပါးနှင့် ဦးလေး အဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေကိုပါ ရက်ရက်စက်စက်သတ်သည့် လူသတ်သမား နှင့်တော့ ငြိမ်း အတူမနေနိုင်ပါ။

ဒီလူနှင့် နေရမည့်အစား ငြိမ်း သေပစ်လိုက်မည်။ ဒီလူကို ထိရောက်စွာ အရေးယူကာလဲ့စားချေရဖို့ ကိုလည်း ငြိမ်းတွင် အင်အားမရှိသေး။

အင်အားကြီးသူ အနိုင်ယူသော၊ တရားဥပဒေမရှိသော ထိုကျွန်းတွင် လူသတ်သမား၏အပြစ်ကို မည်သူကဖော်ထုတ်၍ အပြစ်ဒဏ်တို့ ပေးနိုင်ပါမည်နည်း။

ငြိမ်းသည် ရင်ထဲခံပြင်းမှုတွေနှင့် ပင်လယ်ကမ်းခြေဘက် သွားသောလမ်းအား မှန်းဆကာ ခြေလှမ်းသွက်သွက် ကလေးတွေနှင့် ပြေးထွက်ခဲ့ပါ၏။

ခြေဦးတည့်ရာလာခဲ ရေ့တွင် ချောင်းတစ်ခုကို ငြိမ်း တွေ့လိုက်ရသည်။ ချောင်းလေးက မကျဉ်းလွန်း၊ မကျယ်လွန်း ရေအတိမ်အနက်ကလည်း မည်မျှရှိသည်ကို ငြိမ်း မသိ။





ငြိမ်း ကိုယ်၌လည်း ရေမကူးတတ်။

"ဒုက္ခပါပဲ၊ အဟင့် ဟင့်. . ."

မိမိကိုယ်ကို သေကြောင်းကြံရန် တွက်ထားသော ငြိမ်း ရေချောင်းစပ်လေးနားတွင်သာ ထိခိုက်တွေဝေစွာ ထိုင်နေမိ၏။

ချောင်းလေးနံဘေး စိတ်ဆင်းရဲလှစွာ ကိုယ်နှင့်စိတ်တို့ ကင်းကွာနေခဲ။

ငြိမ်းနံဘေး ရိပ်ခနဲရပ်လာသည့် ခြေအစုံကို မြင်လိုက်ရလေ၍ အလန့်တကြား ငြိမ်း မော့ကြည့်လိုက်သည်တွင်. .။

ဟာန်မို. .

"ဟင်. .ရှင်. . ."

ဟာန်မိုသည် ထား၏လက်မောင်းလေးနှစ်ဖက်အား ဆတ်ခနဲ ဆွဲကိုင်လိုက်ပြီး. . .

"မင်းကို ငါအိမ်မှာ နေခိုင်းခဲ့တာ ဘာကြောင့်မနေတာလဲ"

"မနေချင်လို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စကားကို မင်းနားထောင်ရမယ် . ."

"မထောင်နိုင်ဘူး. . ."

"ငါတို့ ကျွန်းသူကျွန်းသားတွေဟာ လင်ရဲ့စကားကို မယား က နားထောင်တာချည်းပဲ. . ."

"ငြိမ်းဟာ ရှင်တို့ကျွန်းသူမဟုတ်ဘူး။ ပြီးတော့ ရှင့်မိန်းမ မဟုတ်ဘူး. . ."

ဆုပ်ကိုင်ထားသည့် ဟန်မိုလက်တွေကို ငြိမ်း ဆောင့်ရုန်းဖယ် ထုတ်ပစ်လိုက်သည်။

"ဘာပဲပြောပြော ငါတို့ကျွန်းရဲ့ဓလေ့ထုံးတမ်းအရ မင်းဟာ ငါ့ရဲ့တရားဝင်မိန်းမပဲ. . ."

"ဘာပြောတယ်၊ ကဲဟယ် ဖြန်း. . ."

အငြိမ်း၏ ကြည်လင်ပြတ်သားသော ဟန်မို့စကားအတွက် ဒေါသမီးဝင်းဝင်းတောက်ကာ ဟန်မို့ပါးတစ်ဖက်ကို ငြိမ်း လှဲရိုက် လိုက်ပြန်သည်။ ဟန်မိုကား ထုံးစံအတိုင်းပါပဲ။





"မင်းဟာ ဒေါသသိပ်ကြီးတဲ့ မိန်းမပဲ. . ."

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရှင့်ကိုသိပ်မုန်းတယ်. . ."

"ငါက သည်းခံတတ်တဲ့သူပါ၊ မင်းဒေါသကြီးချင်သလောက် ကြီးပါ. . ."

"ဟွန်း. .ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ မုန်းတယ်"

"ငါကတော့ မင်းကိုချစ်တယ်၊ ကြိုက်တယ်။ မင်းဟာ ရွှေရုပ်လေးလိုလှပမယ့် သိပ်ရိုင်းတယ်. . ."

"ဟုတ်တယ်။ ရိုင်းတယ်၊ ရှင်နဲ့ဆိုပိုရိုင်းမယ်. . ."

"မင်းကြိုက်သလောက်ရိုင်းပါ၊ ငါက သည်းခံတတ်တဲ့သူလို့ ပြောထားတာပဲ. . ."

"တောက် ဟွန်း. . ."

ဟန်မိုကို မုန်းတီးသော မျက်ဝန်းတွေနှင့်ကြည့်ကာ ငြိမ်း ထွက်သွားမည်အပြု ဟန်မိုသည် ငြိမ်းလက်ကောက်ဝတ်လေးတစ်ဖက် ကို လှမ်းဆွဲထားလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမှာလဲ. . ."

"ဘယ်သွားသွား. . ."

"ဒီလိုဘယ်ဖြစ်မလဲ၊ မင်းကိုငါလာခေါ်တာ၊ ငါ့သစ်သီးတွေ တောင် မခူးရသေးဘူး၊ မင်းကိုစိတ်မချလို့ ပြန်လှည့်လာတာ၊ ငါ ထင်တဲ့အတိုင်း မင်းက ငါ့စကားကို နားမထောင်ဘူး. . ."

"ဘယ်တော့မှမထောင်ဘူး၊ ရှင်ပြောမနေနဲ့. . ."

"မင်းဟာ ငါ့မိန်းမ၊ ငါပြောတာ နားထောင်ရမယ်. . ."

"ရှင် ဒီစကားမပြောနဲ့၊ ရှင့်ဟာရှင် ကျွန်းသူတွေကို ရှင် ယူ. . ."

"ငါက မိန်းမသုံးလေးယောက်ယူတတ်တဲ့ လူစားမဟုတ် ဘူး၊ မင်းတစ်ယောက်ပဲ. . ."

"ကဲဟာ၊ ကဲဟာ ပြောဦး. . ."

ဟာန်မို၏ ရင်ဘတ်ဆီသို့ လက်သီးဆုပ်လေးတွေနှင့် ငြိမ်း ထုရိုက်ပစ်လိုက်တော့သည်။





ဟာန်မိုကား ကြည်မြသော မျက်ဝန်းတွေနှင့်သာ ငြိမ်းကို ကြည့်မိနေလေပါ၏။

ထုရိုက်၍ ငြိမ်း လက်ပန်းကျလောက်ချိန်မှ ဟာန်မိုသည် ငြိမ်းလက်လေးနှစ်ဖက်ကို ကိုင်လိုက်ပြီး. . .

"အိမ်ရောက်တဲ့အခါ မင်းကျေနပ်သည်အထိ ငါ့ကို ရိုက်ပါ၊ ရိုက်လို့မှမကျေနပ် အားမရနိုင်ဘူးဆိုရင် အဲဒီဓားနဲ့ မင်း ငါ့ကို ခုတ်သတ်လိုက်၊ မင်းကို ငါ ချစ်တယ်၊ ငါဟာ မင်းအတွက်ပဲ ဖြစ်စေရမယ်. . ."

လွယ်ထားသည့် ပလိုင်းတွေ ဓားတွေ၊ အကျီတွေကို ချွတ်ပြီး ဟာန်မိုဆိုသည်။

ငြိမ်းသည် သူပစ်ချလိုက်သည့် ဓားရှည်ဆီသို့ လှမ်းကြည့် လိုက်သည်။

ထို့နောက် အတွင်းသွားလေးများကိုစေ့ကာ မျက်ဝန်းလေး အစုံ မှိတ်ပစ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ငါရေချိုးမယ်၊ ပြီးရင် အိမ်ပြန်ပြီး ထမင်းစားမယ်"

"မချိုးချင်ဘူး . . ."

"အိမ်ရောက်မှ ချိုးမှာလား . ."

"ဒါ ရှင်မေးစရာ မလိုဘူး . ."

"ညစ်ပတ်သလောက် လှနေတဲ့ မိန်းမပဲ . ."

"ရှင် ဘာပြောတယ် . . ."

"မင်းဟာ ရေမချိုးဘဲနဲ့ တောင် လှတယ်လို့ပြောတာ . ."

"ဟွန်း . .ရှင် အို ရှင့်ဟာရှင် ရေသွားချိုး . . ."

ဘွင်းဘွင်းကြီးပေမယ့် စကားတတ်သည့် ကျွန်းသားလူချော ကြီးအား ငြိမ်းပြုံး၍စကားမပြောချင်တော့။

ဟန့်မိုသည် ငြိမ်းအား အေးမြရွှန်းလဲ့နေသော မျက်ဝန်းတို့ဖြင့် ကြည့်ရင်း ချောင်းထဲဆင်းသွားလိုက်ပါလေတော့၏။

ဟန့်မို ရေကူးနေသည်ကို ငြိမ်း မေ့လျော့ကာ ကြည့်နေပြီး ကမ်းမှ အကြည့်တို့လွှဲလိုက်ပြီး ရေစပ်တွင် ခြေလေး နှစ်ချောင်း





တွဲလောင်းချကာ ထိုင်နေလိုက်သည်။

ရေကူးနေရာမှ ငြိမ်းဆီသို့ ဟန်မို လှမ်းကြည့်လိုက်သည်။

ငြိမ်းသည် ငေးငေးလေးရယ် ရှိနေ၏။

ဟန်မိုသည် ငြိမ်းအနီးသို့ ရေကူးရောက်လာပြီး ရေထဲမှ ငြိမ်းခြေထောက်လေးအစုံအား ပွတ်သပ် ပေးနေမိလေသည်။

"အို . .သွား သွား ဒီလိုမလုပ်နဲ့ . . ."

ငြိမ်းသည် ဟန်မိုအား ရှုံ့ရှာမှုန်းတီးသော၊ အယုံအကြည် မရှိသော၊ နာကြည်းသော၊ မနှစ်မြို့သော ခံစားမှုအလုံးစုံဖြင့်ကြည့်ကာ အကြောက်အကန် ငြင်းဆိုရင်းက ရေထဲချထားသည့် ခြေလေးကို ရုပ်ယူ၍ ထရပ်လိုက်ပါတော့၏။

ငြိမ်းအကြည့်၊ ငြိမ်းအပြုအမူများကြောင့် ဟန်မို၏ မျက်ဝန်း အစုံ ဝေရည်သွားရှာပါ၏။

သို့သော်လည်း ဟန်မိုသည် မည်သို့မျှ ငြိမ်းအား မဆိုပါ လေ။ ချောင်းထဲမှ ပြန်တက်လာပြီး သူချထားသည့် အင်္ကျီ၊ ပလိုင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဓားတို့ကို လက်တစ်ဖက်နှင့်ကိုင်ကာ ကျန်လက်တစ်ဖက်နှင့် ဟန်မိုသည် မပြောမဆို ငြိမ်းကိုယ်လေးအား ပခုံးထက်ထမ်းလျက် အိမ်သို့ ပြန်ခဲ့ပါတော့သတည်း။ ။

♡ ♡ ♡



— ခုနှစ် —

မိုးချုပ်ပြန်ပေဦးတော့မည်။

ငြိမ်း စိတ်ညစ်သည်။

မိုးချုပ်လျှင် ငြိမ်း အလွန်စိတ်ညစ်ရသည်။

အထူးသဖြင့် အိပ်ရာဝင်ချိန်။

ဟန်မိုနှင့် ငြိမ်း၊ ကျွန်းသူကျွန်းသားတို့၏ ယဉ်ကျေးမှုနှင့်မလျော်အရ ဟန်မို့ဘက်မှကြည့်လျှင် ငြိမ်းသည် ဟန်မိုပိုင်ဆိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖနိုးရယ်။

ငြိမ်းဘက်ကကြည့်ပြန်တော့ မြို့ကြီးပြကြီးသူ ခေတ်ပညာတတ် တစ်ယောက်၊ ရုပ်ရည်အဆင်းနှင့် ပြည့်စုံသော တစ်ဦးတည်းသော သူဌေးသမီး။

ရွှေမြို့တော်မှ လူနေခွဲခရိုက်၊ ယဉ်ကျေးမှု အဆင့်အတန်းများနှင့် အကွာကြီးကွာဟနေသော မြေကျွန်းမှ ကျွန်းသူကျွန်းသားတို့၏ ယဉ်ကျေးမှုခလေ့အရ ဘဝကြမ္မာဆိုး၍ မျက်စိလည် လမ်းမှားကာ ရောက်လာရရှာသော ငြိမ်းအတွက် . . .

ယဉ်ကျေးမှုခလေ့နှင့် အဆင့်အတန်းချင်း မစပ်မအပ်၊ မအပ်မရာအဖြစ်ကြီးနှင့် လင်တစ်ယောက်ယူရမည့်အဖြစ်ကိုဖြင့် ငြိမ်း လက်မခံနိုင်ပါ။

ပြီးတော့ ငြိမ်းယူရမည့်ယောက်ျားသည် ငြိမ်း အမုန်းဆုံး၊ အရွံရှာဆုံး၊ အနာကြည်ဆုံး၊ အထင်သေးဆုံးလူ။

ငြိမ်းမိဘနှစ်ပါးနှင့် ဦးလေး အဒေါ်တို့နှင့် သဘောသဘောပါတွင်





ပါလာသည့် အလုပ်သမားအားလုံးတို့ကိုသတ်ပြီး ပစ္စည်းယူထားသည့် လူသတ်သမားကြီး။

ငြိမ်း မုန်းသည်၊ နာကြည်းသည်။ အမှောင်သည် တစ်စတစ်စ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်၏၊ ငြိမ်းသည် တဲလေးရှေ့မှ သစ်ဆုံလေးပေါ်တွင် ထိုင်နေဆဲ။

ဒီးဒုတ်တို့တဲအိမ်လေးဘက် ငြိမ်း ငေးကြည့်နေမိသည်။ သူမဆီလည်း ငြိမ်း သွားအိပ်လို့မရတော့။ ဒီးဒုတ်ယောက်ျားက ရှိနေပြီမဟုတ်ပါလား။

"ဟင်း. . ."

တစ်ကိုယ်တည်း သက်မချလေးတွေကို ငြိမ်း ကျိတ်ချနေမိသည်။ တဲအိမ်ထဲမှ ဟန်မိုသည် မီးအိမ်လေးကို ထွန်းညှိလိုက်သည်။ အမှောင်သည် လုံးဝပီပြင်နေပြီ မဟုတ်ပါတကား။

တဲရှေ့သစ်ဆုံပေါ်မှ ထိုင်ရာမှ ငြိမ်းကမထ။ တုတ်တုတ်မျှလည်း မလှုပ်၊ ဟန်မိုကလည်း မခေါ်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဆီတော့ သူ လှမ်းလှမ်းကြည့်နေမိ၏။ သူ့မျက်စိအောက်၌ ငြိမ်းရှိနေလျှင် ငြီးရော့ဟု သဘောပိုက်ထားသည်လား မသိ။

မန်မီးအိမ်လေးအလင်းရောင်ဖြင့် ဟန်မိုသည် ကျောက်ဖရုံမျိုးစေ့တို့ကို ရွေးနေလိုက်ပါလေ၏။

"ဖတ် ဖတ်. . ."

ခြင်ကိုက်လာ၍ ခြင်တွေကို တဖတ်ဖတ်နှင့် ငြိမ်း ရိုက်နေသံကို ကြားသဖြင့် ဟန်မို လှမ်းကြည့်သည်။

ငြိမ်းကဖြင့် မကြည့်၊ ခသိ၊ သူ့ကိုနောက်ကျောလေးထားဆဲပင်နေ၏။

ဟန်မို မနေသာတော့။ တဲလေးပေါ်မှဆင်းပြီး ငြိမ်းအနီးလျှောက်ခဲ့လေသည်။

"ခြင်ကိုက်တယ်လေ. . ."

"သိတယ်. . ."





"ဘာဖြစ်လို့ ခြင်ကိုက်ခံနေတာလဲ. . ."

"ခြင်ကိုက်ခံချင်ပါ့မလားရှင့်၊ ရှင့်ခြင်က သူ့အလိုလို ကိုက်နေလို့ ရိုက်သတ်နေရတာ. . ."

ငြိမ်းစကားကြောင့် အသံမထွက်ဘဲ သွားဖွေးဖွေးတို့ ပေါ်သွားသည်အထိ ဟန်မို လှစ်ခနဲရယ်လိုက်လေသည်။ တစ်ဖက်လှည့်ကာ ရယ်လိုက်သည့် ဟန်မိုကို ငြိမ်း စေးခနဲကြည့်ပြီးမှ မျက်စောင်းထိုးကာ အကြည့်ကို လွှဲလိုက်ရလေသည်။

"တဲထဲဝင်မယ်. . ."

"မဝင်ဘူး. . ."

"ခြင်ကိုက်နေမှာပေါ့. . ."

"ကိုက်ပစေ. . ."

"တကယ်စိတ်ညစ်တယ်ကွ. . ."

"စိတ်ညစ်လို့ သေသေ၊ ရှင်သေသွားရင် အကောင်းဆုံးပဲ"

ပစ်ပစ်နစ်နစ်၊ နှင့်နှင့်နဲနဲကြီး ငြိမ်း ဆိုသည်။ ငြိမ်းအသွင်



www.burmeseclassic.com

လေးကို ဟန်မို ကြည့်လိုက်သည်။

သူကြည့်တော့ ငြိမ်းသည်လည်း ကျားရုံလေးအသွင်နှယ် ဟန်မိုအား ပြန်ကြည့်နေလေ၏။

ဟန်မို့ အကြည့်တွေက နားမလည်သော အပြစ်ကင်းသော တွေတွေဝေဝေ အကြည့်တွေရယ်၊ ငြိမ်းအကြည့်ကမူ . .

သူနှင့် စတွေ့ကတည်းက ငြိမ်းအကြည့်သည် ဤသို့ပင်၊ ငြိမ်းအကြည့်တွေကို မကြိုက်၊ ငြိမ်းအသွင်လေးတွေကို သူ နားမလည်။

သူ့ညီမ ဒီးဒုတ်နှင့်ကျတော့ ငြိမ်းဆက်ဆံရေးက ခင်မင် ချိုကြည်နေသည်ကို သူတွေ့ရသည်။ ဒီပြင် ကျွန်းသူကျွန်းသားတွေနှင့် လည်း အဆင်ပြေသည်ကို ဟန်မို တွေ့ရသည်ပဲ။

သူနှင့်ကျမှ။ ငြိမ်းသည် သူနှင့်ကျမှ မည်သို့ဖြစ်ပါလိမ့်။ ဟန်မိုသည် စဉ်းစား၍မရရှိနေရပါချေ၏။

“ဟင်း . .”

ငြိမ်းကိုကြည့်ပြီး ခေါင်းကိုယမ်းကာ ဟန်မို သက်မချသည်။





စဉ်းစားရသည်ကို သူ စဉ်းစားမနေတော့။ စဉ်းစားနေလျှင်လည်း ပြီးမည်မဟုတ်၊ အလုပ်တွေကလည်း ရှိသေးသည်မဟုတ်ပါလား။

သူ မေးလျှင်လည်း ပြောမည်မဟုတ်၍ သူ မမေးဘဲ နေသည်။ ဘာပဲဖြစ်ဖြစ်လေ၊ သူ့အတွက်တော့ သူချစ်သော မိန်းမသည် မိန်းမပါပဲ။ ငြိမ်းသည် သူပိုင်ဆိုင်သော သူလုပ်ကျွေး ကြည့်ရှုနေရသော သူ့မိန်းမပါပဲလေ။

“တဲထဲဝင်မယ် . .”

“မဝင်ဘူးလို့ ပြောနေတယ်မဟုတ်လား၊ ရှင် နားကန်းနေ လား . .”

“ငါ နားမကန်းပါဘူးကွာ၊ မင်းကို ခြင်မကိုက်အောင် ဆေးလူးပေးဖို့ခေါ်တာ . .”

“မလူးဘူး . .”

ခါးခါးသီးသီးပင် ငြိမ်း ပြောသည်။ ဟန်မို ဘာမှမပြော တော့။ တဲထဲ သူပြန်သွားလိုက်သည်။ ကြောလိုက်။ ဟန်မို ပြန်ထွက်

www.burmeseclassic.com



လာသည်။

ဟန်မို့လက်ထဲတွင်မတော့ ပုလင်းလေးတစ်လုံး ပါလာသည်ကို ငြိမ်းတွေ့ရသည်။ ဟန်မို စကားမဆို။

ငြိမ်းခြေထောက်နားတွင် မူဆိုးဒူးထောက် ထိုင်ချလိုက်ပြီး သူ့လက်ထဲရှိသည့် ဆေးပုလင်းထဲမှ ဆေးရည်လေးများကို သူ့လက်တစ်ဘက်ထဲ အနည်းငယ်လောင်းထည့်ပြီး ငြိမ်းခြေထောက်လေးတွေဆီ ဖွဖွပွတ်လူးပေးနေလိုက်ပါသည်။

သူ့ဆေးနံ့မွှေးသင်းသင်းလေးကြောင့် ငြိမ်းအနီး ခြင်တစ်ကောင်မှ မလာတော့တာ ငြိမ်း လက်ခံလိုက်သောကြောင့်ပါတည်း။

ဆေးလူးပြီးသည်နှင့် ဟန်မိုသည် ဆေးပုလင်းလေးကို ပိတ်ပြီး ငြိမ်းကိုကြည့်ရင်းက. . .

"တဲထဲဝင်မယ်၊ အိပ်ကြရအောင်. . ."

"ဟင်. .ဘာ ဘာပြောတယ်၊ ရှင် ရှင်. . ."

"ဆေတာနာနဲ့ မင်းအိပ်ဖို့ပြောတာပါ. . ."





"သွား မအိပ်ဘူး၊ မအိပ်ဘူး. . ."

"ဟင်း. . ."

သက်မချကာ ဟန်မို စကားတိတ်သွားရပြန်သည်။ တဲထဲသို့ ဟန်မို ပြန်ဝင်သွားပြန်သည်။

သည်တစ်ခါတော့ သူ ပြန်ထွက်မလာတော့။ ဖရုံမျိုးစေ့တွေအပြီးသတ်ရွေးကာ သိမ်းဆည်းနေလိုက်တော့သည်။

ငြိမ်းကား တဲထဲဝင်လာခြင်းမရှိပါ။

"ငြိမ်း ငါ အိပ်တော့မယ်. . ."

ဟန်မို လှမ်းပြောသည်။ ငြိမ်းထံမှ တုံ့ပြန်မှုမရှိ။ မှန်အိမ်မီးရောင်လေး အနည်းငယ်ချကာ ဟန်မိုကား အိပ်ရာဝင်သွားပါပြီ။ သည့်လိုကဖြင့် တစ်ပတ်ရှိခဲ့ပြီမဟုတ်ပါတကား။

တစ်နေ့လုံး အလုပ်တွေလုပ်လွန်းသည့် ဟန်မိုသည် ညဘက်လည်း အလုပ်ရှိလျှင် အလုပ်လုပ်ပြီးသည်နှင့် မောမောပန်းပန်းဖြင့် သူတစ်ယောက်တည်း အိပ်ပျော်သွားတတ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟန်မို အိပ်ပျော်သွားလေမှ ငြိမ်းသည် တဲရှေ့ကွပ်ပျစ်လေး ထက် သွားရောက်အိပ်ရသည်ပါ။

ယနေ့လည်း ဟန်မိုတစ်ယောက် အိပ်ရောင်သွားပြီ ဖြစ်သည်။ ဒီးဒုတ်တို့ မောင်နှံရှိသည့် တဲဆီသို့ ငြိမ်း လှမ်းကြည့်လိုက်သည်။

ဒီးဒုတ်တို့တဲသည် မှောင်အတိနှင့် ဇနီးမောင်နှံနှစ်ဦးစလုံး အိပ်မောကျ နေလောက်ကျပြီထင်၏။

ငြိမ်းကား ယနေ့ထက်တိုင် နေ့စဉ်လို စိတ်ဆင်းရဲခြင်းအတိ ဖြင့် ရှိနေရပါလေ၏။

မီးရောင်လေးချထားသဖြင့် အမှောင်ဘက် လုနေသော တဲလေးထက်သို့ ငြိမ်း လှည့်ကြည့်လိုက်သည်။

ဟန်မို အိပ်ပျော်လောက်ပြီကို ငြိမ်း သိသည်။ ယခင်ည များက ဟန်မို အိပ်ပျော်သွားလျှင် ကွပ်ပျစ်လေး၌ ငြိမ်း သွားအိပ် ပါသည်။

ခုတော့ဖြင့် ကွပ်ပျစ်လေးတွင်လည်း ငြိမ်း မအိပ်ချင်တော့၊





ငြိမ်းသည် နှုတ်ခမ်းလေးကိုကိုက်ကာ တဲရှေ့သစ်ဆုံပိုင်းလေး အောက်ခြေ၌ပင် အခင်းအကာမရှိ ကွေးကွေးလေးအိပ်ချလိုက်ပါတော့ သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

– ရှစ် –

"ဒါဖြင့် ဒေါ်ငြိမ်းငြိမ်းက မြေကျွန်းရဲ့ခလေ့အရ ဟာန်မိုနဲ့ ပေါင်းဖက်ခြင်းမရှိခဲ့ဘူးပေါ့. . ."

တရားသူကြီးမေးသည်ကို ငြိမ်းမဖြေဖြစ်။ ငြိမ်းမျက်ဝန်းတွင် မျက်ရည်ကြည်တို့ဖြင့် လျှမ်းရစ်နေလေ၏။

"ဟာန်မိုဆိုတဲ့လူက လူသတ်ရက်စက် ကြမ်းကြုတ်ပေမယ့် ဒီကလေးမလေးအပေါ်တော့ တော်တော်လိုက်လျော ချစ်ရှာတာပဲ..."

"အေးလေ၊ သူတို့ကျွန်းမှာက လူသတ်လဲ တရားဥပဒေနဲ့





အသုမ်းဝေးနေတော့ ဘာဖြစ်မှာလဲ၊ အင်း. .ခုထိ မယဉ်ကျေးမတိုးတက် သေးတဲ့ နေရာတွေကလည်း ရှိသေးတာပဲနော်. . ."

နားထောင်နေသူပရိသတ်စကားတွေက နားထဲတစ်ယောက် တစ်ပေါက်စီ ဝင်လာကြသည်။ ငြိမ်းသည် မျက်ရည်တို့ရစ်ဝဲနေသော် လည်း မျက်ရည်များကျလာခြင်းမရှိပါလေ။

"အဟမ်း. .ဒုန်း. .ဒုန်း. . ."

ပရိသတ်များ တီးတိုးစကားသံများက ရုံးတော်အတွင်း ညံသွားသလိုရှိ၍ တရားသူကြီးမင်းက ချောင်းဟန့်သတိပေးလိုက်၏။ ရုံးတော်အတွင်း တိတ်ဆိတ်သွားပြန်သည်။

"ကဲ. .ဒေါ်ငြိမ်းငြိမ်း ဆက်ပြောပါ. . ."

"ဟုတ်ကဲ့. . ."

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"အမေ့. . ."

ငြိမ်း လန့်သွားသည်။ ဟန်မိုလည်း ဆတ်ခနဲထထိုင်လိုက်၏။ အချိန်က ဝေလီဝေလင်း။ ငြိမ်းသည် ပြုံးပြာသောမျက်ဝန်းအကြည့်လေးတွေနှင့် ဟန်မိုကို မှုန်းတီးစွာကြည့်ရင်းက။

"ရှင်. .ရှင် အို. .ဘယ်အချိန်ထဲက ငြိမ်းနဲ့လာအိပ်နေတာလဲ"

"မင်းအိပ်ပျော်သွားတဲ့အချိန်ကပဲ. . ."

"အို. .ရှင်ဘာလို့လာအိပ်တာလဲ၊ ရှင်လူယုတ်မာ၊ လူယုတ်မာ. . ."

ဟန်မိုကို ငြိမ်းထုရိုက်ပစ်ကာဆိုသည်။

"ငါ မင်းကိုဘာမှမလုပ်ပါဘူး၊ မင်းအနားမှာ လာအိပ်တာတစ်ခုပဲ. . ."

"မအိပ်ရဘူး၊ မအိပ်ရဘူး၊ ဘာလို့လာအိပ်ရမှာလဲ. . ."

"မိုးလင်းတဲ့အခါ မင်းတစ်ယောက်တည်း အပြင်မှာအိပ်နေတာ လူတွေမြင်သွားမှာပေါ့၊ ငါစေတနာနဲ့ လာအိပ်ပေးတာ. . ."





"ဘာစေတနာလည်း ရှင့်လိုလူပါးဝပ်က စေတနာဆိုတာမပြောစမ်းပါနဲ့ ရှင် ငြိမ်းအနားလာအိပ်စရာမလိုဘူး၊ ငြိမ်းတစ်ယောက်တည်းအိပ်တာ ဘယ်သူပဲမြင်မြင်၊ မြင်ပစေ ရှက်စရာမဟုတ်ဘူး..."

ငြိမ်းစကားကြောင့် ဟန်မိုသည် တစ်စုံတစ်ရာကိုပြောမည်ပြုပြီးမှ မပြောချင်တော့သည့်အကြည့်အသွင်မျိုး နေလိုက်ရပြီ။

"မင်းဘာလို့ ကွပ်ပျစ်မှာ သွားမအိပ်တော့တာလဲ၊ ကွပ်ပျစ်မှာမင်းအိပ်ရင် ငါမင်းအနား ခုလိုလာမအိပ်ပါဘူး. . ."

"ငြိမ်း ဘယ်မှာအိပ်အိပ်၊ ရှင် ငြိမ်းအနားမှာ လာကိုအိပ်စရာမလိုဘူး. . ."

"ငြိမ်း ငါကမင်းယောကျ်ားပဲ ဒီလိုအိပ်တာလေးလောက်ဘာဖြစ်မလဲ၊ မင်းအတွက် ငါအိပ်ပေးနေတာ၊ ငါမင်းကို လက်ဖျားနဲ့တောင်မထိဘူး ငါတကယ်ပြောတာ. . ."

"ယုံရမလားရှင့်၊ နောက်ကို ဘာအကြောင်းနဲ့မှ ရှင် ငြိမ်းအနားမှာ မနေပါနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. .မင်းဟာသိပ်ခက်တာပဲ ငါလဲမပြောချင်ဘူး. ."

"ပပြောနဲ့၊ မဖြေနဲ့ ရှင်ကျွန်မအနားက ထွက်သွားပါ. ."

"အေး. .မိုးလင်းနေပြီ သွားရမှာပဲ ဒါပေမယ့် မင်းပါငါနဲ့ အတူ ယာထဲလိုက်ရမယ်. . ."

"ဘာ. . ."

ငြိမ်း အော်ပစ်လိုက်သည်။

"မင်းကိုထားခဲ့ရင် ငါယာထဲမှာ အလုပ်လုပ်ရတာ မဖြောင့်ဘူး၊ မင်းဘယ်ရောက်သွားမလဲဆိုတာပဲ စိတ်ထဲက ဖြစ်နေတယ်၊ မင်းကိုကြည့်နေပြန်ရင်လည်း ငါ့အလုပ်တွေက ပြီးတန်သလောက် မပြီးဘူး၊ ဒါကြောင့် ငါဘယ်ပဲသွားသွား ငါ့နောက်မှာ ဒီနေ့ကစပြီး မင်းလိုက်ရမယ်၊ ဒါမှ ငါလဲအလုပ်လုပ်ရဖြောင့်မယ်. . ."

"အို. .မလိုက်ဘူး၊ ရှင့်အလုပ်တွေလည်း ငြိမ်းမလုပ်တတ်ဘူး. . ."

"မင်း မလုပ်ရပါဘူး၊ မင်းကို အရိပ်ထဲမှာပဲထားမှာပါ..."





"အစ်ကိုဟန်မိုရေ ငါတို့ယာထဲသွားပြီ၊ ငြိမ်းရေသွားပြီနော်"

"ယောက်ဖရေ ငါတို့သွားပြီဟေ့. . ."

ဟန်မိုတို့အား ညီမနှင့်ယောက်ဖက နှုတ်ဆက်ကာ ယာထဲဘက် ထွက်သွားလိုက်ကြပြီဖြစ်သည်။

"တွေ့လား၊ ဒီးဒုတ်တို့လင်မယားတောင် ယာထဲသွားကြပြီ"

"ဟိုက လင်မယားရှင့်. . ."

"မင်းနဲ့ငါလဲ လင်မယားပဲ. . ."

"ဖြန်း. . ."

ငြိမ်း ပါးရိုက်လိုက်ပြန်သည်။ ဟန်မိုကမူ ထုံးစံအတိုင်း နည်းနည်းလေးမှ မျက်နှာမပျက်၊ ငြိမ်းလက်ကလေးတစ်ဘက်ကို ဆွဲကာထရပ်လိုက်ပါ၏။ သူဆွဲခေါ်တော့လည်း ငြိမ်းပါထရပ်လိုက်သည်။

"မျက်နှာသစ် ငါလည်း ကောက်ညှင်းချက်လိုက်ဦးမယ်၊ ပြီးရင်ယာထဲသွားမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ထွက်. .ထွက် မချိုးဘူး. . ."

"ဟင်း. . ."

ဟန်မို သက်မချသည်။ သူလည်း စိတ်ညစ်ဟန်ပါ။ ဟန်မိုကို ငြိမ်းသွားလေးတွေစေ့ကာ ဖျတ်ခနဲတစ်ချက်ခိုးကြည့်လိုက်သည်။

သူ့အသွင်သည်လည်း တစ်စုံတစ်ရာအတွက် စိတ်ညစ်နေဟန် ရှိနေကြောင်း ငြိမ်းတွေမြင်မိလိုက်သလိုလိုရယ်ပါ။

ဟန်မိုပြန်ကြည့်တော့ ငြိမ်းအကြည့်ကို ဖျတ်ခနဲမသိလိုက်ဘာသာ ပြန်လွှဲထားလိုက်သည်။

"မရဘူးကွာ၊ ချိုးကိုချိုးရမယ်. . ."

"အို. . ."

ငြိမ်းတစ်ယောက် ရှန်းကန်ငြင်းဆိုချိန်ပင် မရလိုက်အောင် ဟန်မိုသည် မြန်ဆန်လွန်းသွား၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် စကားအဆုံး ဟန်မိုကား ငြိမ်းကိုယ်လုံးလေးအား ဆွဲခနဲ ပခုံးပေါ်ထမ်းခေါ်သွားလိုက်ခြင်း





ကြောင့်ပါတည်း။

"အို. .ဟင်၊ ရှင်. .ရှင် ရေချိုးမှာ ရေတွင်းမသွားဘဲ ဘယ်သွားမှာလဲ၊ လွှတ်. .လွှတ်၊ ရှင်လွှတ်၊ ငြိမ်းကို အောက်ချပါ..."

"ရေတွင်းမှာ မချိုးဘူး၊ ရေချောင်းထဲမှာ သွားချိုးမယ်. ."

"အို. .မိုးချုပ်နေပြီရှင့်. . ."

"မိုးချုပ်တာဘာဖြစ်လဲ၊ မင်းနဲ့ငါ လင်မယားအတူရေချိုးတာပဲ ဘာကြောက်စရာရှိလဲ. . ."

"အို. .ဘာလင်မယားလဲ၊ မဟုတ်ဘူး၊ ရှင်ဒီစကားကြီးမပြောပါနဲ့. . ."

"ငါ မင်းကိုလုပ်ကျွေးနေတယ်၊ မင်းနဲ့ငါအတူနေနေတယ် လင်မယားမဟုတ်ရင် ဘာလဲပြော၊ မင်းကြောင့်ခက်တယ်. . ."

"ရှင့်ကိုမုန်းတယ်. . ."

"ငါက မင်းကိုချစ်တယ်. . ."

"ဘုံး. .ဘုံး. .ကဲဟယ်. .ချစ်ဦး. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟန်မိုစကားကြောင့် အသည်းနာစွာ ငြိမ်းပို၍ ထုရိုက်ပစ်လိုက်၏။ ဟန်မိုကား မဖြုံရေးမှတဲ့မဖြုံ။ တစ်လမ်းလုံး စကားတွေများလာခဲ့ရာမှ ရေချောင်းဆီ ရောက်လာခဲ့လေသည်။

ရေချောင်းစပ်လေးနားတွင် ဟန်မိုသည် ငြိမ်းကို ညင်သာစွာချပေးသည်။

ငြိမ်းကရုန်းသည် မရ။ ငြိမ်းကို ဟန်မို ရေထဲဆွဲချသွားလေတော့၏။

"အို့ .ငြိမ်း ရေမကူးတတ်ဘူး၊ ရှင့် .ရှင် ငြိမ်းကို ရေနစ်သတ်မလို့လား၊ သတ်ချင်လဲ သတ်လိုက်ပါ၊ အဟင့် .ဟင့် .ဟင့်"

ရေနက်ထဲရောက်နေသည်မို့ ငြိမ်းသည် ဟန်မိုအား သတိလက်လွတ်ဖက်ထားမိရင်း ငိုပါတော့သည်။

"ငြိမ်းရယ်၊ မင်းကိုငါသိပ်ချစ်တဲ့လူပါ၊ မင်းသေမှာကို မပြောနဲ့ မင်းတစ်စုံတစ်ခု ဖြစ်မှာကိုတောင် ငါသိပ်စိုးရိမ်တဲ့လူပါ၊ ဟန်မိုဆိုတဲ့ငါဟာ မင်းနဲ့မှ ချစ်တတ်တာ၊ မင်းနဲ့မှ အချစ်ဆိုတာကို သိလာတဲ့





လူပါ. . ."

"အို့ .အဟင့် .ဟင့်၊ တော. .တောသားကြီးက ကြီးကြီးကျယ်ကျယ်စကားတွေ ပြောနေလိုက်တာ၊ ရှင့်ကိုမုန်းတယ်၊ သိပ်မုန်းတယ်၊ ငြိမ်းကို ကမ်းပြန်ပို့ပါ. . ."

"မင်းကို ငါချစ်တယ်၊ သိပ်ချစ်တယ်. . ."

ရေနက်ထဲ တစ်ဦးကိုတစ်ဦး အချေအတင် စကားတွေဆိုနေကြရသည်။

"ဟင်း. . ."

ပင်ပန်းလွန်းသော သက်မတစ်ချက်ကို ဟန်မိုချ၏။ ရေနက်ထဲမှ ကမ်းဆီသို့ ဟန်မိုပြန်ကူးလာသည်။ ခြေထောက်မိ၍ ကမ်းရောက်သည်နှင့်ပင် ငြိမ်းသည် ဟန်မိုရင်အစုံကို တွန်းပစ်ကာ တဲရှိရာလမ်းသို့ တချိုးတည်း ပြေးထွက်လိုက်ပါတော့သတည်း။ ။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပြီး၍ ထုံးစံအတိုင်း ငြိမ်းသည် တဲရှေ့သစ်ဆုံပိုင်းလေးတွင် သွားရောက်ထိုင်နေလိုက်၏။

တဲထဲတွင် ဟန်မိုသည်လည်း ဘာမှမလုပ်။ မှန်အိမ်မီးရောင်လေးအောက်တွင် ငူငူကြီးသာ ထိုင်နေလေသည်။

"ဟင်း. . ."

ငြိမ်းကိုသာကြည့်ပြီး ဟန်မိုသည် သက်မတွေ အခါခါ ချနေမိ၏။ ဟန်မိုအသွင်က တစ်စုံတစ်ရာအတွက် မချင့်မရဲဖြစ်နေသလို၊ စိတ်လေးလံနေသလို ရှိနေရချေ၏။

မီးခွက်မီးရောင်လေး မြင်နေရသည့် ဒီးဒုတ်တို့အိမ်ဘက်ဆီသို့ လှမ်းကြည့်နေမိလေ၏။

ငြိမ်းကြည့်နေဆဲ၊ ဒီးဒုတ်သည် ခင်ပွန်းသည်ဘာဘူနှင့် စကားပြောရင်း သူ့မခါးတွင်ပတ်ထားသည့် အဝတ်ပိုင်းလေးကို လှပ်ပြသည်။

ထိုအခါ ဘာဘူသည် ပြုံးပျော်မျက်နှာကြီးဖြင့် ဒီးဒုတ်၏





ဝမ်းဗိုက်လေးဆီ ငုံ့နမ်းလိုက်၏။

"အို. . ."

မြင်လိုက်ရသောငြိမ်းသည် ရှက်လန့်တကြား မျက်နှာလေး ငုံ့သွားလိုက်ရရှာပါ၏။ ငြိမ်းနောက်တွင်ရှိသည့် ဟန်မိုသည်လည်း မြင်တွေ့လိုက်ပါလေ၏။

ဟန်မိုသည် ညီမဖြစ်သူမောင်နှံတို့ကိုကြည့်ပြီး သူတို့ကျွန်းဓလေ့ကို သဘောပေါက်နားလည်နေရ၍ မျက်နှာပျက်ကာငေးမောသွားလိုက်ရရှာပါ၏။

ဟန်မိုစိတ်ညစ်သည်။ နားထင်ကြောနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ဖိနှိပ်ကာ ခေါင်းကိုငုံ့သွားရရိုက်။

ငြိမ်းသည် ဒီးဒုတ်တို့မောင်နှံ ကြည့်နူးပုံအား ဟန်မိုမြင်သွားလေသလား စိုးစိတ်ဖြင့် မသိမသာလေး နောက်လှည့်ကြည့်ဖြစ်မိ၏။

"ဟင်း. . ."

နားထင်ကိုနှိပ်၍ ခေါင်းငုံ့နေသော ဟန်မိုကိုမြင်မှ ငြိမ်းသည်



www.burmeseclassic.com

www.burmeseclassic.com



သက်ပျကာ စိတ်သက်သာသွားရဟန် ရှိပါသတည်း။ တစ်စတစ်စဖြင့် မျိုနှံ့တို့သည် အိုမင်းရင့်ရော်လာ၏။

ဒီးဒုတ်တို့အိမ်လေးမှ မီးခွက်လေး အလင်းရောင်သည်ပင် ပျောက်ကွယ်သွားလေပြီ။ ငြိမ်းကား ထုံးစံအတိုင်း နေရာမှမရွေ့၊ ဟာန်မိုမနေသာပြန်ပါ။

"ငြိမ်း. . ."

"ဟင်. .ရှင်. . ."

ငြိမ်းအနီး ဟန်မိုရောက်သွားသည်တွင် ငြိမ်းလန့်တုန်သွားသည်။

"ညဥ့်နက်ပြီ. .အိပ်မယ်. . ."

"ဟင့်အင်း. .ငြိမ်း မအိပ်ဘူး၊ ရှင့်ဟာရှင်အိပ်. . ."

"ငါတစ်ယောက်တည်း အိပ်အပျော်လို့ မင်းကိုခေါ်တာပေါ့"

"ဟင်. .ရှင် ဘာစကားပြောတာလဲ၊ ရှင့်ဟာရှင် အိပ်နေကျပဲ"

"ဟုတ်တယ်၊ အစကဟုတ်တယ်၊ အခုငါက မိန်းမရှိတဲ့





ယောက်ျားကွ. . ."

ဟန်မိုစကားသံ ပြတ်သယောင် ဆတ်သယောင်မို့ ငြိမ်းပင် လန့်လာသည်။ သစ်ဆုံပေါ်မှ ငြိမ်းထရပ်လိုက်ပြီး ခြေလှမ်းလေးတွေ သုံးလေးလှမ်း နောက်ဆုတ်သွားရင်း. . .

"ငြိမ်း ကွပ်ပျစ်မှာပဲအိပ်မယ်"

သည်လိုဆိုတော့လည်း ငြိမ်းကို ဟန်မိုသည် အချစ်တွေပို၍ အသနားတွေပါ ပိုသွားရပြန်ပါလေ၏။

ငြိမ်းသည် ဟန်မိုကိုကြည့်ရင်း နောက်ဆုတ်ကာ ကွပ်ပျစ်ဆီသို့ သွားသည်။ ခုတလော ငြိမ်းအနီး ဟန်မို ကပ်လွန်းသည်ကိုလည်း ငြိမ်း သတိထားမိပါသည်။

ပြီးတော့၊ ဟန်မိုမျက်နှာအသွင်သည် မရွှင်ပျ။ မလန်းဆန်း။ ဂစ်ခုခုကို စိုးရိမ်ကြောင့်ကြနေသလို ရှိနေလေ၏။ လူသတ်မှုကြောင့် ကျောက်ချားသည့်အသွင်တော့လည်းမဟုတ်။

မှိုင်းဝေကြောင့်ကြနေသည့် အသွင်သာရှိ၏။ ဘာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ။ ငြိမ်းစဉ်းစားရ ခက်နေ၏။ ဆေခွဲရလည်း ခက်နေ၏။

"ငြိမ်း. . ."

"အမေ့. . ."

ဟန်မိုသည် ငြိမ်းနှင့် လွှချင်းပူးလိုက်ကာ သွားအိပ်သည်။ ငြိမ်းသည် မျက်လုံးထဲပြာခနဲဖြစ်ကာ ရှန်းထလိုက်၏။ ဟန်မို၏ သိုင်းဖက်ချုပ်နှောင်ထားခြင်းမရှိသဖြင့် ငြိမ်းသည် ဟန်မိုအနီးမှ လွတ်မြောက်သွားရ၏။

"ဟင်း. . ."

ဟန်မို သက်မချသည်။ မျက်နှာကာမရှင်။ ထို့နောက် ဟန်မိုသည် ငြိမ်းအနီးတိုးသွားပြီး ငြိမ်းလက်ကလေးဆီ ဖျစ်လိုက်ရင်းက. . .

"ငြိမ်း မင်းကိုငါချစ်တယ်. . ."

"ရှင့်ကိုမုန်းတယ်. . ."

"မင်းဒုက္ခဖြစ်မယ်ကွ၊ မင်း ဘာသိလဲ. . ."





"ဖြစ်ဖြစ် မသိချင်ဘူး. . ."

"ဟင်း. . ."

ဟန်မို သက်မထပ်ချပြန်သည်။

"ငါပြောမယ်. . ."

"နားမထောင်ချင်ဘူး. . ."

"နားမထောင်ချင်လဲ ပြောရမှာပဲ. . ."

"မင်း ငါ့ကိုမုန်းနေရင်လည်း နားလည်မှုနဲ့တော့ လက်ခံပါလား. . ."

"ဘာပြောတယ်၊ ရှင့်ကိုလက်ခံရမယ်၊ ဟုတ်လား၊ ကဲဟယ် . ဖြန်း၊ အဲဒါပဲလက်ခံမယ်မှတ်. . ."

"မင်း ငါ့ကိုသတ်လိုက် ငြိမ်း. . ."

"သတ်ချင်တာ. . ."

"သတ်လိုက်ကွာ. . ."

ဝုန်းခနဲ ငြိမ်းကို သိုင်းဖက်ပြီး ဟန်မို ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို. .လွှတ်၊ ငြိမ်းကို ရှင့်ဗလကြီးနဲ့ အနိုင်မကျင့်ပါနဲ့၊ ငြိမ်း မကြိုက်ဘူး၊ လွှတ်. .လွှတ်. . ."

"အဟင့်. .ဟင့်. .ဟင့်. . ."

ငြိမ်း နင့်နင့်ခဲခဲကြီး ငိုချလိုက်၏။ ဒီလိုတော့လည်း ငြိမ်း၏ မျက်ရည်လက်နက်ဖြင့် ဟန်မို၏စိတ်ဆင်ရိုင်းအား ချုန်းနိုင်သွားရပါတော့သတည်း။ ငြိမ်းကိုယ်လုံးလေးကို ဟန်မို လွှတ်ပေးလိုက်သည်။

"မငိုပါနဲ့ ငြိမ်း၊ မင်းကိုမှ ငါလိုလူက ချစ်မိတယ်၊ မင်းကို ငါဘယ်လိုမှ ကြိုးစားလို့မရတော့ဘူးဆိုတာ ငါသိပါပြီကွာ၊ မင်းအတွက် ငါဟာသက်သက်ပဲ. . ."

"ငါတို့ရဲ့ ကျွန်းမလေ့ရိုးရာထုံးစံကို မင်းဘာမှမသိဘူး၊ မင်းကြောင့်ငါစိတ်ညစ်တယ်၊ ငါသေချင်တယ် ငါလေမကြာဘာတော့ အောင်ပါပဲကွယ်၊ မင်းကိုငါ သိပ်ချစ်တယ်၊ မင်းကိုငါ လက်လွှတ်တော့ မခံချင်ဘူး၊ ဒါပေမယ့်. . ."

ဒါပေမယ့်ဟုဆိုကာ ဟန်မို စကားဆက်တော့။ ငြိမ်းသည်





သူ့စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်ရယ်။

"မင်းအိပ်ပါတော့လေ. ."

ဟန်မိုဆိုပြီး ငြိမ်းအနီးမှထသွားလေတော့သည်။ မှန်အိမ်မီးဇာလေးကိုနှိမ့်ချပြီး သူ့နေရာတွင် ဟန်မိုသွားအိပ်လိုက်တော့သည်။ သို့သော်လည်း ဟန်မို အိပ်မပျော်ပါ။ ဟန်မို အိပ်မပျော်ကြောင်း ငြိမ်းလည်းသိနေသည်။ ငြိမ်းသည်လည်း အိပ်မပျော်၊ မအိပ်ဝံ့ရှာပါလေ။

ဟန်မိုထံမှ သက်မချသံ တဟင်းဟင်းကို ငြိမ်းကြားနေရသည်။ ဟန်မို စောစောကပြောသွားသည့် စကားတွေကို ငြိမ်းနားလည်အောင်လည်း စဉ်းစား။ ငြိမ်းနားလည်သည်က ဟန်မိုကို ငြိမ်းမုန်းသည်။ ငြိမ်းစဉ်းစားနေသည်က ဟန်မိုကို ငြိမ်းအလွန်မုန်းကြောင်းကျသတည်း။



www.burmeseclassic.com

www.burmeseclassic.com

— တစ်ဆယ် —

သည်နေ့ ငြိမ်း အိပ်ရာမှနိုးချိန်တွင် ဟန်မိုတစ်ယောက် တဲတွင်မရှိတော့။ သူမရှိကြောင်း ငြိမ်းလိုက်ရှာ၍ သိခြင်းမဟုတ်၊ သူ့ကို ငြိမ်းလိုက်ရှာနေစရာမလို။

သူမရှိသည်ကို ငြိမ်းကပို၍ကြိုက်သည်။ သူ့လှုပ်ရှားသံတို့ မကြားမိ၍ သူမရှိကြောင်း ငြိမ်းစိတ်က အလိုလိုသိလိုက်ခြင်းပါ။

ငြိမ်းမျက်နှာသစ်ပြီးချိန်တွင် သူ ငြိမ်းအတွက် စားစရာတွေ လုပ်ပေးသွားသည်ကို ငြိမ်းတွေ့လိုက်ရသည်။ ကောက်ညှင်းချက်နှင့်





ငါးခြောက်ကင်ကို ငြိမ်းစားလိုက်သည်။ စားရင်းမှ ငြိမ်းစဉ်းစားမိသည်။

ညက ငြိမ်းကိုစိတ်ဆိုးသွား၍ ဟန်မိုးတစ်ယောက် ယာတဲသို့ စောစော ထတွက်သွားခြင်းဖြစ်မည်ပါ။

"ဟွန်း. .စိတ်ဆိုးမကလို့ သေ. .သေ. . ."

စိတ်ထဲမှ ငြိမ်းခေတ္တာပို့လိုက်သည်။ စားသောက်ပြီး ကမ်းခြေဆီသို့ရောက်အောင် လမ်းရှာပြီး ငြိမ်းသွားမည်။

သည်ခြေကျွန်းမှ ထွက်ခွာလို့ရမည့်လမ်းစကို ရှာဖွေကြိုးစား ကြည့်မည်ဟူသော စိတ်ကူးက ငြိမ်းတွင်ရှိနှင့်နေသည် မဟုတ်ပါလား။

စိတ်ကူးဖြင့် စားစရာတို့ကို ငြိမ်း မြန်မြန်စားပစ်လိုက်သည်။ ထို့နောက် ငြိမ်းသည် အချိန်ရှိတုန်း တဲမှထွက်ခဲ့လိုက်၏။

"ငြိမ်း. . ."

ဒီးဒုတ်တို့တဲရှေ့ကိုအဖြတ် ဒီးဒုတ်ခေါ်သံကြောင့်. . .

"ဟင်. .ဒီးဒုတ်. . ."



www.burmeseclassic.com

www.burmeseclassic.com



အခါတိုင်း ဒီးဒုတ်တို့လင်မယား ယာထဲအတူဆင်းကြသည်၊ သည်နေ့မှ ဒီးဒုတ်တစ်ယောက် တဲတွင်ရှိနေသည်ကို ငြိမ်းအံ့သြစွာ တွေ့လိုက်ရလေ၏။

ဒီးဒုတ်ခေါ်နေသဖြင့် ငြိမ်းဆက်သွားရန် ခက်နေရသည်။

"ငြိမ်း ဘယ်သွားမလို့လဲ၊ အစ်ကိုနဲ့ ယာထဲလိုက်မသွားဘူးလား. . ."

"ဟင့်အင်း၊ ."

ငြိမ်းကနေရာတွင် ပေရပ်နေပြီး ဒီးဒုတ်ကို ခေါင်းခါပြလိုက်သည်။

"ငြိမ်း လာဦးလေ၊ ငြိမ်းကို ဝမ်းသာစရာ ဒီးဒုတ်ပြောပြရဦးမှာ. . ."

ဒီးဒုတ်က တကယ်ဝမ်းမြောက်ပျော်ရွှင်နေဟန် အပြုံးတွေနှင့် ငြိမ်းကိုခေါ်နေပြန်၍ ဒီးဒုတ်စကားကို စိတ်ဝင်စားဟန်သဲ့သဲ့ဖြင့် ဒီးဒုတ်တို့ တဲလေးပေါ်သို့ ငြိမ်းတက်ခဲ့ရပါတော့၏။





"ဒီနေ့ပိုင်ရအောင် ငြိမ်း. . ."

တဲရှေ့လေးမှာပင် ငြိမ်းနှင့်ဒီးဒုတ်တို့ ထိုင်ဖြစ်ကြသည်။

"ငြိမ်း. . ."

"ဟင်. . ."

"ဒီမှာကိုင်ကြည့်စမ်း. . ."

ဒီးဒုတ်က သူ့ဝမ်းဗိုက်သိုသိုလေးဆီ ငြိမ်းလက်ကိုဆွဲကာ ကိုင်စေသဖြင့်၊ ငြိမ်းသည် ညတုန်းက ဒီးဒုတ်တို့မောင်နှံမြင်ကွင်းကို အမှတ်ရလိုက်မိ၍ သဘောပေါက်သွားလိုက်ရပြီ. . .

"အဟင်း၊ ငြိမ်းလည်း ဒီးဒုတ်တို့အတွက် ဝမ်းသာပါတယ်"

"ငါ့မှာကလေးရှိတာ ငြိမ်းဘယ်လိုလုပ်သိလဲဟင်. . ."

"ညက ဒီးဒုတ်တို့မောင်နှံပြောနေတာကို မြင်ရလို့ပါ. ."

"ဟုတ်လား၊ ငြိမ်းမှာကော မရှိသေးဘူးလားဟင်. . ."

"အို. . ."

ဒီးဒုတ်စကားကြောင့် ငြိမ်းကိုယ်လေး တွန့်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းနဲ့အစ်ကို အိမ်ထောင်ကျတာ တစ်လပြည့်တော့မယ် မဟုတ်လား၊ ငါတို့ကတော့ အိမ်ထောင်သက်နှစ်လမှာမှ ကလေးစရှိ တာပဲ၊ ငါတော့သိပ်ဝမ်းသာတာပဲ၊ ငါနဲ့ငါ့ယောက်ျား အမြဲမဟုတ် တော့ဘူး. . ."

"ငါတို့လေ့က အိမ်ထောင်သက်သုံးလထဲမှာ ကလေးရှိရ မယ်၊ အဲဒီလထဲမှာ ကလေးမရဘူးဆိုရင် အဲဒီယောက်ျားကိုကွာရတယ်၊ ပြီးမှ နောက်တစ်ယောက်ယူရတယ်. . ."

"ဘာ. .ဘုရား. .ဘုရား. . ."

ဒီးဒုတ်စကားကြောင့် ငြိမ်းငိုချင်သွားသည်။

"ဟုတ်တယ်၊ ယောက်ျားကလည်း နောက်မိန်းမတစ်ယောက် ကို ယူရတယ်၊ ငါတို့ကျွန်းသားတွေဟာ လူဦးရေတိုးပွားတာကို အဓိကထားတယ်၊ ဒါမှ ငါတို့ကျွန်းဟာ သာယာပြီး လုပ်ငန်းတွေ လုပ်နိုင်မယ့်လူတွေ ပေါများလာမယ် မဟုတ်လား. . ."

"မနက်ဖြန်ဆိုရင် ငါတို့ဝက်တစ်ကောင်ပေါ်ပြီး ကလေးရှိတဲ့





ဂေါ်လာကို လှူဒွေသိအောင် ကြော်ငြာရတော့မယ်. . ."

ဒီးဒုတ်စကားတို့ကို နားထောင်ရင်း ငြိမ်းသည် တံတွေးပင် မျိုမချနိုင်အောင် နင်နေရပါလေ၏။

ဟန်မိုမျက်နှာကိုလည်း ငြိမ်း ကွက်ခနဲမြင်ယောင်မိရသည်။ ခုတစ်လော ဟန်မိုမျက်နှာမကောင်းရခြင်းမှာ ယခုကိစ္စအတွက်ကြောင့် ဖြစ်မည်ဟု။

'ငါတို့ကျွန်းရဲ့ ဓလေ့ကို မင်းဘယ်လောက် နားလည်လို့ လဲ ငြိမ်း၊ ငါစိတ်ညစ်တယ်၊ ငါသေချင်တယ်၊ ငါမင်းကို ဘယ်လိုမှ ကြီးစားလို့မရတော့ဘူးဆိုတာတော့ ငါသိပြီ၊ မင်းကိုငါသိပ်ချစ်တယ်၊ မင်းကိုငါလက်လွှတ်မခံနိုင်ဘူး၊ ဒါပေမယ့်. . .'

ညတုန်းက ဟန်မိုပြောသောစကားတွေကို ငြိမ်းပြန်လည် ကြားယောင်နေမိခြင်းပါ။ ဒီးဒုတ်ရှေ့ ငြိမ်း မျက်ရည်တွေကျလာသည်။

"ဟင်. .ငြိမ်း ဘာဖြစ်လို့ငိုတာလဲ၊ ငြိမ်းမှာကလေးမရှိသေး လို့လား. . ."



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းမဖြေ၊ ခေါင်းကိုသာယမ်းပြသည်။ မျက်လုံးတို့စုံမှိတ်ကာ မျက်ရည်တွေသာ စီးကျနေရပါလေ၏။ ငြိမ်းအဖြစ်ကို ဒီးဒုတ်က မသိ။

"ငြိမ်းမှာ ကလေးမရှိသေးဘူးဆိုရင် အစ်ကိုလည်း စိတ်ဆင်းရဲရှာမှာပဲ၊ ဒါကြောင့်ဖြစ်မယ်၊ အစ်ကိုမျက်နှာမကောင်းတာ ငါသတိထားမိတယ်၊ နောက်မိန်းမတစ်ယောက်ယူဖို့ကို သူသိပ်ဝန်လေးပြီး စိတ်မကောင်းဖြစ်နေရှာမယ်၊ ပြီးတော့ ငြိမ်းကိုလည်း သူလက်လွှတ်ရမှာ မဟုတ်လား၊ ငြိမ်းကလည်း သူနဲ့ကွာ၊ နောက်ယောကျ်ားတစ်ယောက်ထပ်ယူ. . ."

"အို. .မယူဘူး၊ မယူဘူး၊ သူ့ဟာသူ ယူချင်ယူ၊ ငြိမ်းက တော့ မယူနိုင်ဘူး. . ."

"မယူလို့မရဘူး ငြိမ်း. . ."

"ရတယ်၊ ရတယ်၊ ငြိမ်းက ကျွန်းသူ မဟုတ်ဘူး၊ ဒီးဒုတ် အစ်ကိုကိုလည်း ငြိမ်းမုန်းတယ်၊ သိပ်မုန်းတယ်. . ."





"ငြိမ်းရယ် ဘယ်လိုပြောလိုက်တာလဲ၊ အစ်ကိုဟာ ငြိမ်း ယောကျ်ားပဲမဟုတ်လား. . ."

"အို. .မဟုတ်ဘူး၊ ငြိမ်းမုန်းတဲ့လူ. . ."

"အံ့သြစရာပဲ၊ ငါ့အစ်ကိုကို ငြိမ်းမုန်းတယ် ဟုတ်လား၊ ငါ့အစ်ကိုဟာ သိပ်သဘောကောင်းတယ်၊ ကြင်နာတတ်တယ်၊ သည်းခံတတ်တယ်၊ ရုပ်လည်းချောတယ်၊ မိန်းမတွေ အများကြီးက ငါ့အစ်ကိုကို သိပ်လိုချင်ကြတယ်၊ ဒါပေမယ့် ငါ့အစ်ကိုက ဘယ်သူ့ကိုမှ မယူခဲ့ဘူး၊ ငြိမ်းကိုပဲယူတယ်၊ ငြိမ်းကို ငါ့အစ်ကိုသိပ်ချစ်တာ ငါ အသိဆုံးပဲ. . ."

"အို. .တော်ပါတော့ ဒီးဒုတ်ရယ်၊ ငြိမ်း ဒီးဒုတ်ကိုတော့ ခင်ပါတယ်ကွယ်၊ ဒီးဒုတ်အစ်ကိုကိုတော့ ငြိမ်းအသည်းနာတယ်၊ သိပ်မုန်းတယ်၊ မကြည့်ချင်ဘူး. . ."

"ထူးဆန်းလိုက်တာ ငြိမ်းရယ်၊ ငြိမ်း ဘာကြောင့် ငါ့အစ်ကို ကို မုန်းတာလဲဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. .မမေးနဲ့၊ မမေးပါနဲ့၊ တော်ပါတော့ကွယ်၊ ငြိမ်းဘာမှ မကြားပါရစေနဲ့တော့. . ."

ငိုရှိုက်ရင်း ဒီးဒုတ်တဲလေးပေါ်မှ ငြိမ်း ပြေးဆင်းသွားတော့သည်။

"ငြိမ်း. .ငြိမ်း အို၊ ဒုက္ခပဲ. . ."

တောထဲသို့ ငြိမ်း ထွက်ပြေးသွားသည်ကို ဒီးဒုတ်သည် စိုးရိမ်ကြီးစွာဖြင့်ခေါ်သော်လည်း ငြိမ်းလှည့်မကြည့်။

ဒီးဒုတ်ပြောသည့် ကျွန်းရိုးရာထုံးစံဓလေ့ဆိုးကြီးက ငြိမ်းနားထဲစွဲနေတော့၏။

ငြိမ်း ဘယ်လိုမှလက်မခံနိုင်ပါ။ သည်တစ်ခါတော့ ဖြစ်ချင်ရာဖြစ်။

သေသေကြေကြေ။

ငြိမ်းသည် တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီတည်း။ ဒီးဒုတ်သည်လည်း ငြိမ်းအကြံကိုသိ၍မဟုတ်၊ ငြိမ်း အတွက်စိတ်ပူ၍





အစ်ကိုဖြစ်သူဟန်မိုရှိရာ ယာထဲသို့ အပြေးတစ်ပိုင်းနှင့် ထွက်သွားလိုက်ပါတော့၏။

× × × × ×

"ငြိမ်း. .ငြိမ်း. . ."

ဟန်မိုအသံကား တောထဲပဲ့တင်လျှိုင်ကာ ဟည်းနေရပါတော့၏။

"ဟင်. .ဟန်မို၊ ဒီလူလိုက်လာတယ်၊ တောက်. . ."

ဟန်မိုခေါ်သံကို ကြားမိ၍ ငြိမ်းလှည့်ကြည့်ပြီး အံလေးကျိတ်ကာဆိုသည်။ တောင်အောက်မှ ဟန်မိုကိုလည်း ငြိမ်းမြင်သည်။ ဟန်မိုသည်လည်း ငြိမ်းအား မြင်ဟန်ရှိ၏။

ငြိမ်းတောင်ပေါ်သို့ ဆက်တက်ခဲ့သည်။ ငြိမ်းအကြံက တောင်ပေါ်ရောက်သည်နှင့် ခုန်ချပစ်လိုက်မည်ဟု။ ငြိမ်းသေမှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်က ကောင်းတော့မည် မဟုတ်ပါလား။

"ငြိမ်း. .ငြိမ်း. . ."

ဟန်မိုခေါ်သံကိုကြားသော်လည်း ငြိမ်းလှည့်မကြည့်တော့။ တောင်ထိပ်ရောက်ရန်သာ ငြိမ်း ကြိုးစားတက်ခဲ့ရသည်။

"ငြိမ်း. .ငြိမ်း. .ရပ်နေပါ၊ ဆက်မတက်ပါနဲ့၊ ငြိမ်းမောလိမ့်မယ်. . ."

နောက်ဘက်မှ ဟန်မိုလှမ်းပြောသည့်အတိုင်း ငြိမ်းလည်း မောနေရပါပြီ။ တောင်ထိပ်မဆိုနှင့် အလယ်ဘို့ပင် ငြိမ်းမရောက်သေးပါ။

တစ်ချီတွင်မတော့ ငြိမ်း ခြေချော်၍ ဒလိမ့်ခေါက်ကွေး ပြန်ကျ လာသည်။

"အား. . ."

"ငြိမ်း. . ."

မြင်လိုက်ရသော ဟန်မိုသည် အသည်းဆတ်ဆတ်ခါနာကျင်





စွာဖြင့် အော်လိုက်မိပါသည်။ အော်ရင်းကလည်း တောင်ပေါ်သို့ ဟန်မို အားသွန်ကာပို၍ ပြေးတက်ခဲ့သည်။

ငြိမ်းကား သစ်ပင်သစ်ငုတ်တို့နှင့် ရိုက်မိကာကျလာဆဲ။

"ငြိမ်း. . ."

ဟန်မိုသည် ငြိမ်းအား ဆွတ်ကြင်ကြေခွဲသွားတော့မည့် အသည်းတို့ဖြင့် လှုပ်လှုပ်ခါကာ ဆီး၍ပွေ့ပွေ့လိုက်ပါတော့သတည်း။ ဟန်မိုရင်ခွင်ထဲ၌ ငြိမ်းကား သတိလစ်၍ နေပါချေပြီ။

"ငြိမ်း. .ငြိမ်းရယ်. . ."

ငြိမ်းအဖြစ်ကိုကြည့်ကာ ဟန်မိုသည် မျက်ရည်တို့ အခဲလိုက် ကျရပါသည်၊ ကြီးကျယ်သောဒဏ်ရာဒဏ်ချက်များ ငြိမ်းကိုယ်ပေါ်တွင် မရှိသော်လည်း ခြစ်ရာပွန်းရာဒဏ်ရာတွေဖြင့် ငြိမ်းကိုယ်ထက် နေရာအနှံ့ရှိနေရပါချေ၏။

"ငြိမ်းရယ်. . ."

တုန်ယင်အက်ကွဲသောအသံဖြင့် ဟန်မိုသည် ငြိမ်းကို ပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မိပါ၏။ ရင်ခွင်ထဲတွင် သတိလစ်နေရှာသော ငြိမ်းကို သူတင်းကျပ်စွာ ဖက်ထားလိုက်မိပါ၏။ သူ့အခွင့်အရေးယူခြင်းမဟုတ်။ ငြိမ်းအား ချစ်မြတ်နိုးလွန်း၍ မချင့်မရဲကြီး ဝမ်းနည်းခြင်း၊ ထိခိုက်ခြင်းတို့ဖြင့် ရင်ဝယ်ခံစားရသဖြင့် လှစ်ပြနေခြင်းသဘောပါလေ။

နောက်ဆုံးသော် ဟန်မိုသည် ယျောပြောင်းသော ငြိမ်းကိုယ်လုံးလေးအား ပခုံးထက်ထမ်းကာ တောင်ပေါ်မှဆင်း၍ အိမ်ပြန်လိုက်ခဲ့ပါတော့သတည်း။ ။

♡ ♡ ♡



— တစ်ဆယ့်တစ် —

ကိုးပွဲပေါက်ပြီးခြင်းတော့မရှိ။ ပွန်းပဲ့ရာတွေကြောင့် နာကျင်ကိုက်ခဲပြီး ညကတစ်ညလုံးလို့ ငြိမ်း မအိပ်နိုင်ခဲ့။

သစ်ပင်သစ်မြစ် တို့ဖြင့် လိမ့်ကျစဉ်က ရိုက်မိခြင်းကြောင့် ငြိမ်းခြေထောက်နှစ်ဖက်စလုံးမှာ လေဝင်သလိုနာကျင်၍ ထောက်၍မရ။ လမ်းလျှောက်၍လည်း မရ။

ကံကောင်း၍သာဆိုရမည်။ ကြီးကြီးကျယ်ကျယ် ဒဏ်ရာတွေတော့ ငြိမ်း မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း ကံကောင်းခြင်းပါ။ သေချင်သည်က အသက်ရလောက်သည့်ဒဏ်ရာက မဖြစ်လောက်၊ သေသွားလိုက်ရင်တော့ အကောင်းဆုံးပဲ။

မသေတော့လည်း တစ်ကိုယ်လုံးနီးပါး ပွန်းပဲ့သည့် ဒဏ်ရာတွေက နာကျင်ကိုက်ခဲ့သလိုရှိ၍ ငြိမ်း မအိပ်နိုင်။ ငြိမ်း တစ်ညလုံး ငိုနေတော့ ဟန်မိုလည်း မအိပ်နိုင်ရှာ။

ငြိမ်းကို တစ်ညလုံး ပြုစုသည်။ အနာတွေကို ဆေးထည့်ပေးသည်။ နာကျင်သည့် ခြေထောက်တွေကိုလည်း ဆေးမြစ်တွေသွေး၊ ဆေးရွက်တွေထောင်း၊ အရည်တွေနှင့် ပွတ်လူးနှိပ်နယ်ပေးသည်။

ဟန်မို ပြုစုနေသမျှ ငြိမ်းသည် မခံချင်သော်လည်း မျက်ရည်တွေကျကာ မျက်နှာလေးလွှဲလွှဲထားလျက် ခံနေရပါ၏။

ငြိမ်းကိုယ်နှိုက်က ဆရာဝန်လောင်းလျာသေမယ့် ဆေးဝါးမရှိတော့လည်း ဘာတတ်နိုင်ပါမည်နည်း။ မိုးလင်းကာနီးလောက်မှ





ငြိမ်းသည် အနာအကျင်တို့ သက်သာသလိုရှိကာ မှေ့ခနဲအိပ်ပျော်သွားရ၏။

ငြိမ်း အိပ်ပျော်သွားသည်မှာ ကြာလိုက်သည်ဟုပင် မထင်။ လှုသံဆူသံတွေကြား၍ ငြိမ်း နိုးလာသည်။ ငြိမ်း ခြေရင်းလောက်မှ ဟန်မိုသည်လည်း နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ နိုးထလာ၏။

"အို. . ."

ဟန်မိုတစ်ယောက် ငြိမ်းခြေရင်းတွင် အိပ်ရသည်မို့ ငြိမ်းစိတ်ထဲ တစ်မျိုးတော့ဖြစ်ရသည်၊ သို့သော်လည်း ငြိမ်း စကားမဆို။ ဟန်မိုလည်း မဆိုပါ။

ဟန်မိုသည် ညီခဖြစ်သူ ဒီးဒုတ်တို့ အိမ်ရှေ့တွင် လူတွေစုဝေးရောက်နေကြပြီကို တစ်ချက်မျှသာ လှမ်းကြည့်လိုက်ပြီး နေရာမှ ရုတ်ခနဲထကာ တဲနောက်ဖက်ထဲသို့ ဝင်သွားလိုက်လေ၏။

ဟန်မိုပြန်ထွက်လာသည်တွင် သူ့လက်ထဲ ငြိမ်း မျက်နှာသစ်ရန် အသင့်ပါလာ၏။ ငြိမ်းရှေ့တွင် မျက်နှာသစ်ရန် ဟန်မို



www.burmeseclassic.com

www.burmeseclassic.com



ရေခွက်နှင့် ဆားအိုးကို ချပေးလိုက်သည်။ ငြိမ်းသည် မျက်နှာသစ်ရန် လက်ဖဝါးနှစ်ဖက်ကို ဖြန့်ကြည့်လိုက်သည်။

ငြိမ်း လက်ဖဝါးပြင်နှစ်ဖက်တွင် ပွန်းပဲ့နေ၍ ရေကိုင်လျှင် စပ်၍နာကျင်ပေရော့မည်။

ငြိမ်းတွေးနေဆဲပင် ဟန်မိုသည် ငြိမ်းမျက်နှာလေးဆီ ကိုယ်တိုင်မျက်နှာသစ်ပေး၏။

ငြိမ်း သူ့ကိုကြည့်လိုက်သည်၊ ထုံးစံ အတိုင်း ငြိမ်းအကြည့်သည် စူးစူးထက်ထက်၊ သူ့ကိုကျေးဇူးမတင်၊ အကောင်းအမြင်။

ဟန်မိုသည်လည်း ငြိမ်းကိုကြည့်ပါသည်။ ထုံးစံအတိုင်း သူ့အကြည့်သည်လည်း တည်ငြိမ်သော၊ နွေးထွေးသော၊ ကြင်နာသော၊ ငြိမ်းချမ်းသော၊ အပြစ်ကင်းသော၊ သဘောပြည့်ဝ၍ခွင့်လွှတ်သော၊ ချစ်မြတ်နိုးသော အကြည့်မျိုးပါ။

ဟန်မို၏ထိုအကြည့်တွေကို ငြိမ်း အလွန်မုန်းတီးသည်။ ရွံရှာသည်။ ခံပြင်းနာကြည်းသည်။





မျက်နှာလေးကို ငြိမ်း ဆတ်ခနဲပင် လွှဲပစ်လိုက်၏။ ငြိမ်း အပြုအမူတွေကို ဟန်မို သဘောကျ၊ နားမလည်သော်လည်း မည်သို့မျှ မမေးမဆိုပါ။

သူကအကောင်းမေးသော်လည်း ငြိမ်းက ကောင်းကောင်း ဖြေမည် မဟုတ်သည်ကို သူ သဘောပေါက်ဟန်ရှိပါ၏။

ငြိမ်းကို မျက်နှာသစ်ပေးပြီး တဲနောက်ထဲသို့ ဟန်မို ပြန်ဝင်သွားလိုက်သည်။ မျက်နှာသစ်ပြီး ဟန်မို ပြန်ထွက်လာသည်။

ဟန်မို့အား မကြည့်ချင်၍ လူတွေစုရုံးနေကြသည့် ဒီးဒုတ်တဲလေးဘက်သို့ ငြိမ်းကြည့်နေလိုက်သည်။ ဟန်မိုလည်း ကြည့်နေပါ၏။

ဒီးဒုတ် အိမ်ဘက်မှ ဝက်အော်သံတွေနှင့် လူတွေတစ်ယောက်တစ်ပေါက် ပြောနေကြသည့် စကားသံတို့ကို မပီဝိုးဝါး ကြားနေရသည်။

ဟန်မိုသည် ငြိမ်းကို စကားမဆို၊ ငြိမ်းကိုယ်လေးအား



www.burmeseclassic.com

www.burmeseclassic.com



ဖွေ့ချီယူမည့်ဟန်ပြင်လာလေ၍. . .

"ဘာလုပ်မှာလဲ၊ ရှင် မထိနဲ့. . ."

သူ့ရင်ဘတ်ဆီ ဘွန်းကာ ငြိမ်းဆိုသည်၊

"ဟိုမှာ လူတွေတွေ့တယ်မဟုတ်လား ငြိမ်း. . ."

"အဲဒါဘာဖြစ်လဲ. . ."

"ဒီးဒုတ်ဆီကို သွားရမှာပေါ့၊ သူ ကလေးရှိတဲ့ မင်္ဂလာယူပွဲလုပ်နေတာ။ သွားရဖို့ ထုံးစံရှိတယ်. . ."

"မသွားချင်ဘူး. . ."

"မသွားလို့မဖြစ်ဘူး။ ထုံးစံပဲ. . ."

"မသွားမဖြစ်ရင်လည်း ရှင်သွား. . ."

"ငြိမ်းလည်းပါရမယ်. . ."

"အို. .ရှင် ကပ်သတ်ပြောနေတာလား၊ ငြိမ်း လမ်းမလျှောက်နိုင်ဘူး. . ."

"ကပ်သတ်ပြောတယ်ဆိုတာ နားမလည်ဘူး၊ ငြိမ်း





မလျှောက်နိုင်တာသိလို့ ငါချီသွားဖို့လုပ်တာပေါ့. . ."

"တောက်. . ."

ဒေါသဖြင့် တက်ခေါက်ပြီး နှုတ်ခမ်းလေးတွေ စေ့ထားမိသည်။

"ဟိုမှာ လူတွေလှမ်းကြည့်နေကြပြီ သွားကြမယ်. . ."

မှန်သည်။ သူပြောသလိုပင်၊ ဒီးဒုတ်တို့အိမ်ရှေ့မှလူတွေက ဟန်မိုနှင့်ငါးတို့ မရောက်လာသေး၍ လှမ်းကြည့်နေကြသည် မဟုတ်ပါလား။

ယောက်ဖဖြစ်သူ ဘာဘူနှင့် ဒီးဒုတ်တို့ကလည်း စောင့်မျှော်နေကြဟန်ဖြင့် လှမ်းကြည့်နေကြပါ၏။

ဟန်မိုသည် ငြိမ်းကို ဖွေ့ချီလိုက်သည်။ ငြိမ်းသည် ငြင်းမဆိုနိုင်တော့၍ သွားလေးတွေစေ့ထားမိသည်။ ဟန်မိုသည် ဘာမှမဖြစ်သလိုပါ။

ဘူဘာလုပ်လုပ် သူ့အပေါ် ဘယ်လိုမှ အကောင်းမမြင်သေး



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းကို ခွင့်လွှတ်နိုင်ဆုံးလူတစ်ယောက်အဖြစ် ချစ်မြတ်နိုးစွာ ရှိနေရပါချေ၏။

ဒီးဒုတ်တို့တဲလေးဆီရောက်သည်တွင် ဟန်မိုနှင့်ငြိမ်းအား ယောက်ဖဘာဘူနှင့် ဒီးဒုတ်တို့က တဲပေါ်တွင် နေရာသီးခြားပေး ကြသည်။

"ယောက်ဖရေ နင်တို့မင်္ဂလာယူပွဲကော ဘယ်တော့လဲ"

"မကြာတော့ပါဘူး. ."

ယောက်ဖဘာဘူအမေးကို ဟန်မို အေးအေးဆေးဆေး ပြန် ဖြေသည်။ ငြိမ်းသာ ဟန်မိုကို ဒေါသဖြင့် ဆတ်ခနဲကြည့်သည်။ ဟန်မိုကား မသိလိုက်သလိုနေလိုက်၏။

"ဟေ့. .ဟန်မို. ."

"ဗျာ. ."

"နင်တို့ကလေးမင်္ဂလာယူပွဲ ဘယ်တော့လဲဟေ့. ."

"မကြာတော့ဘူး. ."





စောစောက ယောက်ဖဖြစ်သူကို ဖြေသလိုပင် ဟန်မို အေးအေးဆေးဆေး ပြောလိုက်သည်။

"ဩော်. .ဟုတ်လား. ."

"ကောင်းတယ်၊ နတ်သမီးဟာ ဟန်မိုရဲ့နတ်သမီးပဲ၊ နင်နဲ့ တန်ပါ့မလား. ."

"ဟား. .ဟား. .ဟား. ."

သူတို့စကား၊ သူတို့ထုံးစံ၊ သူတို့အချင်းချင်းဝါးခနဲ ပွဲကျ သွားကြရလေသည်။ သူများတွေ ပျော်ရွှင်ပေါ့ပါးလွတ်လပ်စွာ ရယ်ကြ သော်လည်း ငြိမ်းနှင့်ဟန်မိုကမူ မရယ်နိုင်ရှာကြပါ။

စကားသံ၊ ရယ်သံတွေဖြင့် ဒီးဒုတ်တဲရှေ့ ပရိသတ်တွေနှင့် ဆူညံနေဆဲ၊ တဲနောက်တစ်နေရာတွင် ဝက်ပေါ်၍ ချက်ပြုတ်နေကြသူ လည်း မနည်းပါ။

မြွေကျွန်း၊ မြွေတောင်တို့၏ ကျွန်းသူကျွန်းသားတို့ သားသမီးရတနာရရှိခြင်း မင်္ဂလာယူပွဲအတွက် ဝက်ပေါ်၍ ချက်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျေးမွေးခဲ့သည်ဆိုခြင်းမှာ ဆန်းဆန်းပြားပြားတော့ဖြင့် မဟုတ်ပါ။

ဝက်ကိုပေါင်းဖျက်ပြီး ဝက်တင်ကောင်လုံးကိုပြုတ်၍ သား ရေတ်သီးတို့ဖြင့် နယ်ဖတ်ကာ ထမင်းနှင့်ကျွေးခြင်းသာဖြစ်ပါ၏။

ဟန်မိုသည် ငြိမ်းအတွက် ထမင်းနှင့်ဝက်သားကို ကိုယ်တိုင် ယူ၍ ဝါးဖြင့်လုပ်ထားသော ဇွန်းချောချောကလေးဖြင့် စားစေသည်။

"ငြိမ်း စားကောင်းရဲ့လား. . ."

ဒီးဒုတ်ရောက်လာပြီး ငြိမ်းကိုမေးသည်။

"ကောင်းပါတယ် ဒီးဒုတ်၊ ဒီးဒုတ်တို့အတွက် ငြိမ်း ဝမ်းသာ ပါတယ်၊ ငြိမ်းလည်း ဆုတောင်းပေးပါတယ်၊ ဒီးဒုတ် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပြီး သားသမီးရတနာတွေ တိုးပွားပါစေ လို့. . ."

ငြိမ်း လက်မောင်းဆီဆုပ်ကိုင်လာပြီး ဒီးဒုတ်ကျေနပ်စွာ ပြုံးလေသည်။

"ငြိမ်းလည်း ကလေးရှိနေပြီမဟုတ်လား။ အစ်ကိုက ကလေး





ရှိတဲ့အခါ မင်္ဂလာယူပွဲလုပ်ဖို့ မကြာတော့ဘူးလို့ ခုနကပြောကယ် လေ. . ."

ငြိမ်းမျက်နှာလေး ရှက်သွေးတို့ဖြင့် အန်းနေတော့၏။

"ဟုတ်တယ် ဒီးဒုတ်၊ ငါ ဒီဘာစ်ရက်နှစ်ရက်လောက်ကြာရင် ကလေးမင်္ဂလာယူပွဲ လုပ်တော့မှာ၊ ဟော့. .ဒီးဒုတ်၊ နင် ဘယ်သူ့မှ လျှောက်မပြောနဲ့ဦးနော်၊ ငါက အားလုံးအံ့သြအောင်လို့ ရုတ်တရက် လုပ်မှာ. . ."

"အေးပါ အေးပါ၊ ငါ မပြောဘူး. . ."

ဒီးဒုတ် အမှန်ပင် ဝမ်းသာနေရှာ၏။ ငြိမ်းကမူ အိလည် လည်ဖြင့် ရှိနေရ၏။

ဟန်မိုက တည်တည်ငြိမ်ငြိမ်ပင်။

ထမင်းနှင့် ဝက်သားစားပြီးကြသည်တွင် ဟန်မိုသည် ငြိမ်းကို ပွေ့ချီကာ ဦးဆုံးပင် တဲသို့ ပြန်ထွက်လာခဲ့လေသည်။

တဲသို့ရောက်သည်တွင် ဟန်မိုသည် ငြိမ်းကို တဲလေးအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ ချထားပေးလိုက်သည်။

ဟန်မို စကားတစ်ခွန်းမျှမဆို၊ ငြိမ်းသည်လည်း မဆို။ ဟန်မိုသည် တဲနောက်သို့ ဝင်ရောက်သွားပြီ ထမင်းဟင်း သွားချက်ဟန်ရှိပါ၏။

ငြိမ်းကား မိမိအိဘမျှားအား ရက်စက်စွာ သတ်သည့် တရားခံကို တွေ့နေသိနေရပါလျက် ကလဲ့စားချေ အရေးယူဖမ်းဆီးရန် လမ်းစပျောက်နေရသော အတွေးတို့ဖြင့် မကျေမနပ် စိတ်ဒုက္ခသောက ဒေါသတို့ဖြင့် တစ်ကိုယ်တည်း ကျိတ်ကျိတ်ခဲခဲကြီး ခံစားနေရပါချေ၏။

ငြိမ်း အတွေးလွန်ဆဲ တဲနောက်ထဲမှ ဟန်မို ထွက်လာသည်။ ငြိမ်းထံတစ်ချက်လှမ်းကြည့်သော်လည်း သူ စကားမဆို။

တဲထဲမှ ထွက်သွားလိုက်၏။

"တောက်. .တွီး. . ."

ပလိုင်းတွေ ဓားတွေနှင့် ယာတဲအက် ထွက်သွားသော





ဟန်မို နောက်ကျောဆီကြည့်ပြီး ငြိမ်းသည် ဒေါသချောင်းချောင်းထွက်ကာ တစ်ကိုယ်တည်း ရိုင်းပျသော အပြုအမူတို့ဖြင့် ကျန်ရစ်ခဲ့ရပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

– တစ်ဆယ့်နှစ် –

BURMESE CLASSIC .com

"ဘုရား. .ဘုရား. . ."

ငြိမ်းစိတ်ထဲ ဘုရားတနေရပါတော့သည်။

မှန်သည်။

အဘယ်ကြောင့်ဆိုသော် ငြိမ်းနှင့်ဟန်မိုတို့ နေထိုင်သော တဲလေး မြေကွက်လပ်ရှေ့၌ လူတွေစုရုံးရောက်ရှိနေကြချေပြီ။ တဲနောက်တွင်လည်း ဖေက်အော်သံ၊ ဖေက်ဖျက်သံ၊ လူတွေစကားသံကို ငြိမ်း ကြားနေရသည်။





သဘောက ငြိမ်းတွင် ကလေးရှိကြောင်း လူတွေသိသွားကြစေရန် ကြော်ငြာခြင်း၊ မင်္ဂလာယူပွဲလုပ်နေခြင်းပင် မဟုတ်ပါတကား။

တဲတွင် ဟန်မိုကမရှိ။ ယာတဲသို့ ဟန်မို စောစောကတည်းက ထွက်သွားသည်ကို ငြိမ်းသိသည်။ ဘဘဘူက ချက်ပြုတ်သည့်နေရာတွင် သွားကူလုပ်ကိုင်နေသည်။ ဒီးဒုတ်ကမူ ငြိမ်းအနီးတွင် ရှိနေပါ၏။

"ငြိမ်း. .ငါ့အစ်ကိုကတော့ သူကလေးရတော့မှာမို့ သိပ်ဝမ်းသာသွားရှာနေတာ၊ သူ ယာထဲသွားတုန်း ငါ့ကိုလည်း ငြိမ်းကို ဂရုစိုက်ဖို့ မှာသွားတယ်၊ ငြိမ်းက ခြေထောက်နာနေတော့ လမ်းလည်း ကောင်းကောင်းမလျှောက်နိုင်သေးဘူး မဟုတ်လား၊ ငါ့အစ်ကိုကလေ ငြိမ်းကို သိပ်ချစ်တာ၊ ဘယ်လိုချစ်မှန်းမသိတာ. . ."

"ဟိုနေ့တုန်းက ငြိမ်း ချော်လဲလို့ သူချီလာတဲ့နေ့တုန်းက ဆိုရင် သူ့မျက်ရည်တွေကျနေလိုက်တာ တကယ်. . ၊ ငါ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတစ်ခါမှ ငါမတွေ့ဖူးဘူး၊ ငြိမ်းကိုမြင်စေချင်တယ်. . ."

ဒီးဒုတ်၏အားရပါးရပြောနေသော စကားတွင် ငြိမ်းသည် တစ်ဖက်သို့ မသိမသာလေးလှည့်ကာ နှုတ်ခမ်းလှလှလေးအား ရွဲ့လိုက်မိပါ၏။

"ဟော ယော ဟိုမှာ အစ်ကိုပြန်လာပြီ ငြိမ်း. . ."

အားလုံးပြီးစီးလောက်ချိန်တွင် ပလိုင်းထဲသစ်သီးတုံ ဆွတ်ခူးလာပြီး ဟန်မို ပြန်ရောက်လာလေသည်။

"ဟော့ .ဟန်မို၊ နင့်ပွဲတော်က ဖြုန်းစားကြီးလာယဲ့၊ နင့်ညီမနဲ့ နှစ်ရက်ပဲခြားတယ်. . ."

"အေးပေါ့၊ နင်တို့အားလုံး အံ့သြအောင် ပျော်အောင် ငါက လုပ်တာ. . ."

တဲရှေ့မှ လူအုပ်ကြီးထဲ တစ်ယောက်နှစ်ယောက်က လှမ်းပြောနေ၍ လူအုပ်ကြီးဆီကြည့်ကာ ဟန်မို ခပ်တည်တည်ဆိုပြီး တဲထဲဝင်ခဲ့လေသည်။





"ယောက်ဖရေ. .ပြီးပြီဟော့၊ စားကြရုံပဲ. . ."

ဘာဘူကလှမ်းပြောနေ၍ ပခုံးပေါ်မှ ပလိုင်းနှင့်ခါးကို နေရာတကျ ဟန်မိုထားလိုက်ပြီး. . .

"အေးလေ. .ပြီးရင်စားကြတာပေါ့. . ."

ဟန်မိုအသွင်က ရှင့်ရှင့်ကျက်ကျက် တည်တည်ငြိမ်ငြိမ်ပင် ဆိုသည်။ လုပ်ကိုင်ကြသည့်လူတွေက စားပွဲကို ပြင်ဆင်ပြီး လူတွေကို ချကျွေးသည်။

ထုံးစံအတိုင်းပင် ဟန်မိုသည် ငြိမ်းကို ဂရုတစိုက် ကျွေးရှာ၏။ ဟန်မိုလုပ်ကိုင်နေသည်တို့ကို ငြိမ်း ဘာကိုမှ နားမလည်၊ ဟန်မိုကလည်း ငြိမ်းကိုဘာမှမပြော၊ ငြိမ်းကလည်းမမေး၊

ခုတော့ မေးလို့ကမဖြစ်၊ လူတွေပြန်သွားလျှင် မေးကိုမေးရဦးမည်ဟု ငြိမ်း ဆုံးဖြတ်ထားလိုက်ရလေသည်။

ဟန်မိုသည် ခုတလော ငြိမ်းအား စကားသိပ်မပြောပါလေတော့။ ငြိမ်းနှင့်တွေ့စကတည်းကလည်း စကားတွေ ပြောသည်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ပြောတော့ပြောသည်။ နှုတ်ခမ်းဟိုရှိ အပြောနည်းသွား၏။ ငြိမ်းကမူ မပြောလေကြိုက်လေ။ သူ့ကို ငြိမ်း ကြည့်ကိုလည်းမကြည့်ချင်။ မြင်ကိုလည်း မမြင်ချင်။

သူ ငြိမ်းကို ကြည့်သည်ကိုလည်း ငြိမ်းမကြိုက်။ သူ့အကြည့်တွေကို ငြိမ်း အရွံဆုံး။ အမုန်းဆုံး။ အသည်းနာဆုံး။

ငြိမ်းသည် မကောင်းတတ်၍သာ စားနေရသည်။ လုံးဝ စိတ်ကမပါ။ နာကြည်းလှသော အတွေးထဲ၌သာ နစ်မျောနေရပါ၏။

“ပြီးပြီလား ငြိမ်း. . .”

ဒီးဒုတ်မေးတော့ ငြိမ်း ခေါင်းညိတ်ပြသည်။ ငြိမ်းစားသည့် ဝါးပန်းကလေးကို ဒီးဒုတ်သိမ်းမည်ပြုတော့ ဟန်မိုကိုယ်တိုင် ယူသိမ်းသွား၏။ လူတွေလည်း စားပြီးကုန်ကြပြီ။

တစ်ချို့လည်း စားနေကြဆဲ။ စားပြီးသူတော့ စားနေကြဆဲ လူတွေအားလုံးက ငြိမ်းနှင့် ဟန်မိုတို့ကို သူတို့ကျွန်းမလေ့ထုံးစံအတိုင်း



BURMESE CLASSIC .com



ဆုတောင်းတွေ အဝဝ ထပ်ပေးနေကြ၏။

စိတ်ထဲမှ ငြိမ်းဒေါသတွေ တပြင်းပြင်းနှင့်ရယ်။ တဖြည်းဖြည်းနှင့် စားပြီး၍ လူတွေပြန်ကြပြီ၊ ဒီးဒုတ်တို့လည်း ပြန်သွားကြပြီ။ နောက်ဆုံး ဟန်မိုနှင့်ငြိမ်းသာ တဲတွင်ကျန်ရစ်ခဲ့ကြလေ၏။

ဟန်မိုသည် တဲနောက်ထဲဝင်သွားသည်မို့ ထွက်လာလျှင် စကားပြောရန် ငြိမ်း စောင့်နေရသည်။

သို့သော် ဟန်မိုသည် ဓားတစ်ချောင်း ပလိုင်းတစ်လုံးနှင့် တဲနောက်မှထွက်လာကာ ငြိမ်းဆီတစ်ချက်ကြည့်ပြီး တဲထဲမှ ထွက်သွားလိုက်ပြန်ပါလေ၏။

ငြိမ်းကား တေးထားသမျှ မပြောဖြစ်လိုက်၍ နီညိုရောင်လွှမ်းသော ဟန်မို့နောက်ကျောကြီးအား ဒေါသတွေဖြင့် ကျန်ရစ်ခဲ့ရပြန်ပါသတည်း။

x x x x x



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်ပြီ။ တဲထဲမှာ အမှောင်က အတိ၊ ငြိမ်းလည်း မီးထ မထွန်းနိုင်။

နေ့လည်လောက်ကတည်းက ထွက်သွားသည့် ဟန်နီမို တစ်ယောက်ကမူ အခုထိပြန်ရောက်မလာသေး။ တစ်လောကလုံးက မှောင်ပြီ။

ဒီလူ ပြန်မလာပါစေနဲ့တော့။ သူ့အလိုလို တစ်ခါတည်း သေသွားရင်လည်း ကောင်းတာပဲ။

အတွေးနှင့် မီးထွန်းရန် နေရာမှ ငြိမ်းကြီးစားကြည့်နိုက်မှာ ပင် တဲရှေ့မှ ခြေသံဖွဖွကို ကြားလိုက်ရလေသည်။ ဟန်နီမို ပြန်ရောက် လာခြင်းပါ။

ဟန်နီမိုသည် တဲရှေ့ကွပ်ပျစ်ကလေးထက် ထမ်းလာသည့် ဆန်ထုပ်လိုလိုအထုပ်ကြီးကို ညင်သာစွာချလိုက်သည်။

ပြီးတော့ လွယ်ထားသော ပလိုင်းနှင့်စားကိုလည်း အသာချ လိုက်၏။





ဟန်နီမိုသည် ကျွန်းသား တောသားအရိုင်းအစိုင်းစစ်စစ်ဆိုပေ မယ့် လုပ်ရှားသမျှတို့သည် နူးညံ့ညင်သာကြောင်း ငြိမ်း သတိတော့ ဖြင့် ထားမိ၏။

မီးအိမ်လေးကို ဟန်နီမို အရင်ထွန်းလိုက်သည်။ တဲလေးထဲ အလင်းရောင်လေးဖြာသွား၏။

ဟန်နီမိုသည် နွေးထွေးသော အကြည့်တို့ဖြင့် ငြိမ်းကို ကြည့်သည်။

ငြိမ်းကလည်း ထုံးစံအတိုင်း အကြည့်တွေနှင့် ပြန်ကြည့်ပြီး အကြည့်တို့လွဲသွား၏။

ထို့နောက် ဟန်နီမိုသည် တဲနောက်ဘက်တွင် ရေချိုးပြီး ငြိမ်းနှင့်အတူ ထမင်းစားလိုက်ကြလေ၏။ ထမင်းစားစဉ် သူတို့ နှစ်ဦးလုံး စကားမဆိုကြ။

ထမင်းစားပြီးသော်မှ ငြိမ်းနှင့်ဟန်နီမိုသည် မီးရောင်လေး အောက်တွင် တစ်ဦးနှင့်တစ်ဦး တစ်လန်ကွာခန့်နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြရင်း ငြိမ်းဘက် တစ်ချီတစ်ချီကြည့်ကာ ဟန်မိုသည် ဝါးခြင်းလေးတစ်လုံးကို ယက်နေလိုက်ပါ၏။

ငြိမ်းကမူ သူ့ကိုစကားဆိုရန်အတွက် စကားစရန်နှင့် စကားအစကို ကသိကအောင့်စိတ်ဖြင့် ရှာဖွေစဉ်းစားနေမိရပါလေ၏။

"ဒီမှာရှင့် . ."

ငြိမ်း စခေါ်လိုက်သည်။ ငြိမ်းခေါ်တော့ သူချက်ချင်းလှမ်းကြည့်သည်။

"ဒီနေ့ ရှင်လုပ်တဲ့အလုပ်က ဘာသဘောလဲ . ."

ငြိမ်းမျက်နှာလှလှ၊ ငြိမ်း စကားသံတို့က မာမာထန်ထန်။ ဒါကိုပင် ဟန်မို့အတွက် လေညင်းနုကလေးများပေလားပင်။

ဟန်မိုသည် ငြိမ်းကိုနူးညံ့သော အေးချမ်းသော အကြည့်တို့ဖြင့် ကြည့်ရင်း...

"ကောက်ညှင်းဆန်ကုန်လို့ ဒီနေ့ မြွေဘောင်ကျွန်းဘက် သွားရတယ်၊ ဒီရေအတက်ကိုစောင့်ပြီး ပြန်လာရလို့ မိုးချုပ်သွားတာ"





"အို ငြိမ်းမေးတာ ဒါဟုတ်ဘူးရှင့်၊ ရှင့်ဟာရှင် ဘယ်သွားသွား ဘယ်မှာသေသေ ငြိမ်းနဲ့မဆိုင်ဘူး . ."

"ဟင်း . ."

ငြိမ်းစကားကြောင့် ညှိုးငယ်သော မျက်ဝန်းတို့ဖြင့် ဟန်မို သက်မရှိုက်မိ၏။

"ငြိမ်းမေးတာ ရှင် ဒီနေ့လူတွေခေါ်ပြီး ကျွေးမွေးတဲ့ကိစ္စကို မေးတာ . ."

"ဒါမေးစရာလိုသလား၊ မင်း စိတ်ချမ်းသာအောင် ငါလုပ်ပေးတာပဲမဟုတ်လား ငြိမ်း . ."

"ဘာပြောတယ်၊ စိတ်ချမ်းသာအောင် ရှင်လုပ်ပေးတာ ဟုတ်လား . ."

"အင်း . ."

"ဘာအင်းလဲရှင့်၊ ရှင်ဒီလိုလုပ်တော့ ငြိမ်းက . .ငြိမ်းက ဘယ်လို အဟင့် . .ဟင့် . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်မညစ်ပါနဲ့၊ မင်း မငိုပါနဲ့ကွာ၊ ငါနားလည်တယ်၊ မင်း နားမလည်ဘူး၊ ငါနားလည်လို့ ငါလုပ်တာ . . ."

"ရှင် ငြိမ်းကို လိမ်လည်လှည့်စားမယ့်အကြံနဲ့ ဘယ်တော့မှ မရဘူးမှတ်၊ ရှင့်အကြောင်းကို ငြိမ်းအသိဆုံးဆိုတာ ရှင် သိထားပါ"

မျက်ခုံးနှစ်ဖက်တွန့်ကာ ဟန်မို ငြိမ်းကိုကြည့်သည်။ သူ့အကြည့်က အံ့သြနေဟန်လိုရယ်ပါ။

"ငါ့အကြောင်းကို မင်းသိတယ်ဟုတ်လား။ ဘာအကြောင်းလဲ . . ."

"အို ရှင် ဘာမှမမေးနဲ့၊ ငြိမ်းသိနေရင် ပြီးတာပဲ . . ."

မျက်ရည်တွေနှင့်ငြိမ်းကို သူအတန်ကြာ ငေးကြည့်နေမိလေသည်။

"ရှင် ငြိမ်းကို ဒီလိုမကြည့်နဲ့၊ ရှင့်ကိုမုန်းတယ်၊ မုန်းတယ်ကဲဟယ် . . ."

"ဒေါက် . . ."





ငြိမ်း ဒေါသနှင့်ဆိုရင်း ကြည့်နေသော ဟန်မိုကို ဆေးထည့်ထားသည့်ခွက်နှင့် လှမ်းပေါက်လိုက်သည်။ အကျိုမရှိသော ဟန်မို့ ရင်ဘတ်ကိုထိပြီး ဆေးခွက်သည် မှောက်ကျသွားသည်။ ဘာမှ မဖြစ်သလို ဟန်မို ဆေးခွက်လေးကိုယူပြီး သူ့ကိုယ်ပေါ်မှ ဆေးတွေကို ပွတ်လှူးလိုက်၏။

ဟန်မို၏အေးချမ်း တည်ကြည်နေသော အသွင်ကိုပင် ငြိမ်းသည် ပို၍ဒေါသထွက်ခံပြင်းနေမိ၏။

"ရှင်ဟာ လူလိမ်၊ လူညာ၊ လူယုတ်မာ၊ ရှင် ငြိမ်းကို စည်းရုံးလို့ရမယ်များ မှတ်နေသလား . . ."

"ငြိမ်း . . မင်းကို ငါဘာခုမစည်းရုံးဘူး၊ ငါဟာ လူလိမ်၊ လူညာ လူယုတ်မာလို့ မင်းပြောချင်တာပြော၊ မင်းမှာ ကလေးရှိပြီဆိုတဲ့အကြောင်း ငါအခုလို လူတွေကို အသိပေးလိုက်ရတာက မင်းအတွက်ရော၊ ငါ့အတွက်ပါကောင်းဖို့ပါ၊ မင်းလည်း ငါတို့ကျွန်းသားတွေကို မယူနိုင်သလို ငါကလည်း မင်းကလွဲရင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမှမယူနိုင်ဘူး၊ ဒါကြောင့် ငါဒီလိုလုပ်တာပဲ. . ."

"ငြိမ်း. .မင်းကိုငါချစ်တယ်၊ ငါ မင်းကိုဘယ်တော့မှ ဒုက္ခမပေးဘူးဆိုတာ မင်းယုံ၊ မင်း ငါ့ကိုမချစ်ဘူး၊ မင်း ငါ့ကို ဒုက္ခပေးတယ်၊ မင်း ငါ့ကို စိတ်ဆင်းရဲအောင်လုပ်တယ် ဒါပေမယ့် မင်းကို ငါ မမုန်းဘူးကွာ. . ."

"အို. .ရှင့်စကားတွေ မကြားချင်ဘူး၊ မပြောနဲ့၊ မပြောနဲ့၊ အဟင့်. .ဟင့်. .ဟင့်. . ."

ငြိမ်း နားလေးနှစ်ဖက်ကိုပိတ်၍ ငိုရှိုက်ရင်း အော်ပြောပစ်လိုက်သည်။ ဟန်မိုသည် ငြိမ်းအနီးသို့လည်း မသွား၊ ငြိမ်းကိုလည်း မနှစ်သိမ့်၊ ငြိမ်းကိုသာ ငေးကြည့်နေမိပါလေ၏။

"အဟင့်. .ဟင့်၊ ရှင်ကလေးရှိကြောင်း လူတွေအသိပေးထားတော့ ငြိမ်းက ရှေ့ဆက်ဘယ်လိုလုပ်ရမလဲရှင့်. . ."

"ငါပြောသားပဲ၊ မင်း ဒါအတွက်စိတ်မညစ်ပါနဲ့၊ မငိုပါနဲ့၊ ငါ့လူမျိုး ငါ့ဓလေ့အကြောင်းကို ငါသိပါတယ် မင်း စိတ်ချမ်းသာဖို့





ငါအမြဲလုပ်ပေးမယ်။ မင်း ငါ့ကို မချစ်ချင်နေပါ၊ ကဲ. .မင်းမငိုနဲ့၊ ငါစိတ်မကောင်းဘူး။ မင်းအိပ်တော့. . ."

စကားအဆုံး ယက်လက်စခြင်းကိုပင် ဟန်မို ဆက်မယက်တော့။ မီးအိမ်လေးကို မီးဇာအနည်းငယ်ချလိုက်သည်။

ငြိမ်း အိပ်သည် မအိပ်သည်မသိ၊ သူ မကြည့်တော့။ ငြိမ်းခြေရင်းလောက်ကျသည့် နေရာလေးတွင်ပင် သူ အိပ်လိုက်ပါတော့၏။ ငြိမ်းသည်လည်း အသာလှဲအိပ်လိုက်ရပါတော့သည်။

ငြိမ်း အိပ်မပျော်။ ငြိမ်းမျက်လုံးရှေ့ တဲလေးတစ်နေရာတွင် ကိုထားသည့် ဓားရှည်က မီးရောင်လှဲ့လှဲ့အောက်တွင် တောက်ပနေ၏။

ငြိမ်းသည် အိပ်မပျော်သောမျက်လုံးတို့ဖြင့် ဓားရှည်လေးကို ပုမ်းကြည့်နေခဲ့မှ ဖေဖေအော်သံ၊ လေးလေးနှင့် ဒေါ်လေးတို့ အော်ဟစ်သံ၊ ငြိမ်းမျက်စိရှေ့၌ ခေမေ့နောက်ကျောတွင် အသွားမြုတ်သည်အထိ ဓားမြှောင်တစ်စင်းလာစိုက်ပုံ။

ပြီးတော့ ငြိမ်းလက်မောင်းဆီလည်း အသွားထက်သော



www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်တစ်စင်းလာစိုက်ပုံတွေနှင့် ဆေလီဝေလင်းအချိန် ဟန်မို တစ်ယောက် အလောင်းတွေကို ဖျောက်ဖျက်နေပုံတို့အား ငြိမ်းကဘား နေ့စဉ်နှင့်အမျှ အချိန်နှင့်စက္ကန့်တိုင်းလို ချောက်လုံးထဲ အဖန်ဖန်တလဲလဲ မြင်တွေ့နေရဆဲမဟုတ်ပါတကား။ ။

♡ ♡ ♡



– တစ်ဆယ့်သုံး –

ဟန်မို၏ဂရုစိုက်မှုကြောင့် လေဝင်၍အဆစ်အမြစ်တို့ နာကျင်သွားသော ငြိမ်းခြေထောက်အဖုံသည် ပြန်လည်ကောင်းမွန်၍ လမ်းလျှောက်လာနိုင်ပါတော့၏။

သို့တိုင် ဟန်မိုကိုဖြင့် ငြိမ်း ကျေးဇူး မတင်။ ဟန်မို့အဖို့လည်း ငြိမ်းကျေးဇူးတင်ခြင်းသည် မလိုအပ်ပါလေ။

ငြိမ်းခြေထောက်ပြန်ကောင်းလာသည်နှင့် ဟန်မိုသည် ငြိမ်းအား အိမ်တွင်မထားခဲ့တော့။ သွားလေရာရာ ငြိမ်းကိုခေါ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငြိုငြင်မှုပြ၊ မလိုက်ချင်ပါဘဲနှင့်လည်း ဟန်မိုခေါ်ရာနောက်သို့ ငြိမ်းလိုက်ပါနေရပါသည်။

ယခုလည်း မိုးလင်းကတည်းက ဟန်မိုနှင့်အတူ ငြိမ်းသည် ယာတဲသို့ ရောက်နေရပြီဖြစ်၏။

ဟန်မိုသည် ရေငင်၍ အပင်များရေလောင်းနေစဉ်တွင် ငြိမ်းသည် ယာတဲလေးတွင် တစ်ယောက်တည်းရှိနေပါချေ၏။ စနစ်ကျနည်းမှန်စည်းမှန် စိုက်ပျိုးထားသော စိုက်ခင်းတို့ဆီကြည့်ရင်း . .

ဒီလိုတော့လည်း ဒီကျွန်းသားတွေက လုပ်တတ်ကိုင်တတ်ကြသားပဲ၊ အယူသည်းပြီး ရိုးရာစွဲနေတာကြီးတွေကပဲ ခက်တယ်၊

အေးလေ. .လူမျိုးတစ်မျိုးနဲ့ ဒေသတစ်ခုမှာတော့ သူတို့ရိုးရာဓလေ့၊ ယဉ်ကျေးမှုဆိုတာတွေ ရှိကြမှာပေါ့လေ။

ဟင်း. .ငါလည်း ဒီကျွန်းပေါ်မှာ ဒီလိုပဲ နေသွားရတော့မှာလား၊ ငါ့အတွက် နည်းတွေလမ်းတွေ၊ အပြန်လမ်းတွေ ပျောက်ကွယ်နေပြီထင်ပါတယ်၊





အင်း. .ဟုတ်ပြီ၊ ဒီးဒုတ်. .ဒီးဒုတ်ကို ငါ နည်းနည်းပါးပါး စကားပြောကြည့်ပြီး နည်းလမ်းရှာကြည့်ရမယ်။

ငြိမ်းစဉ်းစားဆဲ ရိုပ်ခနဲတဲထဲဝင်လာသူကြောင့် မော့ကြည့်လိုက်သည်။

ဟန်မို. . .။ ဟန်မိုသည် သစ်သီးတွေခူး၊ ပေါင်းသင်မြက်နုတ်၊ ရေလောင်းပြီး တဲဆီပြန်လာဟန်ရှိသည်။ ဟန်မို့တစ်ကိုယ်လုံးတွင် ချွေးတွေနှင့်ကော ရေတွေနှင့်ကော ရွှဲနစ်နေလေ၏။

ငြိမ်းသည် ဟန်မိုအား မျက်နှာလေးရှုံ့မဲ့ကာ ကြည့်ပြီး မျက်နှာလွှဲထားလိုက်သည်။

ဟန်မိုမြင်သော်လည်း ငြိမ်းအား ထပ်ဝရ ခွင့်လွှတ်မြဲပုံစံဖြင့် အေးအေးဆေးဆေးပင် စားနေကျ ကောက်ညှင်းနှင့် ငါးခြောက်ကင်ကို စားနေလိုက်ပါ၏။

ဟန်မိုအားနေဆဲ ငြိမ်းသည် ဟန်မိုအနီး၌ပင် နေနေရသည်။ နေကထင်စတစ်ခ မြင့်လာပြီဖြစ်သည်။ ငြိမ်းစားပြီးမှန်းသိ၍



www.burmeseclassic.com

www.burmeseclassic.com



အပိုလုပ်ကာ ဟန်မိုသည် ငြိမ်း စားပြီးပြီလားဟု မမေးတော့။ စားပြီးသည်နှင့်ပင် ဟန်မိုသည် ထုံးစံအတိုင်း ပလိုင်းလွယ် ဓားလွယ်လျက် ငြိမ်းလက်ကလေးတစ်ဖက်ကိုပါဆွဲကာ ယာထဲမှ တဲဆီသို့ ပြန်ခဲ့ကြပါလေတော့၏။ ယာတဲမှအပြန် လမ်းတစ်လျှောက်တွင်လည်း စကားမပြောကြ။

ငြိမ်းသည် ဟန်မိုဆွဲကိုင်နေကျ လက်ကလေးအား မနူးမြို့၍ဆောင့်ရုန်းလိုက်သည်။ နေရာတွင်ရပ်ကာ ဟန်မို ငြိမ်းကိုကြည့်သည်။

မုန်းတီးသောအကြည့်တွေနှင့် ငြိမ်းမျက်ဝန်းတွေနှင့် ဟန်မိုရင်ဆိုင်ရ၏။ ငြိမ်းအကြည့်တို့ကို ဟန်မိုသည် ဥပေက္ခာပြုလိုက်ပြီး...

"ဘာဖြစ်တာလဲ. . ."

"ရှင်ကိုင်တာ မကြိုက်လို့. . ."

"ငါ မင်းကိုလက်ကလေးပဲ ကိုင်တာပဲ. . ."

"မကြိုက်ဘူး။ မကိုင်နဲ့. . ."





"မင်းအပေါ် ငါ့ရဲ့မြတ်နိုးတွယ်တာမှုအတွက် မင်းလက်တောင်မှ ငါမကိုင်ရဘူးလား. . ."

"မကိုင်ရဘူး၊ မကြိုက်ဘူး. . ."

"မင်းယောက်ျားတစ်ယောက်အနေနဲ့ကော ငါကိုင်ခွင့်မရှိဘူးလား. . ."

"ဖြန်း. . ."

ဟန်မို့ပါးကို ငြိမ်း ရိုက်သစ်လိုက်ပြန်သည်။ ဟန်မို သည်လိုပြောလျှင် ငြိမ်း အမုန်းဆုံး။

"ရှင် ငြိမ်းကို ဒီလိုဘယ်တော့မှ မပြောပါနဲ့၊ ရှင်နဲ့ငြိမ်းဟာဘာမှမဆိုင်ဘူး၊ ငြိမ်းကို ဘယ်တော့မှမကိုင်ပါနဲ့. . ."

စကားအဆုံး ငြိမ်း ရှေ့မှထွက်သွားလိုက်သည်။ ဟန်မိုသည်နေရာတွင် တစ်အောင့်မျှ ငေးကျန်ခဲ့ပြီးမှ ငြိမ်းနောက်သို့ ခြေလှမ်းကျဲကြီး သုံးလေးလှမ်းဖြင့် လိုက်သွားလိုက်ပြီးနောက် ငြိမ်းလက်ကလေးတစ်ဖက်အား ဆတ်ခနဲဆောင့်ကာ ဖမ်းဆွဲလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အို. .ရှင်. . ."

ငြိမ်းသည် ရှက်ဝန်းလေး ပြုံးသွားလိုက်ရပါ၏။ ဟန်မိုသည် သူ့ကိုယ်ပေါ်မှ ပလိုင်းနှင့်ဓားတို့ကိုပစ်ချလိုက်ပြီး ငြိမ်းကိုယ်လေးကို ပွေ့ချီယူလိုက်သည်။ သည့်နောက်မတော့ ဟန်မိုကား ငြိမ်းအား စိတ်ရှိလက်ရှိ နမ်းပစ်နေလိုက်မိပါတော့သတည်း။

ငြိမ်း ရုန်းသော်လည်း မရ။ ငြိမ်း နောင်တရသွားသည်။ သူ လက်ကလေးကိုင်သည်ကို ငြိမ်း တွန့်ကိုခြင်းဖြင့် မိုက်ရိုင်းစွာ ပြုမူပြောဆိုမိခြင်းအတွက် ခုတော့ ငြိမ်းအခက်တွေ့နေရချေပြီတကား။ ငြိမ်း ဘယ်လိုမှ ရုန်း၍မရ။

"အဟင့်. .ဟင့်. .ဟင့်. . ."

ငြိမ်း ငိုပါပြီ၊ ငြိမ်းငိုတော့ အရှစ်အသိုင်းတို့ သူလျှော့လိုက်သည်။

"ရှင့်ကိုမုန်းတယ်၊ ရှင့်ကိုမုန်းတယ်. . ."

ခါးသီးစွာ ငြိမ်းဆိုသည်၊ ပြီးတော့ သူ ငြိမ်းကို ငုံ့ကြည့်





လာရင်းက. . .

"မင်းရဲ့အခါးသီးဆုံး အမုန်းတွေကို ငါဟာ ဘာကြောင့်မုန်းမသိ ခါးစည်းခံနေရသူပါ၊ ဒါပေမယ့် မင်း ဘယ်လိုမုန်းမုန်း ငါ မင်းကိုချစ်တယ်၊ ငါ့အသက်နဲ့ခန္ဓာ တည်နေသရွေ့ မင်းကို ငါချစ်မယ်. . ."

"မင်းလက်ကလေးကို ငါ အမြတ်တနိုးကိုင်တာ၊ တကယ်တော့ မင်းမကြိုက်လို့၊ ငါ့စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ ဒါကြောင့် ငါအခုလို မင်းကို အနိုင်ယူမိတာ ခွင့်လွှတ်ပါ၊ နောင်ကို မင်းမကြိုက်တာ ငါ ဘာမှမလုပ်တော့ဘူး. . ."

စကားအဆုံး ဟန်မို ထရပ်လိုက်သည်။

"ပြန်း. .ပြန်း. . ."

ငြိမ်းသည်လည်း နည်းနည်းလေးမှမခံ၊ နေရမှ လျင်မြန်စွာ ထရပ်လိုက်ပြီးသည်နှင့် ဟန်မို့ပါးနှစ်ဖက်အား ဆင့်၍ ရိုက်ချပစ်လိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်ကိုလည်း ငါမကိုင်တော့ပါဘူး၊ မင်းမကြိုက်တာ ငါမလုပ်ဘူး. . ."

ငြိမ်း ပါးအရိုက်ကိုခံပြီး ဟန်မိုဆိုသည်။

"တောက်. . ."

မျက်ရည်တွေနှင့် ငြိမ်း တက်တစ်ချက်ခေါက်ပြီး ရှေ့မှထွက်သွားလိုက်တော့သည်။ ဟန်မိုသည် ဝလိုင်းနှင့်ဘေးကို သွားရောက်ကောက်လွယ်ကာ ငြိမ်းနောက်မှ တဲသို့ပြန်ခဲ့ပါလေ၏။ ရှေ့မှသွားနှင့်သော ငြိမ်းလည်း မျက်ရည်တွေနှင့်၊ ဟန်မိုလည်း မျက်ရည်တွေနှင့်ပါ။

ငြိမ်းမျက်ရည်တွေက နာကြည်းရှုံ့ရှက်ဆုပ်သော မျက်ရည်တွေပါ။ ဟန်မို့မျက်ရည်တွေက ချစ်မြတ်နိုးတွယ်တာတတ်သော သူ့နှလုံးမှ ကြေမွနေရရှာသည့် သွေးမျက်ရည်တို့ပါလေ။

♡ ♡ ♡



– တစ်ဆယ့်လေး –

မိုးသောက်ယံလေးနာရီလောက် ခန့်မှန်းရသည့်အချိန်တွင် အိပ်ရာမှ ဟန်မို နိုးလာသည်။ ငြိမ်းရှိရာ သူကြည့်လိုက်တော့ ငြိမ်းသည် နှစ်ခြိုက်စွာအိပ်ပျော်နေရှာ၏။ ငြိမ်းအိပ်ရေးပျက်မည်ကိုလည်း သူစိုးသည်။ သူမနိုးချင်ပါ။ မနိုးလို့ကလည်းမဖြစ်။

ငြိမ်းကို သူနိုးရမည်။ ငြိမ်းကို သူနိုးပြီး ပြောပြစရာတွေ ပြောပြော၊ မှာစရာရှိတာတွေမှာရမည်။

မှန်ပါ၏။ အဘယ်ကြောင့်ဆိုသော် ငြိမ်းတွင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း ကြော်ငြာသည့် နေ့မှစ၍ သည်နေ့သည် ဆယ့်ငါးရက်ခ
ရှိခဲ့ပြီ။ သို့ဖြင့် ကလေးပျက်သွားကြောင်း လူတွေသိအောင်ပြန်
အစဉ်အလာအရ လုပ်စရာရှိသည်တို့ကို လုပ်ရမည်းဆောမည် မဟု
ပါတကား။

"ဟင်း. . ."

ငြိမ်းကို ရုတ်တရက်မန္တီးသေးဘဲ ဟန်မိုသည် သက်မချလို
၏။ ငြိမ်းကို မနှိုးရက်၍ အတန်ကြာသည်အထိ ကြည့်နေကာ
ဟန်မိုသည် ငြိမ်းခြေထောက်လေးတစ်ဖက်ဆီကိုင်ကာ လှုပ်ခေါ်လို
ပြီး. . .

"ငြိမ်း. .ငြိမ်း. . ."

"ဟင်. .ရှင်. . ."

ခြေထောက်ကလေးကိုရုတ်ယူပြီး အိပ်နေရာမှ ငြိမ်း ဝုန်း
ထသည်။

"ငါ့ကို ဒီလိုမကြည့်ပါနဲ့ ငြိမ်း. . ."





ငြိမ်း၏ ထိတ်လန့်ဟန်လေးနှင့် မယုံသင်္ကာအကြည့်လေး
တွေကို ထိခိုက်သောနှလုံးသားဖြင့် ဟန်မိုဆိုသည်။

"ရှင် ငြိမ်းကိုဘာကြောင့်ခေါ်တာလဲ. . ."

"ကိစ္စရှိလို့ပေါ့ ငြိမ်း. . ."

"ဘာကိစ္စလဲ. . ."

"ငါပြောမယ် ငြိမ်း၊ နားထောင်ပါ. . ."

"ရှုပ်ရှုပ်ယှက်ယှက်၊ ဘာလဲပြော. . ."

ငြိမ်း စိတ်မရှည်သလို ဆိုသည်။ သူက ထုံးစံအတိုင်း
အေးအေးဆေးဆေးပင် ငြိမ်းကိုကြည့်ပြီး. . .

"ငါ ငြိမ်းကို ဆေးနဲ့မြေဝါမှုန့်တွေဖျော်ပြီး လူးပေးခဲ့မယ်"

"ဘယ်. .ဘယ်လို. . ."

သူ့စကားတစ်ပိုင်းတစ်စကြောင့် ငြိမ်း နားမလည်သလို
ပြန်မေးသည်။

"ဒီနေ့ ငြိမ်းမှာ ကလေးပျက်သွားတဲ့အကြောင်း လူတွေ



www.burmeseclassic.com

www.burmeseclassic.com



သိအောင် လုပ်ပေးရမယ်. . ."

"ဟင်. . ."

ငြိမ်းကိုယ်လေးပင် တွန့်သွားရ၏။

"ဒါကြောင့် ငြိမ်းကို ဆေးလူးပေးခဲ့မယ်လို့ပြောတာ၊ ပြီးတော့ ဒီးဒုတ်ကို သွားပြောမယ်၊ သူ ငြိမ်းဆီလာလိမ့်မယ်၊ ငြိမ်းက အိပ်ရာထဲမှာပဲနေနော်၊ ပြီးတော့ ဝက်တစ်ကောင်ပေါ်မယ်၊ ဝက်နဲ့ကောက်ညှင်းပြုတ်ပြီး လူတွေကိုကျွေးမယ်. . ."

"အမယ်လေးရှင်၊ ရှင်တို့ရဲ့မဟာကျွန်းခလေးထုံးတမ်းစဉ်လာကြီးကလည်း ကြုံဖူးကြားဖူးပေါင်ရှင်. . ."

"တဲလေ. .ဒါတွေ ပြောမနေပါနဲ့တော့၊ တစ်ချို့ကျွန်းတွေမှာဆို ဒီထက်တောင် ရှေးရိုးဆန်ပြီး အယူသီးတာတွေ ရှိဦးမှာပါ၊ ကဲ. .ငါဆေးရည်ဖျော်လိုက်ဦးမယ်၊ ငြိမ်း ခဏနေဦး. . ."

စကားအဆုံး ဟန်မို တဲနောက်ထဲ ဝင်သွားလိုက်သည်၊ တစ်အောင့်ကြာသော် ဟန်မိုသည် ခွက်တစ်လုံးနှင့် ပြန်ထွက်လာ၏





"ငြိမ်းကိုလူးပေးမယ်. . ."

"အို. .ရှင် ရှင်လူးပေးစရာမလိုပါဘူး၊ ငြိမ်းဟာငြိမ်း လူးမှာပေါ့. . ."

"တစ်ကိုယ်လုံးအနှံ့လူးရမှာ. . ."

"ရတယ်၊ ငြိမ်း လူးမယ်. . ."

မျက်နှာထားတင်းတင်းဖြင့် ငြိမ်းဆိုသဖြင့် ဟန်မို ဘာမှ မဆိုတော့။ ငြိမ်းဆီသို့သာ ဆေးခွက်လေး လှမ်းပေးလိုက်လေတော့၏။

"ရှင် ကြည့်မနေနဲ့လေ. . ."

ဟန်မို ကြည့်နေမိ၍ ငြိမ်းပြောတော့ ဟန်မိုသည် နောက်ကျောလေးခိုင်းကာ နေနေလိုက်ရှာ၏။ ခြေနှစ်ဖက်ကို ငြိမ်း အရင်လူးလိုက်သည်။ ပြီးတော့ လက်နှစ်ဖက်ကို လူးသည်။ ဆေးလူးနေဆဲ ငြိမ်းမျက်နှာလေး ရှုံ့မဲ့နေလေ၏။ မဖြစ်မနေ၍သာ လူးရသည်။

"တစ်ကိုယ်လုံးလူးနော်. . ."

"သိတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျောက ဘယ်လိုလှူးမလဲ. . ."

ဆေးတွေကို လည်ပင်းမှစ၍ ရှေ့ကိုယ်တစ်ခြမ်းလုံး လူးနေဆဲ ဟန်မို မေးသည်တွင် ငြိမ်းမဖြေဘဲ နေလိုက်သည်။ လက်လှမ်းမီသလောက် နောက်ကျောဘက် ငြိမ်းလူးလိုက်သည်။

"ကဲ ရော့ ပြီးပြီ. . ."

ဆေးခွက်ကို ဟန်မိုထံ ငြိမ်း လှမ်းပေးသည်တွင် ငြိမ်းနောက်ကျောဆီ ဟန်မိုကြည့်လိုက်သည်။

"မရသေးဘူး လူးရဦးမယ်. . ."

"ဟွန်း. . ."

မကျေမနပ် ဟန်မိုကို ငြိမ်းကြည့်ပြီး မျက်စောင်းထိုးကာ နေရတော့သည်။ ငြိမ်းက သူ့အပေါ် ဘယ်လိုဆက်ဆံ၊ ဆက်ဆံပါ၊ သူက ငြိမ်းကို ချစ်သည်။ မြတ်နိုးသည်၊ ငြိမ်း စေလိုရာစေ။ သူသည် ငြိမ်းအတွက်။ အချစ်တွေ အကြင်နာဆုံးတွေကို အမြဲတမ်း ငြိမ်းအတွက် သူပေးနေမည့် ဟန်မို ရယ်ပါ။





ဆေးလူးပေးပြီးသည်နှင့် ဟန်မိုသည် ဒီးဒုတ်တို့တဲဘက်သို့ ထွက်သွားလိုက်လေသည်။

တစ်အောင့်ခန့်ကြာသော် ဒီးဒုတ်တို့ မောင်နှံ ရေးကြီးသုတ်ပြာဟန်ဖြင့် ငြိမ်းဆီသို့ ရောက်လာကြလေ၏။

"ငြိမ်း ..ငါစိတ်မကောင်းလိုက်တာ၊ အစ်ကိုကလည်း တော်တော် စိတ်ထိခိုက်နေတယ်၊ ငြိမ်း မနေ့က ချော်လဲသွားတယ်ဆို၊ ငါ့ကြောင့် ကလေးပျက်ကျသွားတာဖြစ်မှာ၊ အစ်ကိုလေ သူ့ကိုယ်သူပဲ အပြစ်ဖြစ်ဆုံး ဖြစ်နေတယ်လေ၊ ငါ့အစ်ကိုက ကလေးသိပ်ချစ်တယ်၊ ကလေးသိပ်လိုချင်ရှာနေတာကွယ်၊ ခုတော့ ဖြစ်ရလေ..."

စိတ်မကောင်းစွာ ပြောနေသော ဒီးဒုတ်စကားများတွင် ငြိမ်းသည် မျက်ဝန်းတစ်လည်လည်ဖြင့် ရက်သွေးများ မျက်နှာလေးထက် ကြာနေရပါတော့၏။

ငြိမ်းမျက်နှာလေးဆီ ဟန်မိုက လှမ်းကြည့်နေမိလေသည်။

"ဟန်မို. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ယောက်ဒ ဘာဘူခေါ်သံကြောင့် ငြိမ်းဝံမှအကြည့်ကိုလွှဲကာ ဟန်မိုထူးသည်။

"ကောက်ညှင်းကအသင့်ရှိရဲ့လား. . ."

"အင်း. . ."

"ဒါဖြင့် ငါ စက်တစ်ကောင်ဆွဲလာခဲ့မယ်၊ လူတွေလည်း တစ်ခါတည်းပြောခဲ့မယ်. . ."

"အင်း. . ."

စကားအဆုံး ဘာဘူ ထွက်သွားလိုက်သည်။ မိုးက မလင်း တတ်သေး။ ဟန်မိုနှင့် ဒီးဒုတ်တို့က ငြိမ်းအနီးမှာပင် ရှိနေကြရသည်။

"ဒီးဒုတ်တို့ ရောက်နေပြီလား. . ."

"ငြိမ်းကို ဟန်မိုက ဆေးလူးပေးပြီလား. . ."

"ဟန်မိုရယ်. .နင့်အစား ငါတို့ငိုချင်တယ်၊ တကယ်ပါ"





"ဒီကလေးမရလည်း နောက်ကလေးတော့ ရလာမှာပါဟယ်"

"အေး. .နင်တို့လင်မယားမြောက်ဘက်ကမ်းက နတ်စင်မှာ သွားပူဇော်လိုက်ကြဦး. . ."

တစ်ယောက်တစ်ပေါက် စကားသံတွေနှင့် လူတွေမှာ တဲရှေ့တွင် များပြားလာကြပြီဖြစ်၏။ တဖြည်းဖြည်းနှင့် မိုးလည်းလင်းလာပြီ။ ရောက်လာသည့် လူတိုင်းက ငြိမ်းကိုကြည့်ပြီး တဲအောက်ပြန်ဆင်းသွားကြသည်၊ ပြီးတော့ ငြိမ်းတို့တဲရှေ့ မြေကွက်လပ်ကလေးတွင် ဆုတောင်းသံတွေနှင့် စုဝေးထိုင်နေကြပါလေ၏။

တဲနောက်ဘက်တွင်မတော့ ဘာဘူဦးဆောင်ပြီး ဂုက်တစ်ကောင်ပေါ်ကာ ကောက်ညှင်းနှင့် ချက်ပြုတ်နေကြသံတွေကို ငြိမ်းကြားနေရလေသည်။

ငြိမ်းသည် မလှုံမလဲဖြင့် အနေကျုပ်နေရပါ၏။ ဟန်မိုကမူ ခပ်တည်တည်ပင်။ ဘာပဲပြောပြော မင်သေသေနေကြသည့်တိုင် နှစ်ဦးသားမှာ စိတ်ထဲကဖြင့် မလှုံမလဲရယ်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးစင်စင်လင်းပြီ။ တစ်ကျွန်းလုံးမှလူတွေလည်း ရောက်လာကြပြီဖြစ်သည်။ လူဦးရေမများလှသောကြောင့် ဘာလုပ်လုပ် တစ်ကျွန်းလုံးက လူအားလုံးကို အဓိကထားပြီး ကျွေးမွေးနိုင်ကြသည်။

မြွေကျွန်းသည် ကျွန်းကကြီးသော်လည်း လူဦးရေကနည်းပါးလွန်းပါသေး၏။ မြွေဘောင်ကျွန်းကိုတော့ ငြိမ်းမရောက်ဖူး၍မသိ။ ငြိမ်းသည် အနေကျပ်အတွေးများနှင့်ရှိခဲ့၊ ချက်ပြုတ်သည့်အဖွဲ့သည် ပြီးစီးဟန်ရှိ၍ ကွက်လပ်မှလူအများအား ကျွေးမွေးနေကြပါတော့၏။

လူတွေစားနေကြသည်ကို ဟန်မိုသည် တဲအတွင်းမှလှမ်းကြည့်နေမိလေ၏။ ငြိမ်းက ဟန်မိုထံ အကြည့်တစ်ချက် ရောက်မိသည်။ ထိုအခါ ဟန်မို့မျက်ဝန်းအစုံဝယ် မျက်ရည်တွေနှင့်များလား၊ ငြိမ်းမြင်တွေ့လိုက်ရသလိုရယ်ပါ။

သို့သော်လည်း ငြိမ်းသည် ဟန်မို ကို ကြာကြာကြည့်မနေလေပါ။ နှုတ်ခမ်းလေးချွန်၍ အကြည့်ကို လွှဲပစ်လိုက်ပါ၏။





"ဟန်မိုရေ .ငါပြောသလို ကျွန်းမြောက်ဘက်ကို သွားလိုက်ဦးဟေ့. . ."

"အေး သွားမယ်၊ သွားမယ်. . ."

ကလေးရရှန် ကျွန်းမြောက်ဘက်နတ်စင်တွင် သွားရှိ ပူဇော်ဆုတောင်းနိုင်းခြင်းသာဘောပါ။

"ဟန်မိုရေ .ပင်လယ်ထဲ ထွက်စရာရှိသေးလို့ သွားပြီဟေ့"

"အေး. .အေး. . ."

"သွားတော့မယ် ဟန်မို. . ."

"အေး. . ."

စားပြီး၍ တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်ကာပြန်သွားကြသည်။ နောက်ဆုံးအဖြစ် ဘာဘူတို့မောင်နှံက လုပ်ကိုင်ပေးပြီး ပြန်သွားကြသည်။

တဲတွင် ဟန်မိုနှင့်ငြိမ်းသာကျန်ပြီ။ နေလည်း မြင့်စပြုပြီ။ ဟန်မိုသည် တဲအပြင်ဘက်မှ နေရောင်ခြည်တောက်တောက်ဆိ



www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပါယ်မရှိသလို လှမ်းကြည့်နေမိလေ၏။

"ဒီမှာ ငြိမ်းက ဒီလိုပဲနေရမှာလား. . ."

"ဟုတ်တယ်. . ."

"ရှင် ကောင်းကောင်းပြောပါ. . ."

"ဘာကို ကောင်းကောင်းပြောရမှာလဲ. . ."

"ငြိမ်းက ဘာမှမဖြစ်ပဲနဲ့ ဒီလိုပဲ နေနေရမှာလားလို့."

"ဒါပေါ့ ကလေးပျက်တဲ့ မိန်းခတစ်ယောက်ဟာ ဒီနေ့တော့ ဒီလိုပဲနေရမယ်လေ. . ."

သူ့စကားတွင် ငြိမ်းသည် ရှက်စိတ်ဒေါသကြီးဖြင့် နှုတ်ဆိတ်သွားလိုက်ရပြီးမှ. .

"ရှင်ကော ယာထဲမသွားဘူးလား. . ."

"ငါလည်း ဒီနေ့ဘယ်နှမသွားရဘူး၊ မင်းအနားမှာပဲ နေရမယ်. . ."

"အို. .သွား သွား. . ."





"မင်းသွားစေချင်တာကို ငါ သိပ်သွားပေးချင်ပါတယ်၊ မင်း အလိုကျ လုပ်ပေးချင်တယ်၊ ဒါပေမယ့် ယာထဲမှာ လူတွေက ငါ့ကိုတွေ့ရင် အပြစ်တင်ကြမယ်လေ. . ."

ငြိမ်း စိတ်ညစ်သွားသည်။ ဟန်မို့က ငြိမ်းအား နောက်ကျော ပေးထားရင်း နေပူပြင်းကြီးထဲသို့သာ ကြည့်နေလေ၏။ ငြိမ်းကိုယ်ငြိမ်း ငုံ့ကြည့်မိသည်။ ပြီးတော့ နှာခေါင်းရှုံ့သည်။ မလုံမလဲလည်း ဖြစ်ရသည်။ ငြိမ်း အဝတ်အစားလေး တစ်စုံနှစ်စုံသည်လည်း ဟိုက သည်က စုတ်ပြဲစပြုလာရပြီမဟုတ်ပါလား။

ဟန်မို့နောက်ကျောဆီ ငြိမ်း အကြည့်တစ်ချက် ရောက်သွားရပြန်သည်၊ ဟန်မိုသည် စဉ်းစားနေဟန်ပါ။ ငြိမ်းလည်း စဉ်းစား မိရပါ၏။ သည်အတိုင်း ဆက်နေလို့ကဖြင့် တာရှည်မဖြစ်နိုင်သည်ကို ငြိမ်း စဉ်းစားမိသည်။ ဤသို့ တစ်ခါနှစ်ခါ၊ အများဆုံး သုံးခါလုပ်လို့ရမယ်။ တာရှည်ဆိုလျှင် လူတွေစိတ်ထဲ သံသယဝင်ချင် ဝင်လာနိုင်တော့မည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဟန်မို. . ."

ခပ်ဆတ်ဆတ် ငြိမ်း ခေါ်လိုက်သည်တွင် သူ လှည့်ကြည့်သည်။

"ရှေ့ဆက်ကော ဘယ်လိုလုပ်မလဲ၊ ငြိမ်းကတော့ ရှင့်လို လူကို လုံးဝမယူနိုင်ဘူး၊ နောက်လည်း ရှင်က ဒီလိုနည်းပဲ လုပ်သွားဦးမှာလား. . ."

"မလုပ်လို့ကော ဖြစ်မလား၊ ငါလည်း မင်းကလွဲရင် ဘယ်မိန်းမမှ မယူနိုင်ဘဲ၊ မင်းကို ငါစိတ်ချမ်းသာအောင် ထားမယ်၊ လက်ဖျားနဲ့မတို့ဘူး၊ ငါ့ကိုလည်း အဲဒါတစ်ခုတော့ မှင်းလိုက်လျှောပါ. . ."

ငြိမ်းနှုတ်ခမ်းလေးကိုက်ကာ နေလိုက်သည်။ ဒီကျွန်းက ထွက်နိုင်ဖို့ ဘယ်လိုကြိုးစားရမလဲ၊ ပြီးတော့ ဥပယ်တစ်ချွင်နှင့် ဟန်မိုကို မြိတ်ကိုခေါ်ပြီး ရဲလက်အပ်ဖို့ကို ငြိမ်းစဉ်းစားသည်။ တဖြည်းဖြည်းတော့ ဟန်မိုကို သိမ်းသွင်းမည်ဟု ငြိမ်း ဆုံးဖြတ်လိုက်၏။





သည်နည်းလမ်းပဲ ရှိပြီလေ။ ဒီးဒုတ်နှင့် ကျွန်းအခြေအနေနှင့် အသွားအလာတို့ကို စုံစမ်းထားမည်၊ ငြိမ်းသည် စိတ်ကူးဖြင့် တိတ်ဆိတ်နေပြီးမှ. . .

"ဒီမှာ ဟန်မို ရှင့် မနက်ဖြန်ယာထဲသွားရင် ငြိမ်း မလိုက်ချင်ဘူး. . ."

"မင်းကိုလည်း ခခေါ်ပါဘူး၊ ငါလည်း ယာထဲမသွားဘူး၊ မနက်ဖြန် ဘာဘူနဲ့အတူ ပင်လယ်ထဲထွက်ပြီး ငါးရှာမလို့၊ မင်းကို ဒီးဒုတ်နဲ့ ထားခဲ့မယ်. . ."

မချော်လင့်သော ဟန်မို့စကားအတွက် ဒီးဒုတ်နှင့် စကားပြောရန် အဆင်ပြေသွားရသည်ကို ငြိမ်းသည် စိတ်ထဲကျေနပ်စွာ တိတ်ဆိတ်သွားလိုက်ပါတော့၏။ ။



www.burmeseclassic.com

www.burmeseclassic.com

– တစ်ဆယ့်ငါး –

ယောက်ဖနှင့်အတူ ပင်လယ်ထဲထွက်မည်မို့ ဟန်မိုသည် ငြိမ်းအတွက် ထမင်းဟင်းတို့ကို စောစောထချက်သည်။ ဟန်မို နိုးနေ၍ ငြိမ်းလည်နိုးနေပါသည်။

ဒီးဒုတ်တို့တဲလေးဆီ ကြည့်လိုက်တော့ သူတို့လည်း နိုးနေကြပြီဖြစ်ကြောင်း ငြိမ်းမြင်တွေ့လိုက်ရ၏၊ ထမင်းဟင်းချက်ပြီး သည်တွင် ဟန်မိုသည် ဒီးဒုတ်တို့ တဲဘက် ထွက်သွားလိုက် လေသည်။





ငြိမ်းက လိုက်မသွား။ ဟန်မိုတို့မောင်နှမနှစ်ယောက် စကားတွေပြောနေကြသည်ကို ငြိမ်းကြည့်နေမိသည်။ ဟန်မိုက ဘာတွေပြောနေသည်မသိ၊ ဒီးဒုတ်က ခေါင်း တညိတ်ညိတ်ဖြင့် ရှိနေ၏၊

ထို့နောက် ဟန်မို တဲဆီပြန်လာသည်။ ဒီးဒုတ်လည်း ပါလာ၏။ တဲဆီသို့ရောက်သည်တွင် ဟန်မိုသည် ငြိမ်းကိုမကြည့်၊ သူ့အတွက်ထမင်းထုပ်ကို ထုပ်လိုက်သည်။

ဒီးဒုတ်က ငြိမ်းအနီးတွင် ရှိနေ၏။ ထမင်းထုပ်ပြီး ဟန်မို ထွက်လာသည်။ ငြိမ်းဆီ ဟန်မို တစ်ချက်ကြည့်သည်။ ပြီးတော့ ညီမဖြစ်သူ ဒီးဒုတ်ဆီ တစ်ချက် ကြည့်ပြီး. . .

"ဒီးဒုတ် ငါ သွားမယ်. . ."

ငြိမ်းကိုတော့ မကြိုက်မှန်းသိ၍ နှုတ်ဆက်စကားကို ဟန်မို ဆိုမသွား။ အကြည့်တစ်ချက်နှင့်သာ နှုတ်ဆက်သွားပြီး တဲထဲမှ ဘာဘူ့ဆီသို့ ထွက်သွားလိုက်လေတော့သည်။ ဟန်မိုတို့ ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ထွက်သွားကြချိန်တွင် မိုးလင်းလုအချိန်ရှိနေပြီဖြစ်၏။

"ဒီးဒုတ် ဘာလုပ်စရာရှိလဲ. . ."

"မရှိပါဘူး၊ အားလုံးလုပ်ပြီးပြီ. . ."

"ယာထဲကော မသွားဘူးလား. . ."

"ဟင့်အင်း. .ငါ့အစ်ကိုက ငြိမ်းနဲ့အတူနေဖို့ ပြောသွားတယ်. . ."

ငြိမ်းချက်နှာလေး တွန့်ပစ်လိုက်သည်။ ဒီးဒုတ်က ငြိမ်းကို ပြုံးကြည့်ပြီး. . .

"ငါ့အစ်ကိုက ငြိမ်းကိုသိပ်ချစ်တာ၊ ငြိမ်းကမုန်းနေတာ ငါ စဉ်းစားလို့မရဘူး. . ."

"သူဟာလူယုတ်မာတစ်ယောက်မို့ ငြိမ်းမုန်းတာပေါ့"

"အို ဒီစကား ငြိမ်းပဲပြောသံကြားတယ်၊ ငါ့အစ်ကိုဟာ သဘောကောင်းတယ်၊ ကြင်နာတတ်တယ်၊ ခွင့်လွှတ်တတ်တယ်"

"မဟုတ်ဘူး–မဟုတ်ဘူး။ ဒီးဒုတ်က ဒီးဒုတ်အစ်ကိုအကြောင်း





ဘာမှမသိဘူး. . ."

"ငြိမ်းကကော သိလား. . ."

"သိတယ်. . ."

"ဘာတွေလဲ. . ."

ဒီးဒုတ်ကို ငြိမ်းစိုက်ကြည့်လိုက်သည်။ ငြိမ်းဆုံးဖြတ်လိုက်သည်။ မထူးတော့၊ ဒီးဒုတ်ကို ငြိမ်းပြောလိုက်မည်ဟု။

"ငြိမ်းဘာသိလဲ ငါ့ကိုပြောပြလေ. . ."

"ဒီးဒုတ်အစ်ကိုက ငါ့မိဘတွေကို သတ်လိုက်တဲ့လူပဲ"

"ဟင်. .အို မဖြစ်နိုင်ဘူး. . ."

ဒီးဒုတ် အံ့သြတကြီးနှင့်ဆိုသည်။ ငြိမ်းသည် ဒေါသနှင့်ကြေကွဲမှုတို့ ရောယှက်ကာ မျက်ရည်များကျလာပြီး စကားကိုဆက်သည်။

"ဒီးဒုတ်က နှင့်အစ်ကိုကို သူတော်ကောင်းကြီးထင်နေတာကိုး"

"အို. ငြိမ်းမိဘတွေကို ငါ့အစ်ကိုသတ်တယ်ဆိုတာ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲလား၊ ငါတော့ လုံးဝလက်မခံနိုင်ဘူး၊ မဖြစ်နိုင်ဘူး . . ."

"ဒီးဒုတ် မယုံဘူးပေါ့ . . ."

"ဟင့်အင်း မယုံဘူး၊ ငါ့အစ်ကိုဟာ လူ့အသက်ကို သတ်ဖို့ မပြောနဲ့၊ ဝက်တွေ ကြက်တွေတောင် မသတ်ဘူး၊ ငြိမ်း သူ ဝက် သတ်တာကို မြင်ဖူးလို့လား . . ."

"ငါ့အစ်ကိုက စိုက်ပျိုးရေးပဲ ဝါသနာ ပါတာ၊ မွေးမြူရေး တောင် မလုပ်ဘူး၊ ငါ့အစ်ကိုဟာ မြို့မှာ စာနည်းနည်းပါးပါး ဖတ်တတ်မှတ်တတ်ရုံလောက် ကျောင်းနေဖူးတယ်၊ ပြီးတော့ ကျွန်းကို ပြန်လာတယ်၊ သူများအိမ်မှာ နေမပျော်လို့တဲ့"

"နောက်တော့ သူကြီးလာတဲ့အခါ တစ်ခေါက်ထပ်သွား သေးတယ်၊ အဲဒီတစ်ခေါက်မှာ စိုက်ပျိုးတာတွေ သူနားလည်လာ တယ်၊ သူကျွန်းကိုပြန်လာတဲ့အခါ စိုက်ပျိုးရေးပဲလုပ်တော့တယ်၊ ဒါကြောင့် ငါတို့ကျွန်းမှာ စိုက်ပျိုးရေးတွေဟာ သူ့ကြောင့် တိုးတက် လာတာ၊ တစ်ကျွန်းလုံးကလည်း သူ့ကိုကျေးဇူးတင်ကြတယ်လေ"





"အို ဒါတွေ ငြိမ်းမသိဘူး၊ ငြိမ်းသိတာ သူဟာ ငါ့မိဘတွေ ကို သတ်တဲ့လူ . . ."

"မဖြစ်နိုင်ဘူး . . ."

မျက်ရည်တွေနှင့် ငြိမ်းကိုကြည့်ပြီး ဒီးဒုတ်ငြင်းသည်။ ဒီးဒုတ် မျက်နှာလေးသည်လည်း အစ်ကိုကို လူသတ်သမားဟုပြောနေလေ၍ မျက်ရည်တွေ ရွှဲနေရှာပါ၏။

"ဒီးဒုတ်မယုံဘူးပေါ့ ဟုတ်လား၊ ငြိမ်းက မျက်မြင်ကိုယ်တွေ့ ပါ . . ."

မျက်မြင်ကိုယ်တွေ့ပါဟု ငြိမ်းဆိုနေသဖြင့် ငြိမ်းကို ဒီးဒုတ် သည် အံ့သြသော မျက်ဝန်းလေးတွေနှင့် ကြည့်နေမိပါလေ၏။

"ငြိမ်းရဲ့မိဘများတင်မကဘူး၊ ငြိမ်းရဲ့အဒေါ် ဦးလေးနဲ့ အလုပ်သမားတွေအားလုံးကို သူသတ်ပစ်တာ၊ အခု သူ့ဆီမှာ ရှိတဲ့ ဘားရှည်တစ်ချောင်းဟာ သေဖေ့ရဲ့ဓား . . ."

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီးဒုတ်မှာ အံ့သြထိတ်လန့်ခြင်းတို့ဖြင့် ယုံရခလို၊ မယုံရမလို ဖြစ်နေရလေ၏။

"အဲဒီဓားနဲ့ သူအားလုံးကို ခုတ်သတ်တာ၊ ပြီးတော့ အလောင်းတွေကို ပင်လယ်ထဲပစ်ချတယ်၊ ဓားကိုလည်း ရေဆေးတယ်၊ ငြိမ်းတို့စီးလာတဲ့စက်လှေကိုတော့ သူရေထဲမြုပ်ပစ်လိုက်မှာပေါ့၊ အဲဒီ သူ အလောင်းတွေဖျောက်ပစ်တာ၊ ဓားရေဆေးတာတွေအားလုံး ငြိမ်း မြင်ခဲ့တာပါ၊ ဒီးဒုတ်ရယ် တကယ်ပါ၊ ဒါကြောင့် သူ့ကို ငြိမ်း သိပ်မုန်းတယ်၊ နာကြည်းတယ်၊ အဟင့် ..ဟင့် . ."

ငြိမ်းစကားများအဆုံး ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါတော့သည်။ ဒီးဒုတ်သည်လည်း အစ်ကိုအတွက် မျက်ရည်တွေကျနေရှာပါ၏။

"ငြိမ်းပြောလို့သာပဲ၊ ငါတော့ မယုံနိုင်ဘူး၊ ငါ့အစ်ကိုဟာ လူမသတ်ဘူးလို့ပဲ ငါယုံတယ် . ."

"ဒီးဒုတ်ရယ်၊ ငြိမ်းဘာကယ်ပြောတာပါ၊ ငြိမ်း မျက်မြင်ပါ၊





ဒီးဒုတ်ယုံပါ . ."

"ဒါဖြင့် ငြိမ်းကိုတော့ ဘာလို့မသတ်လဲ . ."

"သူ ငြိမ်းကို သတ်ပါတယ်၊ ဒါပေမယ့် ငြိမ်းက မသေလို့ သူခေါ်လာတာ၊ သူ့ဆီမှာရှိနေတဲ့ဓားဟာ ငြိမ်းဖေဖေရဲ့ဓားပါ၊ ဒီးဒုတ် ယုံရင်ကြည့်ပါ . ."

မှန်သည်။ ထိုဓားက အစ်ကိုဟန်မိုတွင် အစကမရှိသည်ကို တော့ ဒီးဒုတ်လည်းသိသည်။ အစ်ကို့အကြောင်းကိုသိလိုက်ရ၍ ဒီးဒုတ်ငေးသွားရရှာ၏။

"ဒီးဒုတ် . ."

"ဟင် . ."

"ငြိမ်းကိုကူညီပါလားကွယ် . ."

"ဘာကူညီရမလဲ . ."

"ငြိမ်းကိုမြို့ရောက်အောင် ဘယ်လိုသွားရမယ်ဆိုတာ ပြောပါလား . ."



www.burmeseclassic.com

www.burmeseclassic.com



"မြို့ကို ငါတစ်ခါမှမရောက်ဖူးဘူး၊ သွားရင်တော့ တစ်ရက်နဲ့ တစ်နေ့ခရီး သွားရတယ်လို့ ပြောသံကြားတယ်၊ သွားရင် အန္တရာယ်များတယ် ငြိမ်း . . ."

"ဘယ်လိုအန္တရာယ်လဲ . . ."

"မှန်တိုင်းပေါ့ ငြိမ်း၊ ခုဆိုမိုးဦးတောင် ကျတော့မယ်မဟုတ်လား၊ ပင်လယ်ပိုင်းက မိုးဦးဆိုပိုကြောက်ရတယ်၊ ပြီးတော့ ငါးဖမ်းလှေတွေ သင်္ဘောတွေဟာ ငါတို့မြေကျွန်းဘက်ကို သိပ်မလာကြဘူး၊ ဒီဘက်မှာက ရေကြမ်းတယ်ဆိုတဲ့ အစွဲရှိကြလို့လေ . ."

"ငါတို့ ကျွန်းကလူတွေကလည်း ငါးဖမ်းထွက်ရင် ကျွန်းနဲ့ ဝေးဝေးကိုထွက်ပြီး ငါးရှာထွက်ရှာကြတယ်၊ ဒါကြောင့် တစ်ခါ တစ်ခါ ပင်လယ်ထဲငါးရှာထွက်ရင် တစ်ညပြ၊ နှစ်ညကြာကြတာ"

ဒီးဒုတ်စကားတွေကြောင့် ငြိမ်းသည် ပို၍ဝမ်းနည်းသောက ရောက်ရပါတော့၏။

"မြို့ကိုသွားချင်ရင် ဒီကငါးဖမ်းထွက်တဲ့ လှေလေးတွေနဲ့





လိုက်ပြီး ပင်လယ်ထဲမှာတွေ့တဲ့ ငါးဖမ်းစက်လှေတွေမှာ ခွင့်တောင်း လိုက်သွားရတယ်ငြိမ်း . . ."

"ဒီးဒုတ်ရယ် . ဒါဖြင့်လည်း ငြိမ်းကို အဲလိုပဲ ကူညီပါလား ကွယ် . . ."

"လှေမှမရှိဘဲငြိမ်း၊ ဘယ်လိုလုပ်မလဲ . . ."

"ငြိမ်း ဒီမှာမနေနိုင်တော့ဘူး ဒီးဒုတ်ရယ် . . ."

"အစ်ကိုဟန်မိုကို ငြိမ်းပြန်မယ့်အကြောင်း ပြောလိုက်ပါလား၊ ပြီးတော့ လူသတ်တာ ငြိမ်းသိတဲ့အကြောင်းတွေလည်း ပြောလိုက်ပေါ့"

"ဒီးဒုတ်ကဘာခင့် ပြောပေးပါလား . . ."

"ငါမပြောရဲဘူး ငြိမ်း၊ ငါ့အစ်ကိုစိတ်ကို ငါသိတယ်၊ ငြိမ်း ပြောတာတွေမှန်ရင်တော့ အကြောင်းမဟုတ်ဘူး၊ မမှန်မှန် သူ သိပ် စိတ်ဆိုးမှာ၊ ဒါမှမဟုတ်လည်း သူသတ်တာတွေ ထုတ်ဖော်မပြောဘဲ ငြိမ်းပြန်ဖို့အကြောင်းပဲ ပြောကြည့်လေ . ."

"ငါယုံပါတယ်၊ ငါ့အစ်ကိုဟာ ငြိမ်းကိုသိပ်ချစ်ပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းကပြန်မယ်ဆိုရင် သူကတော့ ကြိုးစားပေးရှာမှာပါ. . .”

“တကယ်ပြောတာလား ဒီးဒုတ်. . ”

“တကယ်ပြောတာပါ၊ ဟန်မိုဟာ ဘယ်တော့မှ တစ်ဖက်လူ သဘောမကျတာကို မလုပ်ဘူးခဲ့ဘူး၊ သူဟာ သိပ်သူဆန်းတာပဲ၊ ငြိမ်းနဲ့ကျမှ သူ နင့်ကိုသိပ်ချင်တာ ငါတွေ့ရတယ်၊ မြို့က အပျို လေးတွေ ငါ့အစ်ကိုကို ကြိုက်လို့ ကျွန်းအထိတောင် လိုက်လာကြ တယ်. . .”

“ငါ့အစ်ကိုဟာ စာမတတ်ပေမယ့် ထက်မြက်တဲ့ဉာဏ်ရည် စွမ်းရည်ရှိတယ်ဆိုတာ သူတို့သိကြတယ်၊ ဒါကြောင့် သူတို့မိဘများ လည်း ပါလာပြီး ငါ့အစ်ကိုကို လာခေါ်ကြပေမယ့် ငါ့အစ်ကိုက မလိုက်ဘူး၊ ဒီမှာပဲ အေးအေးဆေးဆေးနေတယ်၊ ငြိမ်းပြောကြည့် ပါလေ၊ ငါ့အစ်ကို ငြိမ်းကို ပြန်ပို့မှာပါ၊ ငါသိတယ်၊ တကယ် ပြောတာ . ”

နည်းလမ်းတွေက တခြားမရှိ၊ သည်တစ်နည်းသာရှိသည်မို့





ငြိမ်း ဆုံးဖြတ်လိုက်သည်။ လူသတ်သည့်အကြောင်းကိုမပြောသေး ဘဲ မြို့သို့ပြန်ရန် ဟန်မိုပြန်လာလျှင် ပြောမည်ပါ။ မြို့ရောက်လျှင် ငြိမ်းလုပ်ချင်တာတွေ လုပ်လို့ရပြီ၊ ငြိမ်းဘဝကိုတော့ ဒီကျွန်းနှင့် ဒီလူ့လက်ထဲ ဘယ်နည်းနှင့်မှ အဆုံးမခံနိုင်ပါ။

ငြိမ်းသည် ဒီးဒုတ်ပေးသောအကြံဖြင့် ဆုံးဖြတ်ချက်ဖြင့် တိတ်ဆိတ်သွားလိုက်ရပါချေ၏။ ဒီးဒုတ်သည်လည်း ငြိမ်းကိုကြည့်ကာ စိတ်မကောင်း ဖြစ်မိရလေသည်။ ငြိမ်းပြော၍သာ ကြားရသည်။ အစ်ကိုဖြစ်သူ လူသတ်ခြင်းအတွက် ဒီးဒုတ် ဘယ်လိုမှ လက်မခံနိုင်။

အစ်ကိုဟန်မိုတွင်တော့ ဓားတစ်လက်က ရှိနေသည်က အမှန်။ ဒီးဒုတ်သည် အစ်ကို့အတွက် အံ့သြဝမ်းနည်းကာ မျက်ရည် များ ကျနေရပါ၏။ ငြိမ်းသည် ကိုယ့်အတွေးနှင့်ကိုယ်မို့ ဒီးဒုတ်ကို မေ့လျော့ နေမိ၏။ ငြိမ်းသတိရ၍ ဒီးဒုတ်ဘက် ကြည့်လိုက်သော အခါတွင် ဒီးဒုတ်သည် သူ့တဲလေးဘက် လေးတွဲ့သော ခြေလှမ်း လေးတွေနှင့် နေပူထဲ လျှောက်သွားနေသည်ကို တွေ့လိုက်ရပါ သတည်း။



www.burmeseclassic.com

www.burmeseclassic.com

– တစ်ဆယ့်ခြောက် –

"ပင်လယ်က ဟန်မိုပြန်လာတဲ့အခါမှာ ဒေါ်ငြိမ်းငြိမ်းက ပြောင်ပဲဖွင့်မေးလိုက်သလား. . ."

စိတ်ဝင်စားလွန်း၊ သိချင်လွန်းသောကြောင့် တရားသူကြီးသည် စကားစဖြတ်ကာ လှမ်းမေးသည်၊ ငြိမ်းသည် စကားမဆိုနိုင်တော့သလို တရားသူကြီးအား လှမ်းကြည့်ကာ ခေါင်းလေးကို ယမ်းပြသည်။

"ဒါဖြင့် သူ့ညီမကပဲ ပြောလိုက်တာပေါ့၊ ဟုတ်လား"





မျက်ဝန်းအစုံတို့နီရဲကာ ငြိမ်းသည် တရားသူကြီးအမေးအား ခေါင်းယမ်းပြပြန်သည်။

"ဒါဖြင့် လူသတ်တာကို ဒေါ်ငြိမ်းငြိမ်းက ဟန်မိုကို ဖွင့်မပြောဘဲ မြို့ကိုပြန်ဖို့တင်ပဲ ပြောတာပေါ့ဟုတ်လား. . ."

"မဟုတ်ပါဘူးရှင်၊ ငြိမ်း သူ့ကိုဘာမှမမေးဘူး၊ မပြောဘူး၊ ဒီးဒုတ်ကလည်း မမေးပါဘူး၊ မပြောပါဘူး၊ သူ့အစ်ကိုကို ကြောက်တာယ်လေ. . ."

"ဒီလိုဆို ဟန်မိုရဲ့ တစ်ယောက်ယောက်ကို ဒေါ်ငြိမ်းငြိမ်းက သတ်ပြီး ပြန်ခဲ့တာလား. . ."

"အို. .မဟုတ်ပါဘူး၊ ငြိမ်း သူ့ကိုမသတ်ဘူး. . ."

နှစ်လောင်းပြိုင်သတ်ခဲ့သော ငြိမ်းကိုကြည့်ပြီး တရားသူကြီးသည် စဝေဇဝါမျက်မှောင်ကွန့်သွားရချေ၏။

"ဒါဖြင့် သူ အခုရှိလား၊ ဟန်မို ဒီကို ပါလာလား. . ."

တရားရေးဝန်ထမ်းတစ်ဦးက ဝင်မေးသည်။ ငြိမ်းသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားအတွက် တော်ရုံနှင့်မဖြေနိုင်ပါ။ တစ်ချိန်လုံး စိတ်တင်းထား သမျှတို့သည် တရားရေး ဝန်ထမ်း၏ စကားတစ်ခွန်းတွင် ငြိမ်းသည် စိတ်တို့ မထိန်းနိုင်တော့ သလို မျက်ရည်များ ဆါခနဲပြိုဆင်းလာရပါ တော့သတည်း။ ငြိမ်းသည် တစ်ချက်ရှိုက်လိုက်ပြီးမှ . . .

"သူ ဒီကိုမပါလာပါဘူး၊ အခု သူ သူ မရှိ. .ခရှိတော့ပါ ဘူး၊ သူ . .ဟန်မို ဆုံးသွားပါပြီရှင်. . ."

"ဟင်. . ."

ငြိမ်းစကားအတွက် တစ်ရုံးလုံးမှာ နားမလည်ဟန်၊ အံ့သြ ဟန်၊ စိတ်ဝင်စားဟန်တို့ဖြင့် ရှိသွားလိုက်ကြရပါ၏၊ တစ်ရုံးလုံးသည် အတန်ကြာတိတ်ဆိတ်သွားပြီးမှ တရားသူကြီးက. . .

"ဒါဖြင့် ဒေါ်ငြိမ်းငြိမ်းက နှစ်လောင်းပြိုင်ဘယ်သူတွေကို သတ်ခဲ့တာလဲဆိုတာ ရုံးတော်မှာ ရှင်းရှင်းလင်းလင်းပြောပါ. . ."

ငြိမ်းသည် မျက်ရည်တို့မသုတ်၊ တရားသူကြီးဆီ လှမ်းကြည့်ပြီး စကားဆက်သည်။





"ငြိမ်းသတ်ခဲ့တာ ဝင်ဒါမီယာ ခြံအမှတ်( × × × )မှာနေတဲ့ ဦးအေးမြိုင်နဲ့ ဒေါ်ဒေစီတို့ ကိုပါ. . ."

"ဟင်. . ."

"ဟာ. . ."

"ဘယ်လို. . ."

လူတွေထံမှ အံ့သြသံတွေ စုပြုံထွက်လာကြ၏။ တရား သူကြီးသည်လည်း အံ့သြခြင်းအထပ်ထပ်ဖြင့် ငြိမ်းအား ကြည့်နေပါ တော့၏။

"ဦးအေးမြိုင်နဲ့ ဒေါ်ဒေစီတို့ အလောင်းတွေနဲ့ ကားတစ်စီး အခု ပဲခူးသွားလမ်းတစ်နေရာက တောထဲမှာ ရှိနေပါတယ်၊ သူတို့ကို ငြိမ်း မနေ့ကပဲသတ်လိုက်တာပါ. . ."

မည်သူတစ်ဦးတစ်ယောက်ကမျှ အမေးမရှိပါလေတော့။ ငြိမ်း ပြောမည့် စကားတွေထဲ၌သာ စိတ်ဝင်စားအာရုံများ စူးရောက်နေမိ ကြပါတော့သတည်း။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ဟန်မိုမရှိသဖြင့် ညက ဒီးဒုတ်သည် ငြိမ်းနှင့် လာအိပ်သည်။ ဒီမနက်တော့ ဒီးဒုတ်က ထမင်းဟင်းချက်မည်ဆို၍ ငြိမ်းက ဝင်ရောက်ကူညီချက်ပြုတ်ပေးသည်။ ထမင်းတစ်အိုး၊ ဟင်းတစ်အိုးချက်ပြီးသည်တွင် ငြိမ်းသည် ဒီးဒုတ်ကိုယ်ဝန်ကို စမ်းသပ်ပေးချင်လာ၍. . .

"ဒီးဒုတ်. . ."

"ဟင်. . ."

"ဒီနားအိပ်လိုက်ပါဦး. . ."

"ငြိမ်း ဘာလုပ်ချင်လို့လဲ. . ."

"ဒီးဒုတ်ရဲ့ကလေးကို အနေအထား စမ်းသပ်ကြည့်မလို့လေ"

"ဟင် ငြိမ်းက နားလည်လို့လား. . ."

လှဲအိပ်ရင်း ဒီးဒုတ်မေးသည်။

"အဟင်း. . ."

ငြိမ်းလည်း ဒီးဒုတ်ကိုကြည့်ကာ ပြုံးပြီး. . .

"ငြိမ်းက ဆရာဝန်ဖြစ်တော့မယ့်သူပါ ဒီးဒုတ်. . ."





"ဟင်. . ဆရာဝန်. . ."

"ဟုတ်တယ်၊ ငြိမ်းဟာ ဆရာဝန်ဖြစ်တော့မယ့်သူပါ၊ ဒါပေမယ့် ဟန်မို့ကြောင့် ငြိမ်းဟာဒီကျွန်းမှာ ခုလို ဒုက္ခလာဖြစ်နေရတာပါ. . ."

"အို. . ."

ဒီးဒုတ်မျက်နှာလေးငယ်သွားသည်။ ငြိမ်းအတွက်လည်း စိတ်မကောင်း။ အစ်ကို့ကိုပြောတော့လည်း စိတ်မကောင်းဖြစ်ရပါ၏။

ငြိမ်းသည် ဒီးဒုတ်၏ကလေးအနေအထားကို စမ်းသပ်ကြည့်လိုက်သည်။

"လေးလလောက်ရှိပြီထင်တယ်နော် ဒီးဒုတ်. . ."

"ဟုတ်တယ် ငြိမ်း. . ."

"ကလေးရှိတာ ဒီးဒုတ် ကျန်းမာသားပဲနော်. . ."

"အင်း. . ဘာဘူက ဂရုစိုက်တယ်လေ၊ ငြိမ်းကလေးရှိတုန်းကလည်း အစ်ကိုက ဂရုစိုက်တာပါပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. . ."

ဒီးဒုတ်စကားကြောင့် ငြိမ်းသည် ငြင်းဆိုမည်ပြုပြီးမှ တိတ်ဆိတ်နေလိုက်ရလေ၏။

"ဒီးဒုတ်ရယ်. .ငြိမ်း ပြန်ချင်တယ်. . ."

စကားလွှဲရင်း ငြိမ်းဆန္ဒကိုဆိုသည်၊ ဒီးဒုတ်သည် အိပ်နေရာမှ ထထိုင်ပြီး ငြိမ်းမျက်နှာလေးဆီ အတန်ကြာကြည့်နေပြီးကာမှ. . .

"အစ်ကို့ကိုပြောရင်ရပါတယ်၊ အစ်ကိုဟာ ဘယ်တော့မှ သူ့များကိုမချုပ်ချယ်ဘူး၊ သူဟာ အနစ်နာခံတတ်တယ်၊ သူဟာ ရိုးသားတယ်ဆိုတာကိုတော့ ဒီးဒုတ်အသိဆုံးပဲ. . ."

မျက်ရည်လေးတွေဝဲပြီး ဒီးဒုတ်ဆိုသည်။ ဟန်နီပြန်လာလျှင် ပြောမည်ဟူသောစိတ်ဖြင့် ငြိမ်းသည်လည်း အတွေးတို့ဖြင့် ချိတုံချတုံ ရှိနေရသည်ပါ။

"ဒီညမဟုတ်ရင် မနက်စောစော သူတို့ပြန်ကြမှာပဲ ငြိမ်း။ အဲဒီအခါမှာ ပြောလိုက်ပေါ့၊ ငါ တဲကိုခဏပြန်ဦးမယ်နော်"





ဒီးဒုတ်ဆိုပြီး ငြိမ်းအနီးမှ တဲဆီသို့ ထပြန်သွားလိုက်သည်။ ငြိမ်းပြောပြ၍ အကျိုးအကြောင်းကို သိနေရသောကြောင့် ဒီးဒုတ်သည် မယုံကြည်နိုင်အောင် စိတ်မကောင်းကြီးစွာ ဖြစ်နေရရှာသည်ပါ။

ဒီးဒုတ်ထွက်သွားသည်တွင် ငြိမ်းသည် ရေချိုးရန် တဲနောက်သို့ ထွက်ခဲ့လိုက်လေသည်။ ဟန်နီသည် ငြိမ်းအတွက် ရေတွေအပြည့် ခပ်ထားပေးလေသည်။ ငြိမ်းသည် ရေချိုးရန် သစ်စည်ကြီးဆီ အသွား. . .

"အား. .အမယ်လေး၊ ဟင် ကျွတ် ကျွတ် ဝါးငုတ်ကြီးပါလား၊ အား ကျွတ် ကျွတ်. . ."

ငြိမ်းသည် နာကျင်ကြောက်လန့်ကာ အသည်းတို့ပင် တုန်ခါသွားရပါ၏။ မြေတွင်မြုပ်တမြုပ်ဖြစ်နေသည့် ဝါးငုတ်တိုကို ငြိမ်း မမြင်မိ၊ ငြိမ်းတစ်ကိုယ်လုံး အလေးချိန်နှင့် တက်နင်းမိသည်တွင် ဝါးငုတ်ချွန်ချွန်သည် ငြိမ်းခြေဖဝါးမှ ထုတ်ချင်းဖောက်မတတ် စိုက်ဝင်သွားလိုက်ရတော့သည် မဟုတ်ပါလား။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသည် အတန်ကြိုးစားပြီး ကတုန်ကရင်နှင့်ပင် ငုတ်မှ ခြေထောက်လေးကို ဆွဲနုတ်ယူရပါသည်။

"အား ကျွတ် ကျွတ်. . ."

ငြိမ်းသည် နာကျင်လွန်းသည့်ဒဏ်အား ခံစားရင်း ရေမချိုးဖြစ်တော့ပါ။ ခြေထောက်မှထွက်လာသည့် သွေးတွေကို ရေဆေးပြီး ဆားသိပ်သည်။

"အား အား ကျွတ် ကျွတ်. . ."

ဖျပ်ဖျပ်ခါအောင် နာကျင်စပ်ခါသွား၏။ အင်္ကျီလေးတွေ ပြန်ဝတ်ပြီး တဲလေးပေါ်မှာပင် ငြိမ်းနေလိုက်တော့သည်။ ဒဏ်ရာက တစ်စတစ်စ တစစ်စစ်ကိုက်ခဲစပြုလာ၏။ ထမင်းစားချိန်ရောက်သည်တွင် ငြိမ်းဆီသို့ ဒီးဒုတ်ရောက်လာသည်။

"ဟင်. .ငြိမ်း ဘာဖြစ်လဲ. . ."

ခြေထောက်တွင် အဝတ်စီးပြီး ခွေခွေလေးအိပ်နေသည့် ငြိမ်းကို အံ့သြစွာ[illegible]ပြီး ဒီးဒုတ်မေးသည်။





"ငြိမ်းခြေထောက် ငုတ်စူးသွားတယ်. . ."

"ဟင်. .ဘယ်နားမှာစူးတာလဲ. . ."

"ရေချိုးမယ့်နေရာမှာ. . ."

"အို ဒုက္ခပဲ၊ အစ်ကိုပြန်လာရင် စိတ်ပူတော့မယ်၊ ငြိမ်း ဘာလုပ်ထားလဲ. . ."

"ဆားသိပ်ထားတယ်. . ."

"ဒီးဒုတ်ဆေးထည့်ပေးမယ်၊ နေဦးနော်. . ."

ဒီးဒုတ် တဲဆီပြန်ပြေးသွားသည်။ တစ်အောင့်ကြာ ဒီးဒုတ်လက်ထဲ ဆေးမြစ်တစ်ခုနှင့်ပြန်လာ၏။ ငြိမ်းရှေ့ ဒီးဒုတ်သည် ဆေးမြစ်ကို ဆားနှင့်ပင်သွေးလိုက်သည်။ ပြီးတော့ ငြိမ်းခြေထောက်တွင်စည်းထားသည့် အဝတ်ကိုဖယ်လိုက်ပြီး ခြေမျက်စိနေရာလေးမှစ၍ ခြေဖဝါးတစ်ခုလုံး လူးပေးလိုက်၏။

"အို. .ဒဏ်ရာအကြီးကြီးပါလား. . ."

"ဟုတ်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြန်လာရင်တော့ အမေ့ဆီ့တော့မယ်"

ဒီးဒုတ်သည် ဒဏ်ရာလေးကို ပြန်စည်းပေးပြီး ထမင်းစားရန် ပြင်ဆင်သည်။ ငါးခြောက်နှင့်သစ်သီးတွေ ရောချက်ထားသော ဟင်း တစ်ခွက်နှင့် ဒီးဒုတ်နှင့်ငြိမ်းသည် ထမင်းစားလိုက်ကြသည်။

ဒီးဒုတ်ချက်သည့် ဟင်းလက်ရာလေးသည်လည်း မဆိုးပါ။ ငြိမ်း စားဝင်ပါသည်။ ထမင်းစားသိမ်းဆည်းပြီးချိန်တွင် ဒီးဒုတ်သည် သူ့တဲလေးရှိရာ ပြန်သွားပြန်သည်။ အဖွေးဖြင့် ငြိမ်းတစ်ကိုယ်တည်း ရှိကျန်ခဲ့၏။ တစ်ကိုယ်တည်းလည်းဖြစ်၊ အတွေးတွေလည်းပြောဘ်မို့ တွေးဆဲမှ ငြိမ်းသည် မေ့ခနဲအိပ်ပျော်သွားလိုက်ပါ၏။

"ဝေါ. .ဝေါ. .ဝေါ. .ဝီး. .ဒီး. . ."

"ဟင်. . ."

လေပြင်းကျသံကြားသည်တွင် ငြိမ်းသည် လန့်နိုးလာသည်။

အို ငါ ကိုယ်တွေ့ပူခြစ်နေပါလား . .။

အနားရှိန်နှင့် ငြိမ်းသည် ဖျားပါပြီ။ လှဲအိပ်နေရာမှ ငြိမ်း





ထလိုက်သည်။

"ဝေါ. .ဝေါ. .ဝီးဝီး. . ."

လေပြင်းမုန်တိုင်း ကျနေဟန်ရှိပါ၏။ ဒီးဒုတ်တဲလေးဘက် ငြိမ်း လှမ်းကြည့်မိသည်။ ဒီးဒုတ်သည်လည်း ငြိမ်းထံ မလာနိုင်တော့။ ငြိမ်းသည် အဖျားသွေးတို့ဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်နေရလေသည်။

လေပြင်းများကျပြီး အနည်းငယ် အရှိန်လျော့စရှိသလိုတွင် မိုးသည် အုံ့အုံ့သည်းသည်း ရွာချရပါတော့သည်။

ငြိမ်းသည် အချမ်းဒဏ်ကို မခံနိုင်တော့၍ အုန်းဖတ်ခွံများနှင့် ငါးဖမ်းပိုက်အစုတ်တို့ကို လှမ်းယူကာ ခြုံထားလိုက်ပါတော့၏။

"အဟင့်. .ဟင့်. . .ဟင့်. . ."

မပြည့်စုံခြင်း၊ ဆင်းရဲခြင်းကြောင့်လား၊ အားငယ်၍ကြောက်ခြင်းကြောင့်လားမဆိုနိုင်။

ငြိမ်း ငိုနေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဦး လေဦးကျပြီထင့်၊ လေပြင်းများ ကြမ်းတမ်းစွာ တိုက်ခတ်၍ မိုးသည် သည်းမည်းစွာ ရွာနေ၏။

ငြိမ်းသည်လည်း မိုးနှင့်အပြိုင်ငိုရင်း ဆောက်ဟိုက်ပြီး အိပ်ပျော်သွားရပြန်ပါ၏။

ဘယ်အချိန် ဘယ်အခါရှိပြီကို ငြိမ်းမသိ။ တစ်လောကလုံးက မှောင်နေတော့သည်။

လေပြင်းတွေ ဘယ်လောက်တိုက်တိုက်၊ မိုးတွေဘယ်လောက်ရွာရွာ၊ ငြိမ်းကား ဘာမှမသိတော့။



– တစ်ဆယ့်ခုနစ် –

မုန်တိုင်းကျမည့် အရိပ်အသွင်ကိုသိ၍ ဟန်မိုနှင့် ဘာဘူသည် ညကတည်းကပင် ကျွန်းသို့ပြန်ရောက်နေကြရပါ၏။ သို့သော်လည်း လှေထဲတွင် ငါးတွေနှင့် မိုးရွာဆဲမို့ သူတို့ ပြန်မလာနိုင်ကြပါလေ။ ကမ်းခြေမှာပင် ငါးလှေကို ထိန်းသိမ်းစောင့်ရင်း သူတို့ အိပ်ကြသည်။

ဒီနေ့ ဝေလီဝေလင်းဆောဖြင့် ဟန်မိုသည် တဲဆီသို့ ပြန်ရောက်လာပါ၏။ မနေ့က လေပြင်းတွေတိုက်၊ မိုးတွေရွာသည့်အတွင်



www.burmeseclassic.com

www.burmeseclassic.com



သူ ငြိမ်းကို သတိရနေမိသည်။ ငြိမ်းကို စိတ်မချဖြစ်နေမိ၏၊ သူ စိတ်မချသည့်အတိုင်းပင် သူ တံထဲဝင်လိုက်သည်နှင့် ငြိမ်းသည် ခြေထောက်တွင် ဒဏ်ရာနှင့် အဖျားတွေကြီးကာ နစ်မြုပ်စွာ အိပ်ပျော်နေသည်ကို ဟန်မိုတွေ့လိုက်ရပါ၏။ ဟန်မိုသည် ငြိမ်း နိုးသွားမည်စိုး၍ ငြိမ်းကို မထိမတို့၊ ညင်သာစွာပင် ငြိမ်းနှင့် မနီးမဝေးတွင် မလှုပ်မယှက် အိပ်နေလေ၏။

"မုန်းတယ်၊ မုန်းတယ် သိပ်မုန်းတယ် . ."

"ဟင် . . ."

ဟန်မို လန့်သွားသည်။ ငြိမ်းကိုကြည့်တော့ ငြိမ်း မနိုး။ အဖျားဖြင့် ငြိမ်းယောင်၍ဆိုနေခြင်းသာ ဖြစ်၏။ ငြိမ်းယောင်နေသည်က သူ့ကိုမုန်းသည်ဟု ဆိုနေသဖြင့် ဟန်မိုသည် စိတ်မချမ်းသာရရှာပါ။

"သွား. .သွား. .ရှင့်ကိုမုန်းတယ်၊ သိပ်မုန်းတယ်၊ အဟင့် ဟင့်. .ဟင့်. . ."

ယောင်၍ စကားတွေပြောနေရာမှ ရှိုက်ကြီးတငင် ငြိမ်း





ငိုလိုက်တော့သည်။ ဟန်မို မနေသာတော့။ ငြိမ်း ပင်ပန်းမည်စိုးသဖြင့် ငြိမ်းကိုယ် အထက်ပိုင်းအား ပွေ့ချီလိုက်ပြီး . .

"ငြိမ်း. .ငြိမ်း. . ."

"အို ဟင် ရှင် ရှင် လွှတ် လွှတ်၊ ရှင့်ကိုမုန်းတယ်၊ ရှင်ဟာ လူယုတ်မာ၊ လူသတ်သမား၊ လူဆိုး. . ."

နဂိုက စိတ်ထဲခံပြင်းချက် အမာခံရှိထားသော ငြိမ်းသည် ချက်ခြင်းအစုံပွင့်ပွင့်ချင်း ဟန်မိုရင်ခွင်ထဲ၌ ရောက်နေရပြီး ဟန်မို့အား တွေ့လိုက်ရလေသော် သတိဖြင့် ထိန်းချုပ်စိတ်များ ပျောက်ကွယ်ကာ ဒေါသတို့ ပေါက်ကွဲ၍ဆိုရင်း ဟန်မို့ရင်ခွင်ထဲမှ ရုန်းကန်တွန်းထိုးထွက်လိုက်ပါတော့၏။

"မင်း ဘာတွေပြောနေတာလဲ ငြိမ်း. . ."

"ငြိမ်း ဘာတွေပြောနေလဲဆိုတာ ရှင်သိတယ်၊ ရှင့်ကို သိပ်နာကြည်းတယ်၊ မုန်းတယ်၊ ရှင်ဟာ လူသတ်သမား၊ လူဆိုး၊ သူခိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်. .ငြိမ်း မင်း မဟုတ်တာတွေ ခပြောနဲ့၊ ငါ့ကို မစွပ်စွဲနဲ့. . ."

"စွပ်စွဲတာမဟုတ်ဘူး၊ ရှင်ဟုဘ်လို့ ဟုတ်ကြောင်းပြောတာ၊ ငြိမ်းမြင်တယ်၊ သိတယ်၊ ငြိမ်းရဲ့မိဘတွေကိုသတ်တာ ရှင်၊ သဆော်နဲ့ ပါလာတဲ့လူတွေအားလုံးကို ရှင်သတ်တယ်၊ အလောင်းတွေကို ပင်လယ်ထဲမျှောဖျောက်ပစ်ပြီး ရှင်ခါးကို ဆေးနေတာတွေ ငြိမ်း အားလုံးမြင်တယ်၊ ဟိုမှာ ဖေဖေ့ရဲ့ဓား၊ ရှင် ဘာပြောချင်လဲ. ."

"မဟုတ်ဘူး၊ မဟုတ်ဘူး ငြိမ်း၊ ငါပြောပြမယ်. . ."

"မပြောနဲ့၊ ရှင် ဘာမှမပြောနဲ့၊ ရှင်ဟာ လူလိမ် လူညာ လူသတ်သမား၊ သူခိုး၊ လူဆိုး. . ."

"ဖြန်း. .ဖြန်း. . ."

"အမေ့. .အဟင့်. .ဟင့်. .ဟင့်. . ."

ငြိမ်း၏တစ်ဖက်သတ်စွပ်စွဲချက်တွေ ဘာရေးလွန် ပြင်းထန်နေ၍ ဟန်မိုသည် ငြိမ်းပါးပြင်လေးနှစ်ဖက်အား ဘယ်ညာ ရိုက်ပစ်





လိုက်မိပါတော့၏။ ငြိမ်းသည် ငိုရှိုက်ရင်း မျက်နှာလေးကို အုပ်ထားလိုက် သည်၊ ဟန်မိုကိုလည်း မကြည့်တော့။

ငြိမ်းစိတ်ထဲ ကျေနပ်အောင် ပြောဖြစ်လိုက်ရပြီမို့ သူသတ် ချင်လည်း သတ်ပစေတော့စိတ်ဖြင့် ငြိမ်းသည် ငိုရင်းငြိမ်သက်နေ လိုက်၏။ ဟန်မိုသည် မျက်နှာလေးကိုအုပ်ထားသည့် ငြိမ်းလက် ကလေးတွေကို ဖယ်လိုက်ပြီး. . .

"ဒီမှာ ငြိမ်း၊ မင်းမိဘတွေကို ငါမသတ်ဘူး၊ မင်းတို့ သဆော်ပေါ်က ပါလာတဲ့လူတွေကိုလည်း ငါမသတ်ဘူး၊ မင်းမိဘနဲ့ မင်းပါမကျန် လူတွေအားလုံးကို သတ်တဲ့ လူနှစ်ယောက်ကို ငါ သိတယ်. . ."

"ဟင်. . ."

ငြိမ်းသည် မျက်ရည်တွေနှင့် ဟန်မို့မျက်နှာဆီ ကြည့်လိုက် မိတော့သည်။ ဟန်မိုသည် ငြိမ်းအား လေးနက်စွာကြည့်ပြီး ငြိမ်း လက်လေးနှစ်ဖက်ကို ဖြေလွှတ်ရင်းက စကားကိုဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သင်္ဘော ကျွန်းကိုရောက်လာတဲ့အချိန်မှာ ငါဟာ ပင်လယ်ထဲထွက်ဖို့ အဲဒီကမ်းစပ်က တောထဲမှာရှိနေတယ်၊ ပထမဆုံး သင်္ဘောပေါ်က လူငါးယောက်ဆင်းလာတယ်၊ နည်းနည်းဝဝခွဲခွဲနဲ့ ဓားလွယ်ထားတဲ့ လူကြီးက အရှေ့လျှောက်နေချိန်မှာ အနောက်က အသားဖြူဖြူ ပိန်ပိန်ရှည်ရှည် နှုတ်ခမ်းမွေးနဲ့လူက သူ့နောက်က လူသုံးယောက်ကို မျက်စိမှိတ်ပြတယ်. . ."

"ငါလည်း ဘာမှန်းနားမလည်ဘူး မကြာဘူး အသားဖြူဖြူ ပိန်ပိန်ရှည်ရှည်နဲ့လူက ရှေ့က ဓားလွယ်ထားတဲ့လူကြီးကို လဲသွားအောင် အနောက်ကနေ တစ်ချက်ထိုးလိုက်တယ်၊ လူကြီးလဲသွားတဲ့ အချိန်မှာ လူကြီးခါးကဓားကို ဆွဲထုတ်ပြီး လူကြီးကို ထိုးထည့်လိုက်တယ်၊ လူကြီးက စူးစူးဝါးဝါးအော်တော့ ဟိုလူက နောက်ထပ်တစ်ချက် ဓားနဲ့ထိုးလိုက်တာနဲ့ မအော်နိုင်တော့ဘဲ သေသွားတယ်"

"ဝဝနဲ့လူကြီး သေသွားတာနဲ့ ပိန်ပိန်ဖြူဖြူနဲ့လူကြီးဟာ သူ့လက်ထဲမှာရှိတဲ့ ဓားနဲ့ပဲ ကျန်တဲ့ လူသုံးယောက်ကိုလည်း အဘော်





တွေမှာ ခုတ်သတ်လိုက်တာပဲ၊ အဲဒီအချိန်မှာ အော်သံတွေလည်း ငါကြားတယ်၊ မိန်းမတစ်ယောက် ပြေးလာတာကိုလည်း တွေ့တယ်၊ မိန်းမကလည်း ဖြူဖြူချောချော၊ ပိန်ပိန်ပဲ၊ သူတို့နှစ်ယောက် တောထဲမှာ ဆုံသွားတယ်. . ."

"သူတို့ဘာလုပ်ဦးမယ်ဆိုတာ ငါလိုက်ချောင်းကြည့်တော့ ငြိမ်းမေမေနောက်ကျောကို လူကြီးက ဓားမြှောင်နဲ့ပစ်ပေါက်လိုက်တာ ငါတွေ့တယ်၊ မိန်းမကလည်း ငြိမ်းကို ဓားမြှောင်နဲ့ပစ်လိုက်တာ ငါတွေ့တယ်. . ."

"နောက်တော့ သူတို့နှစ်ယောက် သင်္ဘောကို ရေလယ်ထဲ မောင်းသွားပြီး သင်္ဘောနောက်မှာပါတဲ့ စက်လှေပေါ်ပြောင်းတက်တယ်၊ သင်္ဘောကိုတော့ ရေလယ်မှာ သူတို့မြှုပ်ပစ်ခဲ့တယ်၊ သူတို့နှစ်ယောက်ကတော့ စက်လှေလေးနဲ့ မောင်းထွက်သွားလိုက်ကြတယ်"

"ဟင် ဦးအေးမြိုင်နဲ့ ဒေါ်ဒေစီ. . ."

"ဘောက် စကောလောက်မှ ဇောက်မနက်၊ အကြံပက်စက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတာ. . .”

ငြိမ်းသည် မျက်ရည်တို့မထွက်တော့သဲ နာကြည်းလွန်းစွာ ဆိုပါ၏။

“ငါက အလောင်းတွေကို ဖျောက်ဖျက်ပစ်တာ မဟုတ်ဘူး၊ သူတို့သေနေကြပြီပဲ၊ ရေထဲပဲ မျှောပစ်ရတော့မှာပေါ့၊ ငါတို့ဆီမှာ လူသေကို ဒီလိုပဲလုပ်တယ်၊ ဓားကတော့ ငါ့အတွက်လည်း အသုံးဖြစ်လို့ ငါယူထားတာ. . .”

“အဲဒီတုန်းက ငြိမ်းရဲ့လက်မောင်းကရတဲ့ ဓားဒဏ်ရာက မဖြစ်စလောက်ပါဘူး၊ ငါဆေးထည့်စည်းပေးနဲ့ပြီးမှ အလောင်းကိစ္စတွေကိုရှင်းရတာ. . .”

“ငြိမ်းကိုခွင့်လွှတ်ပါ ဟာန်မို၊ ငြိမ်းမှားပါတယ်. . .”

သူ့ကိုတစ်ချက်ကြည့်ပြီး မျက်လွှာလေးသိမ်းကာ ငြိမ်းတောင်းပန်လိုက်လေသည်။

“ငါ့ကိုမတောင်းပန်ပါနဲ့လေ၊ ငါ ဘာစိတ်သက်လုံး မင်းကို





ခွင့်လွှတ်နေမယ့်သူပဲ၊ စောစောက ငါ မင်းကိုရိုက်လိုက်မိတာ ငါ စိတ်မကောင်းဘူး၊ ငါ့ကိုသာ မင်းခွင့်လွှတ်ပါ. . .”

သူဆိုတော့ ငြိမ်း သူ့ကိုကြည့်နေမိသည်။ ငြိမ်း အကြည့်တို့သည် ယခင်ကနှင့်တူတော့ဟန် မဟုတ်ပါ။

“အဲဒီအတွက် မင်းငါ့ကို ထပ်မုန်းလိုက်ဦးမှာလား. . .”

ငြိမ်းကိုကြည့်ပြီး သူစိုးရိမ်စွာ မေးလာလေ၍ ငြိမ်းသည် ရှက်ပြုံးလေးတစ်ပွင့်နှင့် မျက်လွှာလေးသိမ်းကာ ခေါင်းရမ်းပြလိုက်မိလေသလားပါပင်။

ဟာန်မိုသည် ဝေလီဝေလင်း အလင်းရောင်လေး အောက်မှ ငြိမ်း၏မျက်နှာလှလှလေးအား မြတ်နိုးချစ်ကြင်ဝန်းရိပ်တို့ ဖြင့်ငေးကြည့်နေပါလေ၏။

ငြိမ်းမျက်လွှာလေးချီကာ အကြည့်တွင် သူမတို့အကြည့်ချင်း ဆုံဆည်းသွားလိုက်ကြသည်။

သူတို့အကြည့်တွေ အတန်ကြာသည် အထိ ဆုံဆည်း



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ကြပါ၏။

တစ်ယောက်က အတိုင်းအဆမရှိသော မြတ်နိုးဘွယ်တာမှု အကြည့်တွေ၊ တစ်ဦးကလည်း နားလည် လက်ခံလာသော ရင်တွင်း နှလုံးသားနုနုမှ အသိတွေ အကြည့်ရိုးတွေနှင့်ပါတကား။ ။

▽ ▽ ▽



– တစ်ဆယ့်ရှစ် –

ဂရုစိုက်တတ်လွန်းသော ဟန်မိုကြောင့် နေ့ချင်းညချင်း ဆိုသလို ငြိမ်းနေထိုင်၍ကောင်းလာသည်။ ဒုတ်စူးထားသော ငြိမ်း ခြေထောက်တစ်ဖက်မှ လမ်းကောင်းကောင်းလျှောက်၍မရသေး။

ဟန်မိုသည် ကိုင်းလုပ်ချိန်ပြီးဆုံး၍ လယ်လုပ်ရန်အတွက် နံနက်စောစောကတည်းက မိုးစပါးတို့နှင့်အတူ လယ်ထဲသို့ ဆင်းသွား လေပြီဖြစ်၏ ၊

ငြိမ်းသည် ဟန်မို၏ကြင်နာနွေးထွေးမှုမေတ္တာ၊ စိတ်ဓာတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိုးသားတည်ငြိမ်မှုတို့ကို သိရှိနားလည်လာရသည်နှင့်အမျှ ဟန်မိုအပေါ်လည်း ငြိမ်းသည် သံယောဇဉ်တွယ်ငြိရပါချေပြီ။

သို့သော် ဟန်မိုပြောပြ၍ အဖြစ်မှန်ကိုသိနေရပြီဖြစ်သော ငြိမ်းသည် ရက်စက်စွာ မိမိ၏မိဘနှစ်ပါးအား ကျေးဇူးတရားမှ မထောက်။

လောဘဇောတိုက်ကာ သတ်ဖြတ်ရက်ကြသည့် ဦးအေးမြိုင်နှင့် ဒေါ်ဒေစီတို့ကို ထိရောက်စွာ ဘာလဲစားချေ အရေးယူနိုင်ရန်အတွက် နေ့စဉ်နှင့်အမျှ လေးနက်စွာ စဉ်းစားနေရပြန်ပါလေ၏။

ခုဆိုလျှင် ကျူပင်ခုတ် ကျူငုတ်ပင်မကျန်၊ ရှင်းပြီးပြီ သဘောဖြင့် ဦးအေးမြိုင်နှင့် ဒေါ်ဒေစီတို့သည် နောက်ကြောင်းအေးချမ်းစွာဖြင့် မိမိတို့၏စည်းစိမ်များတွင် ယစ်မူးစံစားနေကြချေတော့မည်။ အတွေးနှင့်မြင်ယောင်ကာ ငြိမ်းသည် သွားလေးတွေနှင့် နှုတ်ခမ်းသားလေးများ စေ့ပိတ်ထားမိပါ၏။

"ငြိမ်း. . ."





ငြိမ်း အတွေးလွန်ခဲ့ ဟန်မို ပြန်ရောက်လာသည်။ ဟန်မို့တစ်ကိုယ်လုံးတွင် ရွှံ့ဗွက်တွေနှင့် ပေရေနေ၏။

"ပြန်လာပြီလား။ ရွှံ့တွေနဲ့ကွယ်. . ."

"လယ်လုပ်ရတာ ရွှံ့ပေတာပေါ့၊ ငြိမ်းက သန့်သန့်ကြိုက်တာ သိပါတယ်. . ."

"အို. .ငြိမ်း တဲ့ရှုတာ ရွှံ့လို့ပြောတာ မဟုတ်ပါဘူး. . ."

"ဒါဖြင့် ဘာဖြစ်လို့ပြောတာလဲ. . ."

"ရွှံ့တွေဗွက်တွေ ပေလာတဲ့ အလုပ်သမားကြီးကို ဂုဏ်ယူလို့ပြောတာ၊ သနားလို့ပြောတာ. . ."

"ဂုဏ်ယူတယ်၊ သနားတယ် ဟုတ်လား ငြိမ်း. . ."

လှသောအပြုံးလေးနှင့် ငြိမ်း ခေါင်းညိတ်ပြသည်။ ငြိမ်းအပြုံးကို သူတစ်ခါမျှမမြင်ဖူး။ ငြိမ်းကို သူငေးကြည့်နေမိသည်။

"အို. .သူ ငြိမ်းကို ဘာကြည့်နေတာလဲ ရေချိုးတော့လေ"

"အင်း. .ငြိမ်းတော့ နေပူတုန်းချိုးထားပါလား၊ ညနေတွေ



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာရင် အေးနေဦးမယ် . . ."

"ဟုတ်တယ်နော် . . ."

"ချိုးမယ်မဟုတ်လား . . ."

"အင်း . . ."

"ချောင်းမှာ သွားချိုးမယ် . . ."

"အင်း . . ."

ရေချိုးရန် ဟန်မိုသည် ငြိမ်းအား သွားရောက် ဆွဲချီလိုက်၏။

သည်တစ်ခါတော့ ငြိမ်း မငြင်း၊ ရုန်းကန်ခြင်းလည်းမရှိ။ သူတို့ မျက်နှာချောချောထက် ပြုံးပန်းကလေးများ ပွင့်နေကြချေ၏။ ငြိမ်းသည် ဟန်မို့လည်ပင်းဆီ လက်ကလေးနှစ်ဖက်နှင့် သိုင်းဖက်ထားသည်။

ဒီးဒုတ်တို့တဲရှေ့မှအဖြတ်တွင် ဒီးဒုတ်သည် အံ့သြစွာဖြင့် မျက်စိတစ်ဆုံး လှမ်းကြည့်နေမိလိုက်ပါတော့၏ ၊





ငြိမ်းတို့ကမငြင်း။ ရေချိုးရန် ချောင်းလေးဆီသို့ ရောက်ခဲ့ကြသည်။ပြီးတော့ ငြိမ်းကို ဆွဲချီလျက်မှ ရေထဲဆင်းခဲ့သည်။

"ရေနက်ထဲသိပ်မသွားပါနဲ့ကွယ်၊ ငြိမ်းကြောက်တယ်၊ ငြိမ်း ရေမကူးတတ်ဘူး . . ."

"ငြိမ်းရဲ့ဟန်မို တစ်ယောက်လုံးရှိပါတယ်ကွာ၊ မကြောက်နဲ့နော် . . ."

ကလေးလေးတစ်ယောက်လို သူ ငြိမ်းကို ရေချိုးပေးသည်။ ငြိမ်းမျက်နှာလေးနှင့် ငြိမ်းဆံနွယ်လေးကိုပါ သူနမ်းသည်။

"ငြိမ်းကိုချစ်တယ်၊ သိပ်ချစ်တာပဲ . . ."

သူ ရိုးရိုးကြီးပြောသည်။ ငြိမ်းသည်လည်း လှိုက်လှဲသော နှလုံးသားမှ မျက်ဝန်းဝယ် အရည်ကြည်များဝဲလာသည်အထိ သူ့ကို ကြည့်ပြီး ပြန်လည်၍ သိုင်းဖက်ထားမိပါ၏။

ငြိမ်း ဝန်ခံသည်။ ငြိမ်း သူ့ကိုချစ်သည်။ သူ၏ ရိုးသားခြင်း၊ ကြိုးစားခြင်းတို့သည် ငြိမ်း အထင်ကြီး လေးစားအချစ်များပွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်း . . ."

သူခေါ်သည်။ သူနှင့်အကြည့်ချင်း ငြိမ်းဆုံလိုက်သည်။ ယခင်က သူ့ကိုငြိမ်းကြည့်ခဲ့သော်လည်း ဒေါသတွေနှင့် ကြည့်ခဲ့သည်မို့ ငြိမ်းဘာကိုမှမမြင်ခဲ့။

ယခု ငြိမ်းအကြည့် ငြိမ်းအမြင်ထဲတွင် သူသည် လူချောကြီးတစ်ဦးပါတကား။

မေးရိုးအကျသည် သေသပ်၍ မျက်နှာအကျသည် ယောကျ်ားကောင်း ယောကျ်ားချောတစ်ဦးအသွင်ကို ပြနေ၏။

ရိုးသားသော မျက်ဝန်းအစုံသည် ကြည်လဲ့၍ တောက်ပနေ၏။ နှာတံမြင့်မြင့်သည် တန်း၍စင်းနေပုံမှာ သူ့မျက်နှာအား တင့်တယ်ချောမွေ့စေ လွန်းနေပါ၏၊

ပြီးတော့ သူ့နှုတ်ခမ်း။ မထူလွန်း မပါးလွန်း သူ့နှုတ်ခမ်းသည် ပိရိသေသပ်သည်။

ဆိုရသော် သူ့အကြည့် သူ့အပြုံး၊ သူ့ မျက်နှာအသွင်သည်





ရည်မွန်သော၊ သိမ်မွေ့သော၊ ကြင်နာသော၊ ခွင့်လွှတ်သော အသွင်ရိပ်များ လွှမ်းနေရသည်ပေါ့တော်ပါတကား။

"ငြိမ်း. . ."

ငြိမ်းကြည့်နေဆဲ သူခေါ်ပြန်သည်။

"ပြောလေ. . ."

"ငြိမ်း ငါ့ကို မုန်းနေသေးလား. . ."

"ဘယ်လိုထင်နေလို့လဲ. . ."

"မထင်တတ်ပါဘူး. . ."

"သူက ဘယ်လိုဖြစ်စေချင်လဲ. . ."

"ဘာကိုလဲ. . ."

"ချစ်စေချင်လား၊ မုန်းစေချင်လားပေါ့. . ."

"မေးတတ်ပလေ၊ ချစ်စေချင်တာပေါ့ကွ. . ."

"အဟင်း. .ဟင်း. . ."

သူ့အဖြေကို သဘောကျ၍ ငြိမ်းရယ်သည်။ ငြိမ်းရယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ ငေးကြည့်နေ၏။

"ငြိမ်းကရယ်လေလှလှလေးပဲ၊ ဘယ်လိုနေနေ ချောတယ်၊ လှတယ်၊ ငါချစ်တယ်. . ."

"ငြိမ်းလည်း ရှင့်ကိုချစ်တယ်. . ."

သူ ငြိမ်းကို စေ့စေ့ကြည့်သည်။ ပြီးမှ. . .

"တကယ်ပြောတာလား ငြိမ်း. . ."

သူမေးသည်။ သူ့မေးသံသည် အားအင်တော့ သိပ်မရှိလှပါ။

"တကယ်ပြောတာ ဟာန်မို၊ ရှင့်ကိုငြိမ်းချစ်တယ်၊ ငြိမ်းဘဝမှာလည်း ရှင်ဟာအချစ်ဦး၊ ပထမဆုံးချစ်သူ၊ ငြိမ်းချစ်တဲ့သူပါလေ"

"ငါတို့ဟာ ချစ်သူတွေမှမဟုတ်ဘဲ. . ."

"ဟင်. . ."

မရယ်မပြုံး ဟာန်မိုဆိုတော့ ငြိမ်းကြောင်သွားသည်။

"ငြိမ်းနဲ့ငါက တရားဝင်လင်မယားပဲလေ. . ."





"အို. .အဟင်း. .ဟင်း. . ."

"မဟုတ်ဘူးလား. . ."

"ဟုတ်ပါသတဲ့ရှင်. . ."

"ဒါဖြင့် မင်းဆီက ခွင့်တစ်ခုတောင်းချင်တယ်. . ."

"ဘာခွင့်တောင်းမှာလဲ. . ."

အမှန်ပင် ငြိမ်းသဘောမပေါက်၍ မေးခြင်းပါ။

"ငြိမ်းက မထိနဲ့ဆိုမထိပါဘူး၊ ဒါပေမယ့် ငြိမ်းနဲ့အတူ အိပ်ပါရစေ. . ."

"အဟင်း. .ဟင်း. . ."

ငြိမ်းရယ်ရင်း သူ့ရင်ခွင်ထဲ တိုးဝင်မိလိုက်တော့သတည်း။ ဟာန်မိုသည် ငြိမ်းကိုယ်လေးအား ဖက်ထားလိုက်၏။ ပြီးတော့ ငြိမ်းနောက်ကျောလေးဆီ သူ့လက်ခုပ်ဖြင့် ရေတွေပက်ပေးသည်။ ပြီးမှ

"ကဲ. .ငြိမ်း၊ အအေးမိမယ်၊ ငြိမ်း ကုန်းပေါ်ပြန်နေတော့နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



သူဆိုရင်း ငြိမ်းကို ကမ်းပို့ပေးသည်။ ကလေးတစ်ယောက်လို ငြိမ်းကိုလုပ်ပေးခဲ့ပြီးမှ ဟန်မိုသည် ရေထဲပြန်ကူးသွား၏။

ဟန်မို ရေကူးနေပုံကို ငြိမ်းသည် ငေးမောကြည့်နေမိသည်၊ ငြိမ်းကြည့်နေဆဲ ဟန်မိုသည် ရေချိုးပြီး ကမ်းပေါ်ပြန်တက်လာသည်၊

ငြိမ်းငေးကြည့်နေသည်ကို ဟန်မိုသည် ပြုံးပြပြီး ငြိမ်းအား ဆွဲခနဲပွေ့ချီကာ အိမ်သို့ပြန်ခဲ့လိုက်ကြပါတော့၏။ ညနေဘက်သို့ရောက်သည်တွင် ဟန်မိုပြောသလိုပင် မိုးရွာချလာသည်။

တောလေ့ အရ ညစာကို စောစောချက်ပြုတ်စားသောက်ပြီး၍ ဟန်မိုနှင့်ငြိမ်းသည် မိုးရွာနေသည်ကိုထိုင်ကြည့်နေကြသည်။

"ဟန်မို. . ."

"ဟင်. . ."

"ငြိမ်းကိုချစ်လား. . ."

"သိပ်ချစ်တယ်. . ."

"ဒါဖြင့် ငြိမ်းတစ်ခု ပြောချင်တယ်. . ."





"ပြောလေ. . ."

တဲရှေ့မိုးရေတွေ စီးဆင်းနေပုံကို ငြိမ်းငေးကြည့်လိုက်သည်။ ငြိမ်း ပြောချင်သည့်စကားတို့မှာ ရုတ်တရက်ပြော၍မထွက်၊ ပြောလိုက်လျှင် ဟန်မိုတစ်မျိုးထင်မည်ကိုလည်း စိုးရိမ်သည်။ ပြီးတော့ ငြိမ်းလည်း သူ့ကိုချစ်သည်။ မခွဲချင်၊ မခွဲရက်။ သို့သော်လည်း ငြိမ်းဆုံးဖြတ်ချက် ရှိနှင့်ပြီးသည်မို့ လုပ်စရာရှိသည်တို့ကိုတော့ လုပ်ရပေဦးမည်၊ မပြောရက်သော်လည်း ငြိမ်း ပြောရမည်။

"ဟန်မို. . ."

"ဟင်. . ."

"ငြိမ်းစကားကို တစ်မျိုးမထင်နဲ့နော်. . ."

"ဘာလဲ. . ."

"ဟန်မို့ကို ငြိမ်းချစ်တာတော့ ယုံပါ၊ ဒါပေမယ့် ငြိမ်း မြို့ကိုပြန်ချင်တယ်. . ."

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းစကားတွင် ဟန်မို လွမ်းသွားၿ၏၊

"ဒီလိုမဖြစ်ပါနဲ့ကွယ်၊ ငြိမ်းပြောမှာကို နားထောင်ပါဦး"

"ပြောပါလေ. . ."

"ငြိမ်းဟာ ဆရာဝန်ဖြစ်ခါနီးတဲ့ ဆေးကျောင်းသူတစ်ယောက်ပါ. . ."

ပို၍ အားငယ်စွာ ငြိမ်းကို ဟန်မိုကြည့်မိ၏။

"ငြိမ်းတို့ဟာ သိပ်ချမ်းသာပါတယ်၊ ငြိမ်းဟာ တစ်ဦးတည်းသောသမီးပါ၊ ဦးအေးမြိုင်နဲ့ ဒေါ်ဒေစီဟာ ငြိမ်းတို့ တစ်မိသားစုလုံးကို လုပ်ကြံသတ်ဖို့အကြံနဲ့ ဒီကျွန်းကိုခေါ်လာတာ၊ ငြိမ်းတို့မိသားစုကိုသတ်ပြီး ခုဆို ငြိမ်းတို့ပစ္စည်းတွေနဲ့ သူတို့စံစားနေကြပြီပေါ့. . ."

"ငြိမ်းမသေဘူးဆိုတာ သူတို့ကိုသိစေချင်တယ် သူတို့ကို ငြိမ်း ပြန်တွေ့ချင်တယ်၊ ဒါကြောင့် ငြိမ်း သူတို့နဲ့တွေ့ဖို့ ခဏပြန်ပါရစေ၊ ငြိမ်းကို မြို့အထိပို့ပေးပါလားကွယ်နော်. . ."





ဟန်မိုသည် တော်တော်နှင့်စကားမပြန်။ မိုးရွာထဲ အတန်ငေးကြည့်နေမိ၏။ ပြီးတော့ သူ ငြိမ်းကို စေ့စေ့ကြည့်သည်။ သူ့အကြည့်သည် အားလျော့သွားသော အကြည့်မျိုးပါ။ ငြိမ်းကို သူကြည့်နေဆဲ ရင်ခွင်ထဲဆွဲထည့်လိုက်ပြီး. . .

"ငြိမ်းရယ်. .အေးလေ မင်းသွားချင်တာ ငါစီစဉ်ပေးပါ့မယ်၊ ဒါပေမယ့် လောလောဆယ်တော့ မင်းခြေထောက်လည်း မကောင်းသေးဘူး၊ မိုးလေလည်းထန်နေသေးတယ်၊ မိုးလေငြိမ်တော့ ငါ မင်းကို ငါးဖမ်းစက်လှေတစ်စီးစီးနဲ့ ထည့်ပေးလိုက်ပါ့မယ်၊ မင်း စိတ်ချမ်းသာအောင်နေပါ. . ."

"ဟန်မိုရယ်. . ."

ဟန်မို့ရင်ခွင်ထဲ ငြိမ်းတိုးဝင်လိုက်သည်။

"ငြိမ်းကိစ္စတွေပြီးတဲ့တစ်နေ့မှာ ငြိမ်းပြန်လာမယ်၊ ဘယ်လောက်ပဲကြာကြာ ငြိမ်းကို ဟန်မိုစောင့်နေပါနော်၊ ဟန်မို့ကို ငြိမ်းချစ်တယ်၊ ယုံပါကွယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းပြောနေသမျှ ဟန်မို စကားမဆို၊ ငြိမ်းကိုတော့ သူ တင်းကြပ်စွာ ဖက်ထားပါ၏။

"ဟန်မို. . ."

ငြိမ်းကို ဟန်မိုကြည့်လာသည်။

"ငြိမ်းကိုစောင့်နေနော်၊ ငြိမ်းချစ်တာကို သံသယမရှိပါနဲ့၊ ယုံပါ ဟန်မိုရယ်၊ ငြိမ်း ဟန်မိုကို နှလုံးသားထဲက အထင်တကြီး မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါရှင်. . ."

"ဝေါ. .ဝေါ. .ဝီး. .ဝီး. .ဝေါ. . ."

မိုးလေပြင်းများသည် ကြမ်းသည်ထက် ကြမ်းလာ၏၊ မိုးလေတို့ကြောင့် မီးအိမ်လေးပင် ဟုတ်ခနဲငြိမ်းသွားရလေသည်၊ တဲလေးတစ်ဆောင်လုံး မှောင်အတိနှင့် ရှိသွားရချေ၏။ ဟန်မိုနှင့် ငြိမ်းတို့ထံမှလည်း စကားသံလေးများသည် တိတ်ဆိတ်ပျောက်ကွယ် သွားကြရလေ၏။

မှန်သည်။ မိုးလေများ မည်မျှကြမ်းတမ်းစွာ တိုက်ခတ် ရှာသွန်းနေပါစေ၊ ဟန်မိုနှင့်ငြိမ်းကား ဘာမျှမသိ၊ မကြားမိပါလေတော့ ပါတကား။ ။

♡ ♡ ♡



## - တစ်ဆယ့်ကိုး -

ငုတ်ရူးထားသည့် ငြိမ်းခြေထောက်မှ အနာလေးလည်း ပျောက်စပြုပြီဖြစ်သည်၊ မိုးသက်လေပြင်းတို့လည်း ငြိမ်သက်နေ သည်မှာ နှစ်ရက်ခန့်ရှိပြီ။ မိုးလေတို့ကင်းစင်လျှင် မြို့ပြန်မည့် ငါးဖမ်းစက်လှေတစ်စီးစီးဖြင့် ငြိမ်းအား ထည့်လိုက်ရမည့် အရေး အတွက် ဟန်မိုသည် စိတ်ထိခိုက်နေရှာဟန်ရှိပါ၏။

ငြိမ်းအား လိုလေသေးမရှိ၊ ပြုစုဂရုစိုက် ကြင်နာမှုများ ပေးသည်မှလွဲ၍ ဟန်မိုသည် စကားနည်းနေရပါလေ၏။ ငြိမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါ။

ဟန်မိုထက် ငြိမ်းက ပိုစိတ်ထိခိုက်ရပါသည်၊ ငြိမ်းက မိန်းမသား။ ဟန်မိုမည်သော ကျွန်းသားလူချောကြီးကိုလည်း အသက်လောက်ဘဝင် ပေးအပ်၍ ပုံအပ်ချစ်ခဲ့ခဲ့ပြီပဲ။ ငြိမ်းက ပိုပြီး သူနှင့်မခွဲချင်ပါ။ သို့သော်လည်း မိမိမိဘများအား ရက်စက်စွာ သတ်သူတို့ကို သိဖွဲ့လျက် ပြန်ဒုက္ခမပေးရလျှင် ငြိမ်းဘယ်လိုမှ ကျေနပ်နိုင်မည် မဟုတ်ပါ။

ထိုလူယုတ်မာတွေနှင့်လည်း မိမိပိုင်ပစ္စည်းတွေကို မစားစေလို။ ထိုလူတွေကို ငြိမ်း ကလဲ့စားချေမည်၊ တစ်နည်းနည်းဖြင့် ပြန်သွားတွေ့မည်။ မဖြစ် ဖြစ်သည့်နည်းနှင့် ငြိမ်းဆဲ့ရမှ ကျေနပ်ပါမည်။

ဟန်မိုရယ်. .ဒီအတွက် ငြိမ်းကိုခွင့်လွှတ်ပေးပါဦးကွယ်။

စိတ်ထဲမှ ဟန်မိုအား ငြိမ်း တောင်းပန်နေမိ၏။

"ဟန်မို. . ."





"ဟင်. . ."

ငြိမ်းခေါ်တော့လည်း ဟန်မိုသည် ကောင်းစွာ ကြည်လင်သောအသံဖြင့် ထူးရှာသည်။ ဟန်မို ဟန်ဆောင်နေသည်ကို ငြိမ်း သိပါ၏။

"ငြိမ်းကို ဘာလို့စကားမပြောတာလဲဟင်၊ ငြိမ်းကို ဟန်မို ပြောစရာစကားမရှိတော့လို့လား. . ."

"အများကြီးရှိတာပေါ့ ငြိမ်းရယ်. . ."

"အများကြီးရှိရင် ငြိမ်းကို ပြောလေကွယ်. . ."

"ပြောလို့ အဓိပ္ပါယ်မရှိနိုင်တော့ဘူးထင်ပါတယ် ငြိမ်း"

"ပြောပြန်ပြီကွယ်၊ ဘာဖြစ်လို့ အဓိပ္ပါယ်မရှိရမှာလဲ၊ ငြိမ်းတို့မှာ အဓိပ္ပါယ်တွေအများကြီးရှိတယ်၊ ပြောပါကွယ်၊ ငြိမ်း နားထောင်ပါရစေ၊ ငြိမ်း ကြားပါရစေ. . ."

"ငြိမ်း. . ."

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောရင် မင်း ငါ့ကိုမုန်းသွားဦးမှာလား. . ."

"ဟန်မိုက မုန်းအောင်၊ နာကြည်းအောင်လုပ်ရင်တောင် ငြိမ်းကတော့ သူ့အပေါ်ရာသက်ပန်လုံး မမုန်းနိုင်တော့အောင်၊ မနာကြည်းနိုင်တော့အောင် ချစ်သွားတော့မယ်သူပါ. . ."

"တကယ်ပဲလား ငြိမ်း. . ."

"ယုံပါသူရယ်၊ ငြိမ်းနှလုံးသားထဲက ပြောနေတဲ့ စကားတွေပါ. . ."

"ဒါဖြင့် ငြိမ်းရယ်၊ မင်း ငါ့အနားက ဘယ်မှခွဲမသွားပါနဲ့တော့လား၊ မင်းကို ငါ ဘယ်လိုမှမခွဲနိုင်လို့ပါ၊ မင်းနဲ့ခွဲပြီး ငါ မနေနိုင်လို့ပါ၊ ဒါပေမယ့် မင်းကသွားချင်တယ်ဆိုရင်တော့ ငါ မတားပါဘူး၊ မင်းသွားပါ. . ."

ဟန်မို၏ တုန်ရင်အက်ကွဲမှုရှိသောသံစဉ်တွင် ငြိမ်းသည် ငေးဝေရည်သွားရရှာပါ၏။

"ငါ ကလေးလိုချင်တယ် ငြိမ်း၊ ငါ ကလေးသိပ်ချစ်တယ်၊





သူ့ရဲ့ကလေးတွေခြင်ရင် ငါသိပ်ဝမ်းနည်းတယ်၊ မင်းသာ ငါ့အနားမှာရှိရင် ငါတို့သားသမီးတွေနဲ့ ငါသိပ်ပျော်မှာပဲ၊ မင်းနဲ့ငါ့မှာ သားသမီးရှိနေရင် ဘယ်လောက်ကောင်းမလဲကွာ၊ ငါက ပညာမတတ်ပေမယ့် မင်းလိုငါ့ကလေးတွေကို ပညာတတ်ဖြစ်အောင် ကြိုးစားဖို့၊ ငါလေ မျှော်လင့်ချက်တွေနဲ့ စိတ်ကူးတွေယဉ်မိပါတယ်. . ."

ငြိမ်း စကားမဆိုနိုင်တော့။ ဟန်မို့ကိုကြည့်ပြီး မျက်ရည်တွေသာ စီးကျလာနေမိသည်။ ဟန်မိုသည် ငြိမ်းမျက်နှာလေးအား ငေးငေးလေး တစ်ချက်ကြည့်နေပြီးမှ. . .

"မင်း မငိုပါနဲ့ကွယ်၊ မင်းကပြောခိုင်းလို့ ငါပြောရတဲ့ စကားတွေပါ၊ ငါပြောချင်တဲ့ စကားတွေဟာ ငါပြောရင် ဘာမှ အဓိပ္ပါယ်မရှိတော့ဘူးလို့ ငါပြောသားပဲ၊ မင်း ငါနဲ့အတူ ဘယ်တော့မှ မနေနိုင်ဘူးဆိုတာ ငါသိပါတယ်ငြိမ်းရယ်၊ ငါကတောသား၊ ကျွန်းသားအရိုင်းအစိုင်း၊ ပညာလည်းမတတ်တဲ့. . ."

"အိ. .အဟင့်. .အဟင့်. .အဟင့်. . ."

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းကား ဟန်မိုကို တင်းကျပ်စွာဖက်မိပြီး သည်းအူတို့ လှိုက်ခါအက်ကွဲသည်အထိ ငိုချလိုက်ပါတော့၏။

"ငြိမ်း. .ငြိမ်း ဒီလိုမငိုပါနဲ့၊ ငါ့ကိုခွင့်လွှတ်ပါ၊ ငါ့စကားတွေဟာ ငါ့ဘက်ကြီးကပဲဖြစ်နေပါတယ်၊ မင်း မငိုပါနဲ့ကွာ၊ မင်းကို ငါ မနက်ဖြန်လိုက်ပို့ပါတော့မယ်. . ."

"အို. . ."

ဟန်မို လိုက်ပို့တော့မည်၊ ငြိမ်း သွားရတော့မည်၊ သူနှင့် ခွဲခွာရပေဦးတော့မည်ဆိုတော့လည်း ငြိမ်းအသိတို့မှာ ဆွေးမြေ့ဆို့နင့် ထိခိုက်သွားရပါလေ၏။

"အဟင့်. .ဟင့်. .ဟန်မို. . ."

ဟန်မို မထူး၊ မထူးနိုင်။ ငြိမ်းနှင့်ဆွေးကန်နာချင်း ပွတ်လူးနေမိသည်။ သူလည်း ငိုနေသည်ပဲလားလေ။ ငြိမ်းသည် ဟန်မိုအား တင်းကျပ်စွာဖက်ထားဆဲမှ. . .

"ငြိမ်းလည်း ဟန်မိုကို မခွဲနိုင်ဘူး၊ မခွဲချင်ဘူး၊ အဲဒါကို





တော့ ယုံပါကွယ်၊ ဒါပေမယ့် ဦးအေးမြင့်နဲ့ဒေါ်ဒေစီကိုတော့ ငြိမ်း သွားပြီး ရင်ဆိုင်ပါရစေ. . ."

"အဲဒီကိစ္စတွေပြီးတဲ့အခါ ငြိမ်း ဟန်မိုဆီပြန်လာပါ့မယ်၊ ငြိမ်းကိုသာ သစ္စာရှိရှိနဲ့ ဟန်မိုစောင့်နေပါ၊ စောင့်နေပါကွယ်၊ ငြိမ်းလည်း ဟန်မိုနဲ့အတူ သားတွေသမီးတွေနဲ့ တစ်ပျော်တစ်ပါးကြီး နေချင်ပါတယ်၊ နေချင်ပါတယ် အချစ်ရယ်. . ."

ဟန်မို့မျက်နှာဆီ ငြိမ်းကြည့်လာသည်။ သူ ငိုနေလား၊ ငြိမ်းမျက်ရည်တွေပင် သူ့ကိုကူးစက်နေတာလား၊ သူ့မျက်ဝန်းတွေကတော့ နီရဲစွတ်စိုလို့ပါတကား။

ငြိမ်းသည်လည်း စကားမဆိုဖြစ်၊ သူ့ကိုသာ မျက်ရည်တွေနှင့် ငေးကြည့်နေမိပါ၏။ အတန်ကြာသော်မှ. . .

"ငြိမ်း. . ."

သူခေါ်သည်။ ငြိမ်းမထူးနိုင်။

"အဟင့်. . ."



www.burmeseclassic.com

www.burmeseclassic.com



ရှိက်သံတစ်ချက်သာ ပွင့်ထွက်လာ၏။ သူသည် ငြိမ်းအား ရင်ခွင်ထဲ ဆွဲသွင်းဖက်ထားလိုက်ပြီး. . .

"ငြိမ်း ခြေထောက်လည်းပျောက်နေပါပြီ၊ မနက်ဖန် ငြိမ်းကို လိုက်ပို့မယ်၊ မငိုပါနဲ့တော့ မိန်းမရယ်၊ မင်းပင်ပန်းနေပါပြီ၊ မနက် ကျရင် စောစောထဖို့ အိပ်ကြစို့နော်. . ."

ဟန်မိုဆိုရင်း ငြိမ်းကိုပွေ့ချီကာ အိပ်ရာဝင်ခဲ့ကြသည်။ မိုးသည် ဒီနေ့မှ အချုပ်မြန်သည်ဟု ငြိမ်းထင်မိလေသည်။

"ငြိမ်း ငါ့ဘဝမှာ မင်းကိုသာ ချစ်တယ်၊ ငါဟာ မင်းရဲ့ ဟန်မိုပါ၊ မင်းနဲ့ဝေးချင်ဝေးနေကြပါစေ၊ ငါ့နှလုံးသားတွေကို မင်းကို ပေးလိုက်လို့ မင်းနဲ့အတူ ငါ့နှလုံးသားလေး ရှိနေလိမ့်မယ်၊ ငါ မင်းကို အမြဲတမ်း သတိရနေမယ်. . ."

"အိုကွာ၊ နောက်ဆုံးငါ့ရဲ့ထွက်သက်အထိ ငါဘယ်ဘဝပဲ ရောက်နေနေ၊ မင်းဆီမှာပဲ ငါ့နှလုံးသားကတော့ ရှိနေမယ်၊ ငါ့နှလုံး သားကို မင်းက မြတ်မြတ်နိုးနိုးနဲ့ ထာဝရသိမ်းထားလိုက်ပါတော့"





စကားတွေဆိုရင်း ဟန်မို ငြိမ်းကိုနမ်းသည်။ ဟန်မိုသည် အိပ်ပျော်သွားခင်စပ်ကြား ငြိမ်းကို စကားတွေအများကြီး ပြောနေရှာ ပါ၏။ ငြိမ်းကား မနက်ဖန်ခွဲရတော့မည်ဟူသော အသိဖြင့် စကား မဆိုနိုင်။ ဟန်မို့ရင်ခွင်ထဲ၌သာ ငိုနေမိပါလေ၏။

ငြိမ်း ဟန်မိုကိုချစ်သည်။ ငြိမ်းအချစ်တွေကို ဟန်မိုတော့ ယုံချင်မှယုံရှာပေမည်။ သူ့ကိုနှစ်သိမ့်နေသည်ဟု ဟန်မိုတစ်ယောက် ထင်ကောင်းထင်နေရှာမည်ဟု ငြိမ်းထိခိုက်စွာ တွေးမိ၏။ ခုတော့ ဘာပဲဖြစ်ဖြစ်လေ။

တစ်နေ့ကျရင်တော့ ဟန်မိုတစ်ယောက် ငြိမ်းရဲ့အချစ်တွေ ကို နားလည်သွားမှာပါဟု စိတ်ထဲဆုံးဖြတ်ချက်တွေနှင့် ကိုယ့်ကိုယ် ကို အားတင်းထားလိုက်ရပါ၏။ ဟန်မိုမျှော်လင့်နေသော အိမ်ထောင် ရေးကို ငြိမ်းလည်းမျှော်လင့်သည်။

သားတွေသမီးတွေနှင့် ပျော်ရွှင်သာယာသော အိမ်ထောင် မိသားစုလေးတစ်ခုကို ငြိမ်းလည်း မျှော်လင့်ဖန်တီးရန် စိတ်ထက်သန်မှု



www.burmeseclassic.com

www.burmeseclassic.com



အပြည့်နှင့်ပါ။

သားသမီးတွေကို ပညာတတ်ဖြစ်စေမည်တဲ့၊ စောစောက ဟန်မို ပြောသည်။ သည့်အတွက်မခဲယဉ်းပါ၊ ဟန်မို ကြိုးစားရပါ။ အဘယ်ကြောင့်ဆိုသော် ငြိမ်းတွင် ကံလုံ့မှုသည် အပြည့်အဝ ရှိနေသောကြောင့် မဟုတ်ပါတကား။

အားလုံးကို ငြိမ်းရင်ဆိုင်ပြီးတဲ့အခါမှာ . . ။ ငြိမ်ငြိမ်အလာကို စောင့်နေပါ၊ အခုတော့ ဟန်မိုရယ် တစ်ခဏလောက် ခွဲခွာကြဦးစို့ ကွယ်။

ငြိမ်းကား အတွေးထဲရှိနေခြင်းပါ။ သူတို့စကားတွေ မဆို ဖြစ်ကြတော့။ ကိုယ်ငွေ့သောကအတွေးများထဲ ပင်ပန်းနွမ်းလျှစွာဖြင့် မေ့ခနဲအိပ်ပျော်သွားလိုက်ကြပြီတည်း၊ တဲလေးတစ်ဆောင်လုံးသည် ဝိုညက မီးမထွန်းလိုက်ရ၊ မှောင်အတိနှင့် ငြိမ်သက်နေရပါလေသတည်း။

♡ ♡ ♡



– နှစ်ဆယ် –

ဟန်မိုသည် လှေကလေးပဲ့ကိုထိန်းကိုင်ရင်း တိတ်ဆိတ်စွာ လှော်ခတ်လာလေသည်။ သူ့မျက်ဝန်းဝယ်မတော့ အရည်ကြည်တို့ သည် ရစ်သိုင်းလျှက်ရှိ၏။ ရှေ့မှ ငြိမ်းသည်လည်း တိတ်ဆိတ်၍ နေသည်။

ကြည်ပြာနုနု ကောင်းကင်အရောင်အောက်၌ ပင်လယ်ရေပြင် သည် စိမ်းမြမြရှိ၏။ ကောင်းကင်မျက်နှာ ကြည်လင်နေသည်မို့ ပင်လယ်ပြင်သည်က ငြိမ်သက်စွာ လှုပ်ရှားနေ၏။ ငြိမ်းသည်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်တို့ကိုကြည့်ရင်း ငြိမ်းလည်း စကားမဆိုဖြစ်။ မျက်ရည်တို့သာ စီးကျနေရပါလေ၏။

လှေဦးက ပင်လယ်ရေမျက်နှာပြင်အား ထိုးနှင်းသွားလေတိုင်း ငြိမ်းရင်သည်လည်း ကွဲနင့်နေရသည်ပါ။ ငြိမ်း ခံစားမှုများအား ဟန်မိုတော့ သိမည်မထင်၊ ယုံမည်မထင်၊ လက်ခံမှုသည်မထင်။ ရိုပါစေတော့၊ တစ်နေ့တော့ ဟန်မို သိလာမှာပါလော့။

နံနက်စောစော၊ မိုးမလင်းခင်ကတည်းကပင် ထွက်လာကြသည်မို့ ပင်လယ်ရေနက်ပိုင်းသို့ပင် ရောက်နေကြပေပြီ။ အပြောကျယ်သော ပင်လယ်ပြင်အား မကြည့်ဝံ့သော်လည်း မြင်နေရသည့် ငြိမ်းအဖို့ ကြောက်လည်းကြောက်သည်။ လှိမ်းလည်း လှိမ်းနေရပါသည်။ ဟန်မိုကား စကားတစ်ခွန်းမျှမဆို။

မှန်သည်။ ထွက်လာစကတည်းက ဟန်မို စကားမဆိုရှာ၊ ဟန်မိုသည် လှေကလေးကိုလှော်ခတ်ရင်း ပင်လယ်အပြင်ကျယ်ထဲ ဟိုဟိုဒီဒီလှမ်းကာကြည့်သည်။ ငါးဖမ်းစက်လှေသာ စီးစီးကာ ရှာဖွေ





ခြင်းပါ။ ရာသီဥတုသာယာလျှင် ငါးဖမ်းစက်လှေတို့ ငါးဖမ်းသင်္ဘောတို့ ထွက်တတ်ပါလျက် သည်နေ့တော့ဖြင့် ဟန်မို တစ်စီးမှ မတွေ့ပါတကား။

တကယ်ဆို သည်နေရာသည် ငါးဖမ်းစက်လှေတို့ ငါးဖမ်းသင်္ဘောတို့ကို တွေ့ရတတ်သည့်နေရာပါပင်။ သို့သော်လည်း ဂုဏ်တစ်စီးမှမတွေ့သေး၍ ဟန်မို့စိတ်ထဲ စနိုးစနောင့်ဖြစ်နေရလေသည်။ ဟန်မို စိတ်မလျှော့။ လှေကလေးကို ဆက်လှော်ခဲ့သည်။ ထမင်းထုပ်ပါသော်လည်း သူတို့မစားဖြစ်ကြ၊ စကားလည်း မပြောဖြစ်ကြ။

ကောင်းကင်ထက် ဟန်မို မော့ကြည့်မိသည်။ နေသည် စူးစူးတောက်၍မနေ၊ ပြာမရောင် ဖြူမရောင် ကောင်းကင်ထက်၌ နေလုံးကြီးသည် အနည်းငယ်မှေးမှန်နေလေ၏။ ဟန်မို့စိတ်ထဲ အနည်းငယ်ထင့်သွားသည်။

သို့သော်လည်း ဟန်မိုသည် တဲတွေးတစ်ချက်ကိုသာ မျိုချပြီး လှေကို ဆက်လှော်နေလိုက်၏။ အချိန်တို့မည်မျှရှိပြီကို ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



မခန့်မှန်းတတ်၍ ကောင်းကင်ထက်မှ နေလုံးကြီးဆီသာ မော်ကြည့်မိသည်။ နေလုံးသည် ငြိမ်းခေါင်းတည့်တည့်၌ ရှိမနေပါလေ။

ငြိမ်းခေါင်းတည့်တည့်နှင့် သိသိသာသာ စောင်းနေရချေသည် မဟုတ်ပါတကား။ ငြိမ်းသည် ကောင်းကင်ထက် မျက်နှာလေးညိုးကာ မော်ကြည့်နေဆဲ ဟန်မိုသည် လှေကလေးလှော်ခတ်နေရာမှ မျက်ဝန်းအစုံလင်းလက်သွားရချေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ခပ်လှမ်းလှမ်းမှ ပင်လယ်လေတို့နှင့်အတူ စီးမျောလာသော အင်ဂျင်စက်သံလေးနှင့် သင်္ဘောတစ်စီးအား လှမ်းမြင်လိုက်ရသောကြောင့်ပါတည်း။ ရင်ဘယ်ထိခိုက်ရသော်ငြား ဟန်မို ကျေနပ်ရမိပါသည်။ ငြိမ်းအတွက်၊ ချစ်သော ငြိမ်းအတွက်ရယ်ပါ။

ငြိမ်းသည် ပင်လယ်အကြောင်းလည်း နားမလည်၊ ရာသီဥတုအကြောင်းလည်း နားမလည်၊ ငြိမ်း နားလည်နေသည်က ဟန်မိုနှင့် ခွဲခွာရတော့မည့်အချိန်အတွက် ငြိမ်း ဘာကိုမှမမြင်၊ ငြိမ်းသိတ်





များသည် လွင့်မျောနေရလေ၏။

ဟန်မိုသည် သင်္ဘောလေးမြင်နေရသည့် နေရာဆီသို့ လှော်ခတ်သွားသည်။ သူတို့လှေကလေးအား သင်္ဘောလေးကလည်း မြင်ဟန်တူပါ၏။ သင်္ဘောလေးသည် သူတို့ထံ ဦးတည်မောင်းလာနေသည်ကို ဟန်မိုတွေ့လိုက်ရလေသည်။ ဟန်မိုကလည်း လှေကို အားသွန်ခွန်စိုက် လှော်ခတ်သည်။ သင်္ဘောလေးနှင့် တစ်စတစ်စ နီးလာပေပြီ။

ဟင်. .ရေတပ်သင်္ဘောလေး. . .။

အတန်ကြီးနီးလာမှ ငြိမ်းမြင်သည်။ ရေတပ်မှ သင်္ဘောကို မြင်၍ ဟန်မိုသည် ပို၍စိတ်ကျေနပ်သွားရသယောင်ပါ။ သင်္ဘောပေါ်မှ အရာရှိသည်လည်း သူတို့ကို ခပ်ဝေးဝေးကတည်းက မှန်ပြောင်းလေးနှင့် ကြည့်ထားပြီး၍ သိနေပြီဖြစ်ဟန်ရှိပါ၏။

ရေတပ်မှသင်္ဘောနှင့် ဟန်မို့လှေကလေး နီးကပ်လာပြီ။ ဟန်မိုသည် သင်္ဘောနှင့်လှေကလေးကို အလိုက်သင့်ကပ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကူညီပါ၊ သူဟာ မြို့ဇာ ဒုက္ခရောက်နေတဲ့သူပါ"

"ခင်ဗျားကရော လိုက်ပို့တဲ့သူလား. . ."

"ဟုတ်ပါတယ်၊ သူ့ကိုလိုက်ပို့တာပါ. . ."

သဘော်ပေါ်မှ အရာရှိသည် ငြိမ်းတို့အား ကြည့်ကာ မေးနေလေ၍ ဟန်မိုဖြေရသည်၊ ဟန်မိုသည် ကျွန်းသားမို့ စကားပြောယဉ်ကျေးလွန်းခြင်းမရှိပေမယ့် တစ်ဖက်လူဖြင့် နားဝင်သာပါ၏။

"ကဲ. .သရာမိုးကျော်၊ အမျိုးသမီးကို ခေါ်လိုက်ပါ. . ."

အရာရှိက အမိန့်ပေးနေ၍ ဆရာမိုးကျော်သည် ငြိမ်းထံ လက်ကမ်းကာ ခေါ်နေပြီ၊ ငြိမ်းသည် ဟန်မို့ဘက်တစ်ချက်မျှ လှည့်ကြည့်ပြီးနောက် ဆရာမိုးကျော်ထံ လက်ကမ်းကာ သဘော်ပေါ်သို့ တက်သွားလိုက်ပါပြီးတည်း။

"ခင်ဗျားတို့ကလည်း ဘာလို့ ဒီနေ့ထွက်လာရတာလဲ"

"ဒီနေ့ နေသာလို့ပါ ဆရာ. . ."

"မနက်ပိုင်းကအကောင်းပေမယ့် ညနေမှာ မုန်တိုင်းရှိတယ်၊





ကဲ ကဲ ခင်ဗျားလည်း မြန်မြန်သွားတော့. . ."

"အို. .ဟန်မို. . ."

မုန်တိုင်းရှိသည်ဆိုသော အရာရှိစကားကြောင့် ငြိမ်းသည် ဟန်မို့အပြန်ခရီးအတွက် စိုးစိတ်ရင်လေးသွားရပါတော့၏။

"ခင်ဗျားပြန်ရမှာ အတော်ဝေးလား. . ."

"နည်းနည်းတော့ လှမ်းပါတယ်ဆရာ. . ."

"ဒါဖြင့် ခင်ဗျားအချိန်မီမယ်မထင်ဘူး၊ ပြီးတော့ ခင်ဗျားလှေကလည်း လှေကလေးသေးသေးနဲ့၊ ခင်ဗျားပါလိုက်ခဲ့ပါလား"

"ရပါတယ်၊ ကျွန်တော်က အကြောင်းမဟုတ်ပါဘူး ဆရာ၊ သြော်. .ငြိမ်း၊ ရော့. . ."

ဟန်မိုဆိုရင်း လှေလေးကိုအဆင်ပြေအောင် ကပ်ကာ ငြိမ်းထံသို့ စာခေါက်လေးတစ်ခုကို လှမ်းပေးလိုက်လေသည်။ ငြိမ်းသည် မျက်ရည်တို့နှင့် ဟန်မို့ထံမှ စာခေါက်လေးကို လှမ်းယူပြီး ကြည့်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းကြည့်နေဆဲမှာပင် ဟန်မိုသည် ညည်းသူ့ကိုချ နှုတ်မဆက်တော့ဘဲ လေ့လေးကိုခွာကာ ပျော်ခတ်သွားလိုက်ပါတော့သတည်း။ ငြိမ်းသည် သဆောင်းပေါ်မှ အရာရှိများနှင့် တပည့်များရှေ့တွင် မရှက်နိုင်ပါ။ ဟန်မို့ထံ လှမ်းကြည့်ဆဲ မျက်ရည်တို့သည် တာကျိုးသကဲ့သို့ ရှိနေတော့၏။ မျက်ရည်တို့ဖြင့် ဟန်မို့ထံသို့ ငြိမ်းကြည့်နေဆဲမှာပင် . .

"အို ဘုရား . ."

ရုတ်ချည်း မည်းမှောင်လာသော ကောင်းကင်နှင့် ဝိစိခေါ်လာသော အသံသဲ့သဲ့ကို ကြားလိုက်ရ၍ ငြိမ်းသည် ရင်ဆို့ကာ ဘုရားတမိပါတော့၏။ ငြိမ်း လှမ်းမြင်နေရဆဲ ဟန်မို့လှေကလေးသည် ရေပြင်ဝယ် ယမ်းခါလူးလိမ့်၍နေပါပြီ၊

"ဟန်မို . . ."

မကြားနိုင်မှန်းသိသော်လည်း ငြိမ်းသည် ဟန်မို့အား လှမ်းအော်ခေါ်မိလေသည်။ မုန်တိုင်းကား ဆင်လေပြီ။ အရာရှိသည်





သင်္ဘောထဲသို့ ဝင်ရန် ငြိမ်းလက်ကိုဆွဲခေါ်၏။

"ဟန်မို . .ဆရာ . .သူ . .သူ . ."

ငြိမ်းသည် ဟန်မို့အတွက် ဆွေ့ဆွေ့ခါနေရပါလေ၏။

"ကျွန်တော်တို့လည်း သူ့ကိုခေါ်တာပဲဗျာ . ."

အရာရှိက ဆိုသည်။ ဟန်မိုထံ မှန်ပြောင်းနှင့် လှမ်းကြည့်သည်။ မုန်တိုင်းထဲ ဟန်မို့လှေကလေးသည် လူးလိမ့်၍နေ၏။ တစ်ချိုတစ်ချို လှိုင်းလုံးကြီးများဖြင့် လွှမ်းသွားရလေသည်။ သင်္ဘောထဲမှ လူများသည်လည်း သင်္ဘောပဲ့ကိုထိန်းရင်း ရေကြောင်းအတိုင်း မောင်းနှင်နေရပါချေ၏။ ငြိမ်းသည် အရာရှိလက်ထဲမှ မှန်ပြောင်းကို ဆွဲယူပြီး ဟန်မို့ထံ လှမ်းကြည့်မိလေသော် . .

"ဟန်မို . .အင့် . .အဟင့် . ."

ခြင်တွေ့လိုက်ရသော ဟန်မို့မြင်ကွင်းကြောင့် ငြိမ်းကား ယူကျုံးမရ မဖော်ခွမ်းနိုင်သော ထိခိုက်ခြင်းတို့ဖြင့် သတိလစ်သွားလိုက်ရပါတော့သတည်း။

x x x x x



www.burmeseclassic.com

www.burmeseclassic.com



ရုံးတော်သည် ငြိမ်သက်နေတော့၏။ ငြိမ်း၏ ရှိုက်သံလေးသာ တစ်ချိတစ်ချီ လျှင်ထွက်ရလေသည်။ တိတ်ဆိတ်ခြင်းတို့ အတန်ကြာလေမှ တရားသူကြီးက. . .

"ဟန်မို ဆုံးပြီပေါ့. . ."

"ဟုတ်ကဲ့ပါ၊ သူ ဆုံးပါပြီ၊ ပြင်းထန်တဲ့ မုန်တိုင်းထဲမှာ သူ့လှေနဲ့အတူ သူပါနစ်မြုပ်ပျောက်ကွယ်သွားရရှာပါတယ်၊ သူဆုံးရတာလည်း ငြိမ်းအတွက်ကြောင့်ပဲလေ. . ."

"သြော် သနားပါတယ်နော်. . ."

"အေးလေ၊ ဇောဇောကတော့ ဟန်မိုသတ်တယ်လို့ ငါက ထင်နေတာ. . ."

"အေး ငါလည်း အဲဒီလိုပဲ ထင်နေတာ၊ ခုတော့ သူ့ခမျာ သနားစရာပဲ။. . ."

လူတွေ၏စကားသံက ငြိမ်းနားထဲ ရင်နာကြေကွဲလှစွာ ဝင်ရောက်လာသည်။





"ဒိုး. .ဒိုး. . ."

လူများ၏စကားသံတွေ ဆူညံသွား၍ တရားသူကြီးက အချက်ပေးလိုက်ရလေသည်။

"ကဲ. .ဆက်ပါဦး ဒေါ်ငြိမ်းငြိမ်း၊ ဒေါ်ငြိမ်းငြိမ်းကတော့ မြို့ပြန်ရောက်ခဲ့တယ်ပေါ့. . ."

"ဟုတ်ပါတယ်၊ သဘောပါက အရာရှိတွေက ငြိမ်းကို ကောင်းကောင်းဂရုစိုက် ပြုစုကြပြီး အိမ်ကိုအရောက်ပို့ပေးခဲ့ကြပါတယ်. . ."

"ဒေါ်ငြိမ်းငြိမ်းပြန်ရောက်လာတော့ အံ့သြကြမှာပေါ့. . ."

"ဟုတ်ကဲ့၊ ဆွေမျိုးအားလုံးက အံ့သြကြပါတယ်၊ ငြိမ်းတို့ ပစ္စည်းတွေနဲ့ ဦးအေးမြင့်နဲ့ဒေါ်ဒေစီတို့ကတော့ ကောင်းကောင်း စံစားနေကြတဲ့အကြောင်းတွေ ငြိမ်းကိုပြောပြပါတယ်. . ."

"ဒေါ်ငြိမ်းငြိမ်းက ဒေါ်ငြိမ်းငြိမ်းသိတဲ့အကြောင်းတွေကို မြို့က ဆွေမျိုးတွေကို မပြောပြခဲ့ဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"မပြောပြခဲ့ပါဘူး. . ."

"ဘာဖြစ်လို့လဲ. . ."

"မပြောပြချင်လို့ပါ၊ အဲဒီတုန်းက စကားပြောချင်စိတ်တွေ ငြိမ်းမှာမရှိလို့ပါ၊ ငြိမ်းရန်ကုန်ပဲ ပြန်ချင်နေတယ်. . ."

"ဒေါ်ငြိမ်းငြိမ်း ရန်ကုန်ပဲ ပြန်ခဲ့တယ်ပေါ့. . ."

"ဟုတ်ကဲ့၊ ငြိမ်း ရန်ကုန်ကို နောက်တစ်နေ့မှာပဲ ပြန်သွားလိုက်ပါတယ်. . ."

"အင်း ဆက်ပါဦး၊ ရန်ကုန်ရောက်တော့ ဒေါ်ငြိမ်းငြိမ်း ဘာတွေလုပ်သလဲ. . ."

"ဟုတ်ကဲ့. ငြိမ်း ပြောပါ့မယ်. . ."



– နှစ်ဆယ့်တစ် –

ရန်ကုန်သဘောဆိပ်သို့ ရောက်သည့်တိုင် ငြိမ်းသည် မည်သူနှင့်မျှ မဆက်သွယ်ပါ။ ကားတစ်စီးငှားပြီး ငြိမ်းသည် လုပ်ငန်းတွေဆီ အရင်ရှေ့ဆုံးကြည့် အကဲခတ်ပါသည်။

ငြိမ်းမိဘများလက်ထက်ကတည်းက အောင်မြင်နေသော လုပ်ငန်းတစ်ချို့သည် နေ့ချင်းညချင်းဆိုသလို ပျက်စီးယိုယွင်းကုန်ပြီကို ငြိမ်းမြင်တွေ့ခဲ့ရသည်။ ကုမ္ပဏီလုပ်ငန်းသည်လည်း မှေးမှိန်နေ၏။ ကုမ္ပဏီတွင် ဦးအေးမြိုင်အား မိန်းမတစ်ယောက်နှင့် ငြိမ်းတွေ့ရ၏။

ဦးအေးမြိုင်သည် မိန်းမရှုပ်သူ၊ သစ္စာမရှိသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အရင်ကကည်းက. ငြိမ်း ပြောသံကြားဖူးခဲ့သည်၊ ယခုတော့ ငြိမ်း မျက်မြင်တွေ့ရပြီ။ ကိစ္စမရှိ၊ သည်အပိုင်းသည် ငြိမ်းနှင့်မဆိုင်၊

ငြိမ်း အိမ်သို့ပြန်လာခဲ့သည်။ အိမ်ပြန်လာသည် ဆိုသော်လည်း ငြိမ်းသည် တိတ်တဆိတ် ဝင်ရောက်ခဲ့ခြင်းပါ၊ ငြိမ်းတို့ ခြံကြီးနှင့် တိုက်ကြီးကတော့ မပြောင်းလဲ။ လပသစ်လွင်ဆဲ ရှိပါ၏။ ဆင်ဝင်အောက်၌ ကားတစ်စီးရပ်ထားသည်ကို ငြိမ်း တွေ့ရသည်။

ပြတင်းတစ်ခုမှ တိုက်ထဲချောင်းကြည့်လိုက်တော့ မည်သူ့ကိုမျှ မတွေ့ရ။ လူရိပ်လူယောင်နှင့် လူသံတွေမကြားရသဖြင့် ငြိမ်း တိုက်ထဲဝင်ခဲ့သည်။ အောက်ထပ်မှ စာကြည့်ခန်းထဲကို သွားမည်ပြုဆဲ အခန်းတစ်ခုမှ စကားသံသဲ့သဲ့ကို ကြားလိုက်ရ၍ ခြေကိုပွတာ ငြိမ်း သွားရောက်ချောင်းကြည့်လိုက်သည်တွင်. . .

ဒေါ်လေးဒေစီ၊ သူစိမ်းယောကျ်ားတစ်ဦးနှင့် ဒေါ်လေးဒေစီ။ ဒေါ်လေးသည် ငြိမ်းမေမေနှင့် အနေအထိုင် အပြောအဆိုတွေ လုံးလုံးမတူပါလေ။ ဒေါ်လေးသည်လည်း တရိစ္ဆာတန်သော၊ ရှုပ်ထွေးလှသော မိန်းမတစ်ယောက်ဖြစ်ကြောင်း အတုတူနေလာခဲ့သည့် ငြိမ်းသိသည်ပါ၊

ဒေါ်လေးသည် လျှပ်ပေါ်လော်လီသည်၊ မေမေနှင့်တော့ တခြားစီ။ တကယ်တော့လည်း မေမေနှင့် ဒေါ်လေးဒေစီသည်





ညီအစ်မအရင်းမဟုတ်၊ ဒေါ်လေးက မွေးစားသမီး။ ငြိမ်းမေမေ၏မိခင်က ယခင်က အိမ်ဖော်လေးတစ်ယောက် ခေါ်လားရာမှ ရိုးသားအေးချမ်းသော အိမ်ဖော်လေးအား မွေးစားလိုက်ခြင်းဖြစ်သည်။

သမီးအဖြစ်မွေးစားပြီးနောက် အိမ်တွင်အစဝင်အထွက်ရှိသူတစ်ယောက်နှင့် ငြိရာမှ ဒေါ်လေးဒေစီကို ရလာခြင်းပါ။ ဟိုလူကလည်း သူ့တာဝန်သူမယူ၊ ခြေရာဖျောက်၍သွားသည်။ ဒေါ်လေးဒေစီ၏မိခင်မှာ ဒေါ်လေးကိုမွေးပြီး မီးတွင်းထဲ၌ပင် ဆုံးသွားသည်။

သည်တော့ သားသမီးနည်းသော ဘွားဘွားတို့ကပင် မွေးစား၍ မေမေနှင့် ညီအစ်မဖြစ်ရခြင်းပါ။ သြော်. .ဒေါ်လေးဒေစီကား မိဘတို့၏ ဗီဇနှင့်စရိုက်ဆိုးတွေပင် ပါလာသလား။ သို့မဟုတ် သူ့မွေးရာပါ ဗီဇနှင့် စရိုက်ဆိုးညဉ်ပေလားမသိ။

ဘိုးဘိုးဘွားဘွားတို့ မရှိသည့်နောက်ပိုင်း ကျေးဇူးရှင်အစ်မ၏ မိသားစုတစ်စုလုံးကိုပင် ရက်စက်စွာသတ်ဖြတ်၍ ပစ္စည်းဥစ္စာတို့ အပိုင်ကြံတတ်ပလေသူပေတကား။

"အို. .ကိုအောင်ကလည်း မနက်ဖန်တော့ ဒေစီမအားဘူး"

"မအားရအောင် ဘယ်သွားမှာမို့လဲကွာ. . ."

"မနက်ဖြန် ဟိုလူ့အားမြင်နဲ့ ဒေစီ ပဲခူးသွားစရာရှိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသွားလုပ်မှာလဲ၊ ဘယ်အချိန်သွားမှာလဲ. . ."

"အလုပ်ကိစ္စပဲပေါ့၊ နေက်ရှစ်နာရီလောက်သွားမှာ၊ အလုပ်ကိစ္စတွေပြတ်မှ သူနဲ့လမ်းခွဲရမှာမဟုတ်လား"

"ဟွန်း . .သူက ဒေစီ့ပစ္စည်း ငွေကိုတော့ အပိုင်ကြံနေတာ"

"အင်း . .ဒေစီကလည်း သူ့အကြောင်းတွေ၊ သူ့ခြေလှမ်းတွေသိလို့ သူနဲ့လမ်းခွဲမှာ. . ."

"ကဲကွာ၊ ဒါတွေပြောမနေနဲ့၊ လုပ်ရောင်းတာတွေသာ ဒေစီ အမြန်ဆုံးလုပ်၊ ပြီးရင် ကိုအောင်နဲ့ဒေစီတို့ အတူနေကြမယ်၊ အဲ ဒါပေမယ့် မနက်ဖန် ဒေစီပဲခူးသွားမယ်ဆိုတော့ ကိုအောင် ပျင်းနေ လိမ့်မယ်၊ ဒီတော့ ကိုအောင့်အတွက် တစ်ခုထားပေးသွားကွာ၊ ကိုအောင် ဟိုအဖွဲ့တွေနဲ့ အပျင်းသွားဖြေလိုက်မယ်နော်. . ."

"ကိုအောင်ကလည်း အမြဲတမ်း တစ်သိန်း တစ်သိန်းပဲ တောင်းနေတော့တာပဲ၊ ဒေစီကယူ အေးမြင့်ကယူနဲ့၊ လုပ်ငန်းထဲက ငွေတွေတောင် မရှိသလောက်ဖြစ်နေပြီ၊ တစ်ချို့လုပ်ငန်းတွေကို ဖျက်ပစ်ရပြီ. . ."

"ဒါတွေပြောမနေနဲ့ကွာ၊ ကိုယ့်ကို ဒေစီမပေးနိုင်ဘူးလား"

"ကဲ ကဲ ကိုအောင့်စိတ်တိုင်းကျပါဘဲ့ရှင်၊ ပေးပါမယ်၊





ဒါပဲနော်၊ ဒေစီ့ဆီကငွေတွေတောင်းပြီး ရှုပ်ရှုပ်၊ ရှုပ်ရှုပ်လုပ်မယ် မကြံနဲ့နော်. . ."

"အမယ်၊ ဒေစီကသာ မရှင်းတာဗျာ၊ မိန်းမကိစ္စတွေတော့ ကိုအောင့်မှာ ရှင်းမှရှင်းပဲ. . ."

"မယုံပါဘူးနော်. . ."

"မယုံရင် ကဲ. . ."

ငြိမ်းသည် ထိုအခန်းရှေ့မှ ခြေကိုဖွကာ ထွက်ခဲ့လိုက်ပါ တော့၏။ ငြိမ်းသည် ဒေါ်ဒေစီနှင့် ဦးအေးမြင့်တို့ ဘယ်သွားမည် ဘယ်လာမည်ကို သိထားပြီမို့ ခြံထဲမှ ပြန်ထွက်ခဲ့လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

## – နှစ်ဆယ့်နှစ် –

ဦးအေးမြိုင်မောင်းလာသော ကားလေးသည် ပဲခူးသွားလမ်းတွင် လျှင်မြန်နှုန်းဖြင့် ပြေးနေပါလေ၏။ ငြိမ်းသည် ကားနောက်ဖုံးလေးထဲတွင် ရှိနေပါသည်။ ကားနောက်ဖုံးထဲ နေနေရသည်မို့ ရှေ့မှ ဦးအေးမြိုင်နှင့်ဒေါ်ဒေစီတို့ ပြောဆိုနေသည့် စကားတွေကို ငြိမ်းမကြားရပါ။

သူတို့ပြောသည့် စကားတွေကို ငြိမ်း ကြားလည်းမကြားချင်ပါ။ စိတ်လည်းမဝင်စားပါ။ ငြိမ်းအတွက်က သူတို့နှင့်တွေ့ဖို့၊ သူတို့အကြောင်းတွေဖော်ထုတ်ကာ သူတို့ကို ဥပဒေအရ ဖမ်းဆီးရဖို့၊ ဥပဒေလက်တွင်း သူတို့ကိုအပ်ရန်သာ ငြိမ်းတွင် အကြံရှိနေရပါ၏။





"ဒုတ်. .ဒုတ်. .ဒုတ်. . ."

"ဟော. .ဖြစ်ပြီ. . ."

ငြိမ်း စိတ်ထဲတွေးကာ ဝမ်းသာသွားသည်။ ကားသည် မောင်းနေရာမှ ဆတ်ခနဲဆတ်ခနဲ ဖြစ်နေရပြီမဟုတ်ပါလား။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်းသည် သူတို့အပြည့်ထားသည့် ဓာတ်ဆီကို ညကတည်းက တိတ်တဆိတ် လာရောက်ခိုးထုတ်ထားပြီး ရေနှင့်ရောထားခဲ့သည် မဟုတ်ပါတကား။

အပေါ်မှ ဓာတ်ဆီကုန်ခါနီးတွင် အောက်မှရေလိုက်လာပြီမို့ ဆီမလိုက်၍ ကားမောင်းနေရာမှ ထိုးရပ်သွားရလေပြီဖြစ်၏။ ကားရပ်သွားသည်နှင့် ငြိမ်း နားစွင့်လိုက်သည်။

"ဘာဖြစ်တာလဲ ကိုအေးမြိုင်. . ."

"ဆီပိတ်သလားမသိဘူး. . ."

"ဟင် ဆီအပြည့်ရှိတာပဲ. . ."

"ဆီအပြည့်ရှိတာနဲ့ မဆိုင်ပါဘူး. . ."

စကားသံတွေ ငြိမ်းကြားရသည်။ ကားတံခါးဖွင့်သံနှင့် ပိတ်သံတွေကို နားထောင်ပြီး ကားပေါ်မှ နှစ်ယောက်လုံးဆင်းလိုက်ကြောင်း ငြိမ်းသိသည်နှင့် ကားနောက်ဖုံးထဲမှ ငြိမ်းလည်းဆင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလေတော့၏။

"ဟင်. . ."

"ဟင်. . ."

သူရဲသဘက်တွေ့လိုက်ရသည့်အလား ဦးအေးမြိုင်နှင့် ဒေါ်ဒေစီတို့သည် မျက်နှာတို့ သွေးဆုတ်ပြုံးလျော့သွားကြလေ၏။

"အဟင်း. .အံ့ဩသွားလား. . ."

ငြိမ်းသည် ပြုံးပြုံးပင်။

"ငြိမ်း. . ."

"ငြိမ်း. . ."

သူတို့ ငြိမ်းကိုကြည့်ကာ ကတုန်ကရင်ခေါ်သည်။

"ဟုတ်ကဲ့ ငြိမ်းပါ၊ မှတ်မိကြသားပဲ. . ."

ငြိမ်းသည် လက်ထဲမှ အဖေလိုင်စင်နှင့်ကိုင်သည့် သေနတ်ကလေးကို ကိုင်ထားသည်မို့ ဦးအေးမြိုင်နှင့် ဒေါ်ဒေစီတို့မှာ အပြင်သို့ မျက်လုံးများထွက်မတတ် ရှိနေကြရပါချေ၏။

"ကဲ. .ဦးအေးမြိုင်. .ကားအဖုံးကိုပြန်ဖုံးပြီး ရှင်တို့ကားထဲ ပြန်ဝင်လိုက်ကြပါ. . ."

ငြိမ်းအမိန့်ပေးသည်။





ငြိမ်းလက်ထဲမှ မည်းမည်းအရာလေးကြောင့် သူတို့ ငြိမ်းအမိန့်ကို နာခံကြ၏။ အားလုံး ကားထဲပြန်ဝင်လိုက်ကြသည်။

"ကားမှန်တွေတင်လိုက်. . ."

ငြိမ်းဆိုသဖြင့် မှန်အနက်တွေကို အလုံပိတ်လိုက်ကြသည်။ အပြင်မှမမြင်နိုင်တော့၊

"ကားကို တောထဲနည်းနည်းမောင်းလိုက်ပါ ဦးအေးမြိုင်၊ အေးအေးဆေးဆေး စကားပြောတာပေါ့. . ."

ငြိမ်းအမိန့်ကို တသွေမတိမ်း ဦးအေးမြိုင် နာခံသည်။ ဒေါ်ဒေစီကား သွေးပျက်နေဟန်ရှိ၏။

"တော်ပြီ ရပ်တော့. . ."

ကားရပ်သွားသည်။

"ရှင်တို့ ငြိမ်းဘက်လှည့်လိုက်ပါ. . ."

သူတို့မျက်နှာတွေ ငြိမ်းဘက်လှည့်လာကြသည်။ ငြိမ်းသည် မှုန်းတီးစွာဖြင့် မရယ်မပြုံး သူတို့ကိုစေ့စေ့ကြည့်ပြီး. . .

"ရှင်တို့အကြံတွေက ပိုင်ပါတယ်၊ အကြံတွေ ပက်စက်သလောက် ပိုင်ပါတယ်လေ၊ ကျုပ်တို့မကျန်အောင် ရှင်တို့ရှင်းတာပါပဲ၊ ဒါပေမယ့် ကျုပ်တို့ကျန်နေတယ်၊ ဟောဒီမှာ ဒေါ်ဒေစီ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပစ်ခဲ့တဲ့ စားဒဏ်ရာလေ. . ."

အကျီလက်ပြတ် ဘမင်ဝတ်ထားသည့် ငြိမ်းသည် လက်မောင်းမှ စားဒဏ်ရာကို အနည်းငယ်ပြလိုက်သည်။ ဦးအေးမြိုင်သည် စကားမဆို၊ အခြေအနေကို စောင့်နေဟန်ရှိ၏။ ငြိမ်းအလစ်ကို ချောင်းနေဟန်ရယ်ပါ။ ဒေါ်ဒေစီက. . .

"ငြိမ်း. .တူမလေး၊ သမီးရယ်. .ခုချိန်မှာ ဒေါ်လေးနဲ့တူမလေးသာ ရှိတော့တာပါကွယ်၊ ဒေါ်လေးကလည်း ဒီလူအွယ်လို့ပါ၊ ဒေါ်လေးကို ခွင့်လွှတ်ပါကွယ်၊ အီး. .ဟီး. . ."

"ငြိမ်း ဘယ်လိုနှလုံးသားနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူး၊ ရှင်ဟာ ရွေးစားသမီးပီပီ အကြံပက်စက်တယ်၊ သစ္စာမရှိတဲ့မိန်းမ. . ."

"ကျေးဇူးရှင်တွေကို စော်ကားတဲ့မိန်းမယာတ်၊ ဒီတော့ ရှင်ဟာလည်း ဘယ်သောအခါမှ လူကောင်းသူမွန်တွေနဲ့ တွေ့ရလိမ့်မယ် မထင်နဲ့၊ ဦးအေးမြိုင်လို အောက်ပြန်နေကဲ့ လူမျိုးတွေနဲ့ပဲ ရှင်တွေ့နေရမှာပဲ၊ ရှင့်ရဲ့ကိုအောင်ဆိုတာလည်း သစ္စာမရှိတဲ့ အောက်ပြန်တဲ့ လူပဲ. . ."

"ရှင်တို့အကြောင်းတွေကို မနေ့ကတည်းက ကျွန်မအကျွန်





မြင်ပြီးပြီ၊ သိပြီးပြီ၊ ဒါကြောင့် ရှင်တို့ ဒီနေ့ပဲခူးထွက်မယ်ဆိုတာ ကျွန်မသိလို့ .ခေတ်ဆိုနဲ့ရေနဲ့ချောသားလိုက်တာ. . ."

ငြိမ်း စကားပြောဆဲ ဦးအေးမြိုင် လှုပ်ရှားမည်ပြင်သည်။

"ဦးအေးမြိုင် .နည်းနည်းမှလှုပ်ရှားမယ် မကြံနဲ့နော်၊ ကျွန်မက သေလူဖြစ်နေပြီးသား၊ ရှင်တို့သာ စည်းစိမ်ပေါ်မှာ စံစားနေတဲ့သူတွေ၊ ဥပဒေကိုရင်ဆိုင်မယ်ဆိုရင် ရှင်တို့ပိုသက်သာ. . ."

"ခိုင်း. . ."

"အင့်. . ."

"ခိုင်း. . ."

"အင့်. . ."

ငြိမ်း စကားပင်မဆုံး။ မှုန်နေသော ဦးအေးမြိုင် ငြိမ်းကို ရမ်းကားခုခံလာ၍ လက်ထဲမှ ကျည်တစ်တောင့်သည် ဦးအေးမြိုင်၏ ဝဲတက်ရင်အုံတွင်းသို့က ခုန်ထွက်သွားလိုက်ရပါတော့၏။ အင့်ခနဲမြည်ကာ ဦးအေးမြိုင် နောက်လှန်ပစ်ကျသွားသည်။

ယောင်တိယောင်တောင်ဖြင့် သွေးပျက်နေလေဟန်ရှိသော ဒေါ်ဒေစီသည်လည်း ငြိမ်းအား ခုခံရန် တစ်ပြိုင်တည်း လှုပ်ရှားလေသည်။ ငြိမ်းသည် ဦးအေးမြိုင်နှင့်တစ်ဆက်တည်း ဒေါ်ဒေစီကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထည့်လိုက်ရပါတော့၏။

တစ်ချက်တည်းနှင့် ဒေါ်ဒေစီသည်လည်း ဦးအေးမြင့်ကဲ့သို့ နောက်ဘက်သို့ လန်ဆင်းသွားလိုက်ပါ၏။ ငြိမ်းလက်ထဲမှ ပစ္စတို လေးသည် ယမ်းငွေ့နှင့်တလူလူထွက်နေလေ၏။

ဦးအေးမြင့်နှင့် ဒေါ်ဒေစီတို့၏ ရန်းရင်းဆန်ခတ် နုခံတိုက် ခိုက်မှုဖြစ်သွားရသည်ကို ငြိမ်းကျေနပ်၏။ သူတို့ကို ငြိမ်းလက်နှင့် ကိုယ်တိုင်သတ်လိုက်ရသည် မဟုတ်ပါတကား။

♡ ♡ ♡



– နှစ်ဆယ့်သုံး –

"စီရင်ချက်ချမယ်. . ."

တရားသူကြီး၏စကားသံ ပေါ်လာ၏။ စစ်ဆေးကြားနာ ပြီးသော ငြိမ်းအမှုအတွက် ဒီနေ့စီရင်ချက်ကိုချသည်။ ငြိမ်းအမှုတွင် တရားခံသာရှိသည်။ ငြိမ်းကိုယ်တိုင် ဖြောင့်ချက်ပေးပြီး လာရောက် ကာ အဖမ်းခံသောအမှု၊ တိတိကျကျ၊ မှန်မှန်ကန်ကန်နှင့် မြန်မြန် ဆန်ဆန်ပင် ငြိမ်းအမှုကို ဆောင်ရွက်ကြသည်။

သို့ဖြစ်၍ ဒီနေ့သည် ငြိမ်းအတွက် စီရင်ချက်ချမည့်နေ့ ဖြစ်နေရပါချေ၏။ ငြိမ်းသည် မကြောက်ပါ၊ မရွံ့ပါ၊ မတုန်လှုပ်ပါ။ တစ်ရုံးလုံးသည် တိတ်ဆိတ်ငြိမ်သက်နေလေ၏။

ထိုအချိန်၌ ငြိမ်းသည် ဘာအကြောင်းအရာ တစ်စုံတစ်ခု ကိုမျှ မတွေး၊ နူတ်ခမ်းလေးစေ့ကာ ငြိမ်းစိတ်သွေကို အတည်ငြိမ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်ခဲ့သည်။

"အဟာမ်း. . ."

စီရင်ချက်ချတော့မည့် တရားသူကြီး၏ ချောင်းဟန့်သံ လည်ချောင်းရှင်းသံကို ငြိမ်းကြားရသည်။

"(× × ×)စနေနေ့မှ ဒေါ်ငြိမ်းငြိမ်း ကျူးလွန်ခဲ့သော အမှုအတွက် စီရင်ချက်ကို ဖတ်ကြားပါမယ်. . ."

စိတ်ဝင်စားလွန်း၍ လူတို့သည် ငြိမ်သက်နေလေ၏။ ငြိမ်းသည် တရားသူကြီး ဖတ်ကြားနေသော စီရင်ချက်အား ကြားတစ်ချက် မကြားတစ်ချက်ရယ်၊

ငြိမ်းမျက်လုံးထဲ မြင်နေသည်က ပင်လယ် လှိုင်းတံပိုးတို့နှင့် ပင်လယ်ရေအောက်ထဲ လှေငယ်လေးနှင့်အတူ နစ်မြုပ်ပျောက်ကွယ်သွားသော ချစ်သူဟန်မိုပါ။

တစ်သက်လုံး ငြိမ်း မေ့ပျောက်၍ရနိုင်သော မြင်ကွင်းရယ်ပါ။

ငြိမ်း. . .

မင်းကိုချစ်လွန်းလို့ မင်းအလိုကို ငါ ဖြည့်စွမ်းနိုင်သမျှ ဖြည့်စွမ်းပါတယ်၊ ငါ့ရင်တွေကွဲနေတယ် ငြိမ်း။ မင်းကိုတော့ မသိ





စေချင်ပါဘူး၊ ဒါပေမယ့် မင်း သိချင်သိမှာပါ၊ သိပေမယ့်လည်း မင်းက ဟန်ဆောင်နေလိမ့်မယ်။

ငါကိုယ်ငါသိပါတယ်၊ ငါဟာ တေသား၊ ပညာမတတ် တမတတ်တဲ့ငါဟာ ငြိမ်းလိုမြို့ကြီးပြကြီးက ပညာတတ် သူဌေးသမီးနဲ့ မတန်ပါဘူး၊ ငြိမ်း ငါ့ကိုမချစ်ဘူးဆိုတာ ငါသိတယ်၊ ငြိမ်း ငါ့ကို ဟန်ဆောင်ချစ်ပြခဲ့တယ်ဆိုတာ ငါ နားလည်တယ်. . .။

အဲဒီမင်းရဲ့ဟန်ဆောင်အချစ်ကိုပဲ ငါဟာအသက်နဲ့ထပ်တူ မြတ်နိုးနေရမယ့်ကောင်ပါ ငြိမ်း၊ မင်း ငါ့ကိုမချစ်တာ မှန်ပါတယ်၊ နည်းလမ်းကျပါတယ်၊ ငါဟာ မင်းဘဝနဲ့ အရှာရှာဆန့်ကျင်နေတဲ့ သူပါ. . .။

ဒါပေမယ့် ငြိမ်းရယ်၊ မင်းကိုတော့ ငါချစ်တယ်၊ မင်းကို လေ ငါ့တစ်ဘဝလုံးသတိရနေမယ်၊ မင်း ငါ့ဆီ ပြန်လာမယ်ဆိုတာ မင်း ငါ့ကိုနှစ်သိမ့်သွားတာ၊ ဒါပေမယ့် ငါကတော့ မင်းလာရာလမ်းကို စောင့်နေမယ်။

မင်းရှိရာအရပ်ကိုတော့ ငါမလာဝံ့တာအမှန်ပါ၊ ငါမလာဝံ့တာကိုလည်း မင်းသိမယ်၊ ဒါကြောင့်လည်း မင်းကငါ့ကို စောင့်ရှာ ဆိုတဲ့စကား ပြောသွားတာမဟုတ်လား။ ငါသိပါတယ်၊ မင်းဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ငါ့ဆီပြန်မလာတော့ဘူးဆိုတာ ငါသိတယ်။

ရပါတယ် ငြိမ်း၊ ပျော်သလို မင်းနေပါ၊ ဒါပေမယ့် ငါကတော့ မင်းကိုချစ်လျက်စောင့်နေမယ်၊ မင်းမလာတော့မှန်း သိလျက်နဲ့ မျှော်နေမိတယ်။

ငြိမ်းကိုသိပ်ချစ်တဲ့ ဟန်မို. .

ရေတပ်သင်္ဘောပေါ် ငြိမ်းတက်စဉ်တုန်းက ဟန်မို ပေးလိုက်သည့် စာလေးရယ်ပါ။ ငြိမ်းအကြိမ်ကြိမ်ဖတ်ပြီးခဲ့သည့် စာလေး၊ ငြိမ်းအလွတ်ပင် ရနေသည့် ဟန်မို့စာလေး၊

စာလုံးပေါင်းလေး မမှန့်တမှန်၊ လက်ရေးလေးတွေ မညီ တညီနှင့် ဟန်မို ဘယ်အချိန်က ရေးလိုက်မှန်းမသိသည့် စာလေး။ ငြိမ်း ဖတ်ပြီးငိုခဲ့ရသည်။

ဟိုမြို့မှာပဲ သုံးလေးခါ၊ ရန်ကုန်ပြန်လာစဉ် သင်္ဘောပေါ်မှာ လည်း အခါခါ။

အခါခါဖတ်၊ အခါခါငိုခဲ့ရသည်။ နုလည်း ငြိမ်း နားထဲ ကြားယောင်ဆဲ၊ ငြိမ်းမျက်ရည်တွေ ကျလာသည်။

ငြိမ်းအနီးမှာ သူကိုယ်တိုင် ပြောနေသလို ငြိမ်း ခံစားရသည်။

"ဒေါ်ငြိမ်းငြိမ်းသည် ဦးအေးမြင့်နှင့် ဒေါ်အေးစီတို့အား





သတ်ရန် ကြံစည်ရည်ရွယ်ခြင်းမရှိ၊ ခုခံကာကွယ်သည့်အနေ ဖြင့်သာ သဘောသက်ရောက်ကာ ပစ်သတ်လိုက်ရခြင်း ဖြစ်သော ကြောင့် ပုဒ်မ(၃၀၄)ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်ခြောက်နှစ် ကျခံ စေရန် ရုံးတော်မှ ပြစ်ဒဏ်ချမှတ်လိုက်သည်. . ."

တရားသူကြီး၏ စီရင်ချက်စာ ဆုံးပေပြီ။

"ဟယ်. .ခြောက်နှစ်တဲ့. . ."

"ခြောက်နှစ်ကျသွားရှာတယ်. . ."

ငြိမ်းစိတ်တို့သည် ပျံ့လွင့်နေသည်မို့ တရားသူကြီး နောက်ဆုံးစီရင်ချက်အသံနှင့် လူတွေ၏တီးတိုး ကရုဏာစကားသံ တို့ကိုသာ ကြားလိုက်၏။

ငြိမ်း ကျေနပ်ပါသည်။

ငြိမ်း အလွန် ကျေနပ်ပါသည်။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com

— နှစ်ဆယ့်လေး —

*ငါကိုယ်ငါသိပါတယ်၊ ငါဟာ တောသား၊ ပညာမတတ် စာမတတ်တဲ့ငါဟာ ငြိမ်းလိုမြို့ကြီးပြကြီးက ပညာတတ် သူဌေးသမီးနဲ့ မတန်ပါဘူး၊ ငြိမ်း ငါ့ကိုမချစ်ဘူးဆိုတာ ငါသိတယ်၊ ငြိမ်း ငါ့ကို ဟန်ဆောင်ချစ်ပြခဲ့တယ်ဆိုတာ ငါ နားလည်တယ်. . .။*

*အဲဒီမင်းရဲ့ဟန်ဆောင်အချစ်ကိုပဲ ငါဟာအသက်နဲ့ထပ်တူ မြတ်နိုးနေရမယ့်ကောင်ပါ ငြိမ်း၊ မင်း ငါ့ဆီပြန်လာမယ်ဆိုတာ မင်း ငါ့ကိုနှစ်သိမ့်သွားတာ။*

*ငါသိပါတယ်၊ မင်း ငါ့ဆီကို ဘယ်တော့မှ ပြန်မလာတော့ ဘူးဆိုတာ၊ မင်းမလာတော့မှန်း သိလျက်နဲ့ မင်းကို ငါမျှော်နေ မယ်. . .။*





*ငြိမ်းကိုသိပ်ချစ်တဲ့ ဟန်မို. .*

ငြိမ်းအနီးမှာ ကိုယ်တိုင်လာပြောနေသလိုပါပဲလား။ ယနေ့ ထက်တိုင် ဟန်မိုပေးလိုက်သော စာလေးကို ငြိမ်း မမေ့။ မမေ့နိုင်။

ထိုစာလေးသည် ငြိမ်းအတွက် သက်ထက်ဆုံးတိုင်ပါ။ ရန်ကုန်မြစ်ပြင်မှ တိုက်ခတ်လာသောလေတို့သည် မိုးဖွဲကလေးတွေ ကိုပါ ချီသယ်လာ၏။ ကားပြတင်းပေါက်အဒ္ဓမှကာ ရန်ကုန်မြစ်ပြင်ဆီ ငေးကြည့်နေသော ငြိမ်းသည် မျက်ရည်မြစ်လေးနှစ်သွယ် ဖြစ်ထွန်းကာ နေလေ၏။

လေပြင်းတို့သယ်ဆောင်လာသော မိုးစက်ကလေးများသည် ငြိမ်းမျက်ရည်လေးတွေနှင့် လာရောက်ပူးပေါင်းကြသည်။ မျက်ရည် တို့ ယိုစီးလျက် ငြိမ်းသည် ဝန်းကျင်အား မေ့လျော့နေဟန်ရှိပါ၏။

မိုးဖွဲကလေးများမှသည် မိုးရေစက်ကလေးများ ငြိမ်း မျက်နှာဆီ ထိတွေ့လာလေမှ ငြိမ်းသည် ကပျာကယာ သားကိုသတိရကာ လှမ်းကြည့်လိုက်ပြီး. . .

"အို. .သားလေး၊ မိုးစက်တွေကျလာပြီလေကွယ်၊ လာ လာ ကားထဲဝင်တော့နော်. .။"

ကားပေါ်မှဆင်းကာ ငြိမ်းသည် ခလုံးလေးများ ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကစားနေသည့် သားလေးအား ပွေ့ချီကာ ကားထဲခေါ်သွင်းခဲ့ရပါလေ၏။

ကားထဲရောက်သည်တွင် ငြိမ်းသည် သားလက်ကလေးတွေကို သုတ်ပေးပြီး ခေါင်းမှရေတွေကို လက်ကိုင်ပုဝါလေးနှင့် ဖွဖွသုတ်ပေးရင်း သားကိုငြိမ်းကြည့်မိသည်။ ငြိမ်း ချစ်ရပါသော သား။ ဖခင်ကိုယ်စားပါ ပိုချစ်ရပါသော သား၊ ငြိမ်း၏သားလေး။ ငြိမ်း၏တစ်ဦးတည်းသော သားလေး။

"ဟန်ငြိမ်း. . ."

ငြိမ်းနာမည်နှင့် ချစ်ရပါသော ဟန်မို့နာခည်လေးပါ ပေါင်းပြီး သားအမည်အား 'ဟန်ငြိမ်း'ဟု ငြိမ်းပေးထားသည်။

ဩော်. .ဘာလိုလိုနှင့် သားလေးပင် လေးနှစ်တင်းတင်း ပြည့်ခဲ့လေပြီတကား။ သားလေးကို အပြစ်ဒဏ်ကျခံနေရစဉ် ထောင်ထဲ၌ပင် ငြိမ်း မွေးဖွားခဲ့သည်။ ငြိမ်းသည် အပြစ်ဒဏ်ကို အပြည့်အဝ မခံခဲ့ရ။ လွတ်ငြိမ်း ချမ်းသာခွင့် ကံအားလျော်စွာ ဆုံစည်းခဲ့ရလေ၍ ငြိမ်းသည် ထောင်ထဲတွင် သုံးနှစ်နီးပါး နေခဲ့ရသည်။

ထောင်ကလွတ်သည်တွင် ငြိမ်းသည် မိဘများ၏ စီးပွားရေးကို လက်လှမ်းမီသလောက် ပြန်လုပ်ယူခဲ့သည်၊ ယခုဆော့လည်း





ငြိမ်းအနေဖြင့် အချိန်တိုအတွင်းမှာပင် လုပ်ရည်ကိုင်ရည်လေး အကျင့်ရ၍ နားလည်တတ်ကျွမ်းခဲ့ရပါပြီလေ၊

ညနေဘက်အလုပ်တွေပြီးချိန်ဆိုလျှင် ငြိမ်းသည် သားကို ခေါ်ကာ ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်းသို့ ကားလေးနှင့် ရောက်လာနေကြရယ်ပါ။ သည်အလုပ်က ငြိမ်းအတွက် နေ့စဉ်ရယ်လေ။

ချစ်သော ခင်ပွန်းဟန်မိုကို ငြိမ်းလွမ်းသည်။ မြစ်ရေပြင်ကို ကြည့်နေရခြင်းဖြင့် ချစ်ခင်ပွန်းအား အလွမ်းပြေရယ်မို့ပါ။ ငြိမ်းတို့ သားအမိ ကားထဲတွင်ရှိနေဆဲ မိုးနှင့်လေသည်လည်း သဲမဲစွာ ရွာချလာ၏၊ ငြိမ်းသည် ကားတံခါးတို့ကိုပိတ်၍ ကားထဲ၌ပင် နေနေသည်၊ ငြိမ်းမပြန်သေး။ နေ့စဉ်လို အတန်ကြီးမိုးချုပ်မှသာ ငြိမ်း အိမ်ပြန်လေ့ရှိသည်၊

"မေမေ. .မေမေ၊ ဟိုမှာကြည့်ပါဦး၊ လှေကလေးတစ်စင်း မြုပ်တော့မယ်. . ."

စိုးရိမ်ဟန်ဆိုရင်း သားလေးညွှန်ပြရာ မြစ်ပြင်ဆီသို့ ငြိမ်း လှမ်းကြည့်လိုက်သည်။

"သူ မမြုပ်ပါဘူး သားရယ်၊ လှေကလေး ကမ်းကို ရောက်လာမှာပါ၊ သားကြည့်နေလေ. . ."



www.burmeseclassic.com

www.burmeseclassic.com



သားကို ရင်ခွင်တွင်းပိုက်ကာ ငြိမ်းဆိုသည်၊ စက်လှေကလေးသည် မိုးလေများထဲမှ ဆိပ်ကမ်းဆီ ရောက်လာသည်။ ငြိမ်းသည် စက်လှေကလေးဆီ လှမ်းကြည့်နေဆဲ စက်လှေကလေးကို မမြင်ပါလေ။ ငြိမ်းမြင်နေသည်။ ပင်လယ်လှိုင်းတံပိုးကြီးများကြားမှ ဘင်ါ လှေငယ်ကလေးနှင့် ဟန့်မိုရယ်။ ငြိမ်းချစ်သော ငြိမ်းခင်ပွန်း ဟန့်မို၊ သားလေးဟန်ငြိမ်း၏ဖခင် ဟန့်မို။

လှေငယ်လေးနှင့်အတူ ပင်လယ်လှိုင်းတံပိုးတို့ ဝါးမျိုခြင်း ခံလိုက်ရရှာသော ငြိမ်းချစ်သော ဟန့်မိုရယ်လေ။ ငြိမ်းမျက်ဝန်းထဲ၌ ဘယ်သောအခါမျှ ပျောက်ပြယ်သွားတော့ည် မဟုတ်သော မြင်ကွင်းရယ်ပါ။

"မေမေရေ. .ဟိုမှာ လှေကလေးဆိုက်လာပြီ. . ."

ဝမ်းသာအားရ သားလေးဆိုသည်။ ငြိမ်းသည် သားလေး ဝမ်းသာနေပုံလေးကို ကြည့်ပြီး သားလေးခေါင်းကို နမ်းရှိုက်လိုက်ရင်းက ခေါင်းညိတ်ပြလိုက်သည်။ ငြိမ်းသည် စီးကျနေသော မျက်ရည်တို့ကို သားလေးမမြင်မီခင် သုတ်နေဆဲ သားလေးသည် ငြိမ်းကို တစ်ခုခုဆိုရန်အတွက် ရုတ်တရက်မော့ကြည့်လာရင်းက ငြိမ်း မျက်ရည်ကျနေသည်ကို သားလေး မြင်တွေ့သွားလိုက်ပြီး. . .



"ဟင် မေမေ ဘာလို့ငိုနေတာလဲဟင်. . ."

"ဘာမှမဖြစ်ပါဘူးကွယ်. . ."

ငြိမ်းဆိုရင်း မျက်ရည်တွေ သုတ်ရသည်။ သားသည် ငြိမ်းကို ငေးကြည့်နေ၏။

"သားလေး. . ."

"ဗျာ. . ."

သားလေးအာရုံပြောင်းသွားစေရန် ငြိမ်းခေါ်သည်။

"သားလေးရဲ့ဖေဖေဟာလည်း အဲဒီလို လှေကလေးတစ်စင်းနဲ့ပဲ ခရီးအဝေးကြီးကို ထွက်သွားရှာတယ်. . ."

"ဟုတ်လား၊ ဘယ်တုန်းကသွားတာလဲ မေမေ. . ."

"ကြာပြီပေါ့ သားရယ်။ သားလေးမမွေးခင်ကတည်းက ပေါ့. . ."

"ဟင်. .ဒါဖြင့် ဖေဖေပြန်လာကာနီးပြီလား မေမေ၊ ဘယ်တော့ပြန်လာမလဲဟင်. . ."

သားလေးအာရုံပြောင်းစေသည့် စကားသည် ငြိမ်းအား ထိခိုက်စေရပါတော့၏။ ငြိမ်းသည် မျက်ရည်တို့ထပ်၍ ယိုစီးကျလာရပြန်ပါသည်။

၀

www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာမှာပေါ့ သားရယ်. . ."

မျက်ရည်တွေနှင့် ငြိမ်းဆိုသည်။

"ဒါဖြင့် မြန်မြန်လာကာတော့ နီးပြီပေါ့နော် မေမေ. . ."

မျက်ရည်တွေနှင့်ပင် ငြိမ်း ခေါင်းညိတ်ပြလိုက်၏။

"မေမေငိုနေတာ ဖေဖေ့ကို အောက်မေ့လို့ပေါ့နော်"

"ဟုတ်တယ် သား၊ ဟုတ်ပါတယ်ကွယ်. . ."

သားလေးကိုပင် ငြိမ်းသည် ဘန်ခံနေမိရပါသည်။

"သားလည်း ဖေဖေ့ကိုတွေ့ချင်တယ်၊ ဖေဖေမြန်မြန်ပြန်လာပါစေလို့ ဆုတောင်းနေခယ်နော် မေမေ. . ."

"အဟင့်. .ဟင့်. .ဟင့်. . ."

သားလေးကို ရင်ခွင်ထဲဖက်ထွေးကာ ငြိမ်းသည် ထိန်းချုပ်လွန်းစွာ ငိုကြွေးမိလိုက်ပါတော့သည်။

ငြိမ်းမျက်ရည်တို့နှင့်အပြိုင် အပြင်ဘက်တွင်လည်း မိုးနှင့်လေသည် သည်းထန်နေဆဲရှိပါသေး၏။

ငြိမ်းသည် ဆိပ်ကမ်းမှ မပြန်ချင်သေးပါ။ သားလေးကို ရင်ခွင်ပိုက်ပြီး လှိုင်းတံပိုးတွေ ကြီးနေသည့် မြစ်ပြင်ကို ငြိမ်း ငေးကြည့်နေချင်ပါသေးသည်။ မျက်ရည်တွေနှင့် ငြိမ်း ငေးကြည့်နေချင်ပါ



BURMESE CLASSIC .com



သေး၏။

ငြိမ်းဟာ ဟန်ဆောင်ချစ်ပြခဲ့တယ်တဲ့လားကွယ်၊ ငြိမ်းရဲ့ နှလုံးသားထဲက အချစ်တွေကို ဟန်မိုမြင်စေချင်ရဲ့၊ ငြိမ်းဟာ ဟန်မိုရဲ့ ငြိမ်းပါ။ သားလေးလည်း သက်သေရှိနေပါပြီ ဟန်မိုရယ်။

ဟန်မိုရဲ့ကိုယ်စား ငြိမ်းအနားမှာ သားလေးရှိနေပါတယ်၊ ဟန်မိုရေ. .လွမ်းတယ်ကွယ်၊

ငြိမ်းဟာ ထာဝရ ဟန်မိုရဲ့ငြိမ်းဖြစ်တယ် ဆိုတာ ဟန်မို ရောက်လေတဲ့ ဘဝတိုင်းမှာ ငြိမ်းရဲ့တိုင်တည်သံတွေကို ကြားနိုင်ပါစေ။

ဟန်မိုချစ်တဲ့ ငြိမ်း။

ငြိမ်းရဲ့အချစ်ဆုံးလူတစ်ယောက်။

မြစ်ပြင်ဆီငေးကာ ငြိမ်း ရင်ထဲမှ ဆိုနေလေသော စကားများရယ်ပါ။

မှန်သည်။ ငြိမ်းဘဝ၌ မိဘနှစ်ပါးမှလွဲလျှင် အချစ်ဆုံး လူတစ်ယောက် ရှိခဲ့သည်။ ထိုလူမှာ တောသားလေးဟန်မိုပင်ဖြစ်၏။

ငြိမ်းဘဝ ငြိမ်းနှလုံးသား၌ သူသာလျှင် အစဉ်ထာဝရ စိုးစံနေတော့မည်ပါ။

ထိုလူ့အပေါ်၌ မိမိ၏ချစ်တတ်သောစိတ်အား မိမိသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



အသိဆုံးမဟုတ်ပါတကား။

ငြိမ်းမျက်ရည်တို့သည် စီးဆင်းဆဲ၊ မိုးသည်ချုပ်ပါပြီ။

သားလေးကိုပိုက်ထွေးလျက် ငြိမ်းကား ဆိပ်ကမ်းမှ မပြန်ချင်သေး။

ငြိမ်းသည် မြစ်ရေတို့ဆီသာ ငေးမောဆဲ၊ မြင်းပြင်ဆီ၌သာ ငေးမောဆဲပါတည်း။ ။

ပြီးပါပြီ။

စောပြည့်ချမ်းသာ

သိင်္ဂါရ,ရသအဝေါင်းနှင့် ပြည့်စုံကြပါစေ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တေဖြည်ချမ်းသာ

အချစ်ဆုံးလူတစ်ယောက်



www.burmeseclassic.com